ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင် ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်းမပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၇၈ ခုနှစ် တန်ခူးလပြည့် အင်္ဂါနေ့။ Tuesday, 11 April 2017 (၈၈၉၃)

# မြန်မာ-တရုတ် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး နှစ်နိုင်ငံသမ္မတများ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး



**နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။**

**ပေကျင်း ဧပြီ ၁၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် ဇနီး မစ္စ ဖန်းလီယွမ်တို့က ယနေ့ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမအရှေ့ဘက်ရင်ပြင်၌ ဂုဏ်ပြုအခမ်းအနားဖြင့် ကြိုဆိုသည်။

နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဂုဏ်ပြုကြိုဆိုသည့်နေရာသို့ ရောက်ရှိကြရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့က ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် မြန်မာ-တရုတ် နှစ်နိုင်ငံသမ္မတများသည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံ ဆွေးနွေးပွဲကို ပြည်သူ့ခန်းမဆောင်ကြီးရှိ Hei Bei Hall ၌ကျင်းပရာ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာသန်းမြင့်၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ကျောက်ဖြူ

**စာမျက်နှာ ၈ ကော်လံ ၁ သို့**

# အိမ်နီးချင်းကောင်းပီသသော ဆက်ဆံရေးမူဝါဒကို ဆက်လက်ထိန်းသိမ်းသွားမည်
# ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား ပူးတွဲကြေညာချက်

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ၂၀၁၇ ခုနှစ် ဧပြီလ ၆ ရက်မှ ၁၁ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပါသည်။ ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့် နှစ်နိုင်ငံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာ လီခချန်း၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာ ကျန်းတဲ့ကျန်းတို့နှင့်လည်း သီးခြားစီတွေ့ဆုံခဲ့ပါသည်။ အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်ခိုင်မာစေရေးနှင့် နှစ်နိုင်ငံအကြား ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးတိုးတက်စေရေးအတွက် နှစ်ဦးနှစ်ဖက် အလေးအနက် အမြင်ချင်းဖလှယ်ခဲ့ကြပြီး တူညီဆန္ဒများ ကျယ်ကျယ်ပြန့်ပြန့်ရရှိခဲ့ပါသည်။

၂။ မြန်မာ-တရုတ် နှစ်နိုင်ငံအကြား အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအပေါ် အမြင်ချင်းဖလှယ်သုံးသပ်ခဲ့ကြပြီး "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရင်းနှီးမှုအပေါ် အလေးထားပြောကြားခဲ့ကြပါသည်။ နှစ်နိုင်ငံအကြား လွန်ခဲ့သည့် နှစ်ပေါင်း (၆၇)နှစ်ကျော်ကာလက သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့စဉ်ကတည်းကပင် နှစ်နိုင်ငံအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်ကို အစဉ်တစိုက် လိုက်နာကျင့်သုံးခဲ့ကြပြီး နှစ်ဖက်ပြည်သူများ၏ လက်တွေ့ကျသော အကျိုးစီးပွားအား ဖော်ဆောင်ပေးသည့်

**စာမျက်နှာ ၈ ကော်လံ ၁ သို့**



ကြေးမုံ

## နှစ်သစ်ကူးထူးမြတ်သည့် တန်ခူးလပြည့်

ယနေ့နှောင်းတန်ခူးလပြည့်နေ့သည် မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်အတွက် နောက်ဆုံးလပြည့်နေ့ဖြစ်သည်။ တန်ခူးလပြည့်နေ့ကို လွန်မြောက်ပြီးနောက် နှောင်းတန်ခူးလပြည့်ကျော် ၃ ရက် (ခရစ်နှစ် ၂၀၁၇ ခုနှစ် ဧပြီလ ၁၄ ရက်-သောကြာနေ့) မြန်မာစံတော်ချိန် နံနက်စက် ၄ နာရီ၊ ၅၆ မိနစ်၊ ၂၉ စက္ကန့်ရောက်သည်နှင့် မဟာသင်္ကြန်ကျပေပြီ။ ထိုမှနောက်သုံးရက်မြောက်နေ့တွင် နှစ်သစ်ကူးပြောင်းရောက်ရှိပြီးနောက် ၁၃၇၉ ခုနှစ် မြန်မာနှစ်သစ်တစ်နှစ်သို့ရောက်ရှိပြီဖြစ်သည်။

မြန်မာတို့အနေဖြင့် နှစ်သစ်ကူးပြောင်းခြင်းမှာ ထိုနေ့ထိုရက်ပင်ဖြစ်သည်။ ထိုကဲ့သို့သော ရက်ကောင်းရက်မြတ်များတွင် ရှေးရှေးသောအခါသမယ၌ ရေပက်ကစားခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်း၊ ခေါင်းဆေးမင်္ဂလာပြုခြင်း စသည်တို့ကို ပြုလုပ်ခြင်းဖြင့် နှစ်သစ်တွင် အဆိုးများပျောက်၍ အကောင်းများရောက်စေရန်ရည်သန်ပြီး မကောင်းမှုဟူသမျှကို ဆေးကြောသန့်စင်ခြင်းပင်ဖြစ်သည်။

နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းခြင်းသည် လူမျိုးတိုင်း လူမျိုးတိုင်း၏ မင်္ဂလာဓလေ့ထုံးတမ်းစဉ်လာပင်ဖြစ်သည်။ နှစ်သစ်ကူးပြောင်းချိန်တွင် မင်္ဂလာအမှုများကို ဆောင်ရွက်ရင်း မကောင်းမှုတို့ကို သင်္ကြန်ရေဖြင့် ဆေးကြောသန့်စင်ကာ နှစ်သစ်တွင် မင်္ဂလာအပေါင်းနှင့်ပြည့်စုံစေရန် ဆောင်ရွက်ခဲ့ကြသည်။ ထိုအချိန်အခါသမယတွင် အလှူဒါနပွဲများ ဆင်နွှဲခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ဗုဒ္ဓရုပ်ပွားတော်များအား ရေသပ္ပာယ်ခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း၊ တရားနာကြားခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းခြင်း၊ ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်းများအား သန့်ရှင်းရေးပြုလုပ်ခြင်း၊ သက်ကြီးရွယ်အိုများအား ခေါင်းလျှော်ပေးခြင်း၊ အမွှေးနံ့သာရည်များဖြင့် ရေချိုးသန့်စင်ပေးခြင်း၊ မိဘဆရာသမားများအား ပူဇော်ကန်တော့ခြင်း၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ တိရစ္ဆာန်များအားဘေးမဲ့လွှတ်ခြင်း စသည့် ကောင်းမှုကုသိုလ်များပြုကြသည်။

သို့သော် ရာသီစက်ဝန်းပြောင်းလဲခြင်းနှင့် ခေတ်ကာလရွေ့လျောလာသည့်အလျောက် မြန်မာတို့၏နှစ်သစ်ကူးပြောင်းခြင်းဓလေ့မှာ ထွေးရောယှက်တင်လာသည်ကိုတွေ့ရသည်။ ရာသီကာလအားဖြင့် မြန်မာ-အင်္ဂလိပ် ဘာသာလူမျိုးမခွဲခြားဘဲ နှစ်သစ်ကူးပြောင်းကြသည်ကို တွေ့ရသည်။ ပျော်ရွှင်စရာနှစ်သစ်ကို အချိန်ရာသီ၊ လူမျိုးမခွဲခြားဘဲ ဆင်နွှဲကြသည်မှာ ကောင်းမွန်ပါသည်။ သို့သော် မိမိတို့၏ နှစ်သစ်ကူးပြောင်းခြင်းကာလ အစစ်အမှန်ကိုမူ ပိုမိုအလေးထားသင့်သည်။

မြန်မာတို့၏ နှစ်သစ်ကူးသင်္ကြန်အခါကာလတွင် မြန်မာတို့၏ ယဉ်ကျေးမှုဓလေ့စရိုက်ကောင်းများကို မမေ့မပျောက်စေဘဲ အစဉ်အလာမပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ဆင်နွှဲသင့်သည်။ အရိုးကို အရွက်မဖုံးစေဘဲ မြန်မာ့ဓလေ့စရိုက်များ မပျောက်ပျက်အောင် ခေတ်ကာလနှင့် လျော်ညီစွာဆင်နွှဲသင့်သည်။ အပျော်လွန်၊ အကုသိုလ်ဒုစရိုက်မှုများမဖြစ်အောင် သတိပြုသင့်သည်။

ထိုသို့မဖြစ်အောင်လည်း ဝိုင်းဝန်းကူညီစောင်မသင့်သည်။ မိမိတို့အရပ်ဒေသ၊ မိမိတို့၏အဖွဲ့အစည်းများတွင် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်စေသော အတာသင်္ကြန်ပွဲ၊ နှစ်သစ်ကူးအစဉ်အလာပွဲများကို ပိုမိုစည်ကားစွာဖြင့် သိုက်သိုက်မြိုက်မြိုက်ကျင်းပနိုင်ရန် ကြီးသူ၊ ရွယ်သူတို့က ကမကထဦးဆောင်ဦးရွက်ပြုကာ မြန်မာ့ယဉ်ကျေးမှု မပျောက်ပျက်အောင်၊ မြန်မာ့ယဉ်ကျေးမှုဖုံးလွှမ်းအောင် ကြိုးပမ်းအားထုတ်သင့်သည်။

နှစ်သစ်အချိန်အခါကာလတွင် တစ်ဦးနှင့်တစ်ဦး ကြည်နူးပျော်ရွှင်စွာဖြင့် ရေပက်ကစားကြခြင်းသည် အေးမြခြင်း၊ ကြည်လင်ခြင်း၊ အညစ်အကြေးကင်းစင်ခြင်း၊ ရေသည် အကြားမထင်ဆက်စပ်နေခြင်းဟူသည့် နိမိတ်ကောင်းများကို ဖော်ဆောင်ခြင်းပင်ဖြစ်သည်။ အများပြည်သူတို့၏ စိတ်ဓာတ်များ နှစ်သစ်တွင်ပက်ဖျန်းသည့်ရေစင်ကဲ့သို့ နှစ်သစ်တွင် စိတ်သစ်ကိုယ်သစ်ဖြင့် ကြည်လင်အေးမြစေလိုသောသဘောဖြစ်သည်။ ရေကိုသား၍ အကြားမထင်သကဲ့သို့ ပြည်သူများအချင်းချင်း ချစ်ချစ်ခင်ခင်ဖြင့် စည်းလုံးညီညွတ်မှုမပျက်အောင် ရွက်ဆောင်ခြင်းသဘောဖြစ်သည်။

ထို့ကြောင့် နှစ်သစ်တွင် စိတ်သစ်လူသစ်ဖြင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာများနှင့်အညီ မြန်မာတို့၏ ပျော်ရွှင်ဖွယ်ချမ်းမြေ့ဖွယ်ရာ ဂုဏ်ဒြပ်များကို ဝိုင်းဝန်းဖော်ဆောင်ကြဖို့ တိုက်တွန်းချင်ပါသည်။ ။

## ကမ္ဘာ့အော်တစ်ဇင်အထိမ်းအမှတ်အဖြစ် အော်တစ်ဇင်ကလေးများ စုပေါင်းလမ်းလျှောက်



**မော်လမြိုင် ဧပြီ ၁၀**

ဧပြီ ၂ ရက်သည် ကမ္ဘာ့အော်တစ်ဇင်နေ့ဟု ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ခဲ့ပြီး ဧပြီလကို အော်တစ်ဇင်လဟု အသိအမှတ်ပြုထားကာ မွန်ပြည်နယ် မော်လမြိုင်မြို့တွင်လည်း ပထမဆုံးအကြိမ်အဖြစ် ဧပြီ ၉ ရက်က အော်တစ်ဇင်ကလေးငယ်များ စုပေါင်းလမ်းလျှောက်ခဲ့ကြသည်ဟု သိရသည်။

ကမ္ဘာပေါ်ရှိ ကလေးအယောက်တစ်ရာမွေးဖွားမှုတိုင်းတွင် အော်တစ်ဇင်တစ်ဦးဖြစ်ပွားလျက်ရှိရာ ကမ္ဘာပေါ်တွင် အော်တစ်ဇင်ဖြစ်ပွားသူပေါင်း ခြောက်ဆယ့်ခုနစ်သန်းနီးပါး ရှိပြီး အော်တစ်ဇင်ဖြစ်ပွားမှုနှုန်း တဖြည်းဖြည်းများလာနေသဖြင့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကြီးက ၂၀၀၈ ခုနှစ်မှစကာ ဧပြီ ၂ ရက်နေ့ကို ကမ္ဘာ့အော်တစ်ဇင်နေ့အဖြစ် သတ်မှတ်ကာ အထိမ်းအမှတ်နေ့ ကျင်းပလာသည်မှာ ဆယ်စုနှစ်တစ်ခုရှိပြီဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း မြန်မာနိုင်ငံအော်တစ်ဇင်အသင်းကြီး၏ ဦးဆောင်ကြိုးပမ်းမှုဖြင့် ကမ္ဘာ့အော်တစ်ဇင်နေ့ကို ရန်ကုန်မြို့၌ ကျင်းပလာသည်မှာ ခုနစ်နှစ်ရှိပြီဖြစ်ပြီး မော်လမြိုင်မြို့တွင် ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာ့အော်တစ်ဇင်အထိမ်းအမှတ်အခမ်းအနားကို ကမ်းနားလမ်း မြို့မတံတားအနီး၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

"အော်တစ်ဇင်ဆိုတာ သာမန်လူနဲ့မတူတဲ့ လက္ခဏာသွင်ပြင်ရှိတာသာဖြစ်ပါတယ်။ အဲဒီသွင်ပြင်ကို ဖျောက်ပေးရမှာဖြစ်ပါတယ်။ အော်တစ်ဇင်သားသမီးတွေအတွက် မိဘတွေအနေနဲ့ ရှက်စရာမဟုတ်ပါဘူး။ သူတို့မှာလည်း ကိုယ်ပိုင်စွမ်းရည်ရှိတယ်ဆိုတာယုံကြည်ပြီး သေချာလေ့ကျင့်ပေးရင် နိုင်ငံတော်အတွက် အုတ်တစ်ချပ် သဲတစ်ပွင့်ဖြစ်လာနိုင်တာကြောင့် လူမှုဝန်းကျင်မှာ အော်တစ်ဇင်ကလေးတွေကို မေ့မထားကြဖို့ ဒီလိုအထိမ်းအမှတ်နေ့ကို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု အော်တစ်ဇင်အသင်း ရန်ကုန်ရုံးချုပ်မှ အတွင်းရေးမှူး ဦးနေထွန်းက ပြောသည်။

အော်တစ်ဇင်ဆိုသည်မှာ လူတစ်ဦးစွမ်းဆောင်ရည် တချို့နှင့်ဆိုင်သော ဖွံ့ဖြိုးမှုများမညီမျှခြင်း၊ မသန်စွမ်းခြင်းကြောင့် လူအချင်းချင်းပေါင်းသင်းဆက်ဆံရေး၊ ပြောဆိုဆက်သွယ်ရေးနှင့် တွေးခေါ်မြော်မြင် ဖန်တီးနိုင်သော စွမ်းရည်များ ချို့ယွင်း၊ အားနည်းခြင်းတို့ဖြင့် ဘဝတစ်လျှောက်လုံး သူတစ်ပါးအပေါ် အနည်းနှင့်အများ မှီခိုကာ အသက်ရှင်နေရသော အခြေအနေဟု သိရသည်။

အော်တစ်ဇင်သည် တစ်ကိုယ်ရေသန့်ရှင်းရေးမှအစ အခြားသူတစ်ဦးအပေါ် လုံးဝမှီခိုရခြင်းကို အပြင်းစားအော်တစ်ဇင်၊ အခြားသူတစ်ဦးအပေါ် တစ်စိတ်တစ်ပိုင်းအနေဖြင့် မှီခိုရခြင်းကို အလတ်စားအော်တစ်ဇင်နှင့် ကိစ္စအနည်းငယ်သာ မှီခိုဖို့လိုအပ်သည်ကို အပျော့စားအော်တစ်ဇင်ဟု သုံးမျိုးရှိပြီး အော်တစ်ဇင်မိဘများသည် စိတ်ဓာတ်ကျနေမည့်အစား မိမိကလေးအား စောစီးစွာ စနစ်တကျလေ့ကျင့်သင်ကြားပေးပါက အပြင်းစားမှ အလတ်စားအဆင့်၊ အလတ်စားမှ အပျော့စားအဆင့်၊ အပျော့စားအဆင့်မှ လုံးဝမရှိတော့သည်အထိ လေ့ကျင့်မှုဖြင့်ကုသနိုင်သည်ဟု သိရသည်။

အော်တစ်ဇင်နှင့် ပတ်သက်၍ လွဲမှားစွာသိကြပြီး ကောင်းစွာသိမြင်နားလည်မှုမရှိပါက အော်တစ်ဇင်ကလေးသူငယ်များ၊ ကလေးမိဘများကို လူမှုအသိုက်အဝန်းမှခွဲခြားထားသည့်အခြေအနေများ ကြုံရနိုင်သဖြင့် နည်းမှန်လမ်းမှန်ဖြင့်အချိန်မီလေ့ကျင့်ပေးကာ ၂၀၁၇ ခုနှစ်၏ ဆောင်ပုဒ်ဖြစ်သည့် "လွတ်လပ်စွာဆောင်ရွက်နိုင်ခြင်းနှင့် ကိုယ်ပိုင်ဆုံးဖြတ်ခြင်းဆီသို့" ဆိုသည့် ရည်မှန်းချက် ထိရောက်အောင် အော်တစ်ဇင်များကို ကူညီပေးကြပါဟု လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အဆိုပါအခမ်းအနားတွင် သဝဏ်လွှာပေးပို့တိုက်တွန်းခဲ့သည်။ **(မြတ်မွန်ထွေး)**

## အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီဖွင့်

**ရွှေကျင် ဧပြီ ၁၀။** ရွှေကျင်မြို့နယ် မကျည်းတန်းရပ်ကွက် ညဈေးလမ်း အိမ်အမှတ်(၂)ရှိ ကိုအောင်မိုး-မဇင်မာအောင်နေအိမ်တွင် ရှိုင်ရယ်ထရပ်(စ်)အသေးစားငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီကို ယနေ့ နံနက် ၆ နာရီက ဖွင့်လှစ်ရာ ဝင်ငွေနည်းပါးသော ပြည်သူလူထုအား ၎င်းတို့၏ လူနေမှုဘဝအခြေအနေများ တိုးတက်မြင့်မားလာစေရေးဆောင်ရွက်ရာတွင် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော အသေးစားစီးပွားရေးလုပ်ငန်းတွင် အခွင့်အလမ်းများရရှိနိုင်စေရန်အတွက် အသေးစားချေးငွေများ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း မန်နေဂျင်းဒါရိုက်တာ ကိုအောင်မိုးက ပြောကြားသည်။ **မြို့နယ်(ပြန်/ဆက်)**

## အမှားပြင်ဆင်ချက်

ဧပြီ ၁၀ ရက်ထုတ်ကြေးမုံသတင်းစာ စာမျက်နှာ(၂)တွင် ဖော်ပြပါရှိသော ဆရာဇော်ဂျီ နှစ်(၁၁၀)ပြည့် မွေးနေ့အခမ်းအနားကျင်းပ သတင်းတွင် 'ခေတ်ဆန်း' စာပေအစား 'ခေတ်စမ်း' စာပေဟု ပြင်ဆင်သိမှတ်ပေးပါရန် စာဖတ်ပရိသတ်အား တောင်းပန်အပ်ပါသည်။ **(စာတည်း)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဧပြီ ၁၀**

ရန်ကုန်(ရွှေဈေး) ၉၀၃၀၀၀ - ၉၀၃၀၀၀ မန္တလေး(ရွှေဈေး) ၉၀၃၀၀၀ - ၉၀၃၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၉၅/၇၀၅ ကျပ်၊ | ၇၂၀/၇၃၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၆၀ ကျပ်၊ | ၈၄၅/၈၇၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၅၅/၇၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၅/၇၃၀ ကျပ်၊ | ၇၃၅/၇၄၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၅၉ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၅၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၃၈. ၅ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၇. ၀၉ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၉. ၂၈၄ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၆. ၄၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၁၆၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၂၀. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၉. ၀၇ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၀. ၆ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၆၆. ၅၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**


ကြေးမုံ
နေ့စဉ်သတင်းစာ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှံသင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**အထူးသတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူနှင့်အတူ

## ပိုမိုမြင့်မားတဲ့ အဆင့်တစ်ခုဆီသို့

အခုဆိုရင် ဒီနှစ်သစ်နဲ့ နောင်လာမယ့်နှစ်များဟာ ကျွန်တော်တို့နိုင်ငံနဲ့ပြည်သူများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးမှာ ပိုမိုမြင့်မားတဲ့အဆင့်တစ်ခုဆီသို့ တက်လှမ်းနိုင်စေဖို့ အခွင့်အလမ်းများစွာ သယ်ဆောင်လာမှာ အားလုံးက ယုံကြည်စွာဖြင့် မျှော်လင့်စောင့်စားလျက်ရှိကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါပေမဲ့ ဒီအခွင့်အလမ်းတွေကို အထိရောက်ဆုံးအသုံးချနိုင်ဖို့နဲ့ တိုင်းပြည်အတွက် အကောင်းဆုံးအကျိုးရလဒ်တွေ ပေါ်ထွက်လာစေဖို့ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ မပြတ်သောသတိ၊ မလျော့သောလုံ့လဝီရိယနဲ့ ကြိုးပမ်းဆောင်ရွက်သွားကြရဦးမှာ ဖြစ်ပါတယ်။

**(၁၇-၄-၂၀၁၆ ရက်နေ့တွင်ပေးပို့သည့် နိုင်ငံတော်သမ္မတ၏ နှစ်သစ်ကူးသဝဏ်လွှာမှ)**

## အလုပ်အကိုင်ဖန်တီးရေးနဲ့ လမ်းပန်းဆက်သွယ်ရေး

အခုကနေစပြီးတော့ အလုပ်အကိုင်ဖန်တီးရေးနဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့တန်းတူ လျှပ်စစ်မီးရရှိရေးကို ကျွန်မတို့ အဓိကထားပြီးတော့ လုပ်သွားမှာဖြစ်ပါတယ်။ ဒီလိုလုပ်တဲ့နေရာမှာ ကျွန်မတို့ဟာ နိုင်ငံကိုတည်ဆောက်တဲ့နေရာမှာ ပြည်သူကိုအကျိုးပြုမယ့် စီမံကိန်းတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ နိုင်ငံ့ဘဏ္ဍာတော်ငွေကို မှန်မှန်ကန်ကန် တိတိကျကျသုံးစွဲဖို့ လိုပါတယ်။ ဒါနဲ့လည်း ပတ်သက်လို့ ကျွန်မတို့ အင်မတန်မှ ဂုဏ်ယူနိုင်ပါတယ်။

**(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)**

## ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ ထာဝရဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်း

**ရန်ကုန် မေ ၁၀**

ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၂၁) ကမ္ဘာအေးဘုရားလမ်းရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၌ ဘိုးဘွားများအား အမွေးနံ့သာများ ဆွတ်ဖျန်းခြင်း၊ ခေါင်းလျှော်ပေးခြင်းနှင့် လက်သည်း၊ ခြေသည်းညှပ်ပေးခြင်းတို့ဖြင့် ကုသိုလ်ယူကြသည်။

**ကိုယ်တိုင်ကိုယ်ကျ လှူဒါန်း**

ထို့နောက် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးအတွက် ထာဝရဆွမ်းပဒေသာပင် ငွေကျပ် ၁၀ သိန်း စိုက်ထူကာ ဘိုးဘွားများအား လိမ်းဆေးများ ကိုယ်တိုင်ကိုယ်ကျ လှူဒါန်းခဲ့သည်။

**(သတင်းစဉ်)**




**ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသို့ ထာဝရဆွမ်းပဒေသာပင် ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ရိပ်သာကြီး၏အမှုဆောင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)လက်ခံစဉ်။**
(ဓာတ်ပုံ-နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး)

## မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

**နေပြည်တော် မေ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ အဲဒွါဒို ကပူနန် ဂျူနီယာအား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

၎င်းသည် ဖိလစ်ပိုင်စစ်တက္ကသိုလ်မှ သိပ္ပံဘွဲ့ကိုလည်းကောင်း၊ အာရှစီမံခန့်ခွဲမှုတက္ကသိုလ်မှ စီမံခန့်ခွဲမှု(မဟာဘွဲ့)ကိုလည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၁၉၇၁ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ ဖိလစ်ပိုင်တပ်မတော်(လေ)တွင် အကြီးတန်းလေယာဉ်မောင်းအဖြစ်လည်းကောင်း၊ ၁၉၇၇ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ အမျိုးသားကာကွယ်ရေးဆိုင်ရာ ထောက်လှမ်းရေးရုံး၌လည်းကောင်း၊ ၁၉၈၆ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ ဖိလစ်ပိုင်တပ်မတော်၏ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် အထူးလုံခြုံရေးတပ်ဖွဲ့အုပ်စု ခေါင်းဆောင်အဖြစ် လည်းကောင်း၊ ၁၉၈၇ ခုနှစ်တွင် ဖိလစ်ပိုင်စစ်တက္ကသိုလ်၏ စစ်ဆင်ရေးဆိုင်ရာ လက်ထောက်စစ်ဦးစီးမှူးအဖြစ် လည်းကောင်း၊ ၁၉၉၂ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ အမျိုးသားပေါင်းစည်းရေးကော်မရှင်၏ အကြံပေးအဖြစ်လည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ တရားရေးဝန်ကြီးဌာန၊ မျက်မြင်သက်သေ ကာကွယ်စောင့်ရှောက်ရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ အရာရှိချုပ်အဖြစ် လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှ ၁၉၉၈ ခုနှစ်အထိ ဆန်မီဂဲလ် စားသောက်ကုန်လုပ်ငန်း၊ အုပ်ချုပ်မှုဘုတ်အဖွဲ့၏ ညွှန်ကြားရေးမှူးနှင့် ပြည်ပရောက်အလုပ်သမားများဖူလုံရေးအဖွဲ့၏ အကြံပေးအဖြစ် လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ်အထိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ သမ္မတရုံးအကြံပေးအဖြစ် လည်းကောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ နိုင်ငံခြားရေးဝန်ကြီး၏ ထောက်လှမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ အထူးလက်ထောက်အဖြစ်လည်းကောင်း၊ ၂၀၀၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ လက်ထောက်ဝန်ကြီးအဖြစ် လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဖိလစ်ပိုင်လေကြောင်းအာဏာပိုင်အဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ **(သတင်းစဉ်)**

## ပြန်ကြားရေးဝန်ကြီးဌာနမှ ဒစ်ဂျစ်တယ်သတင်းစာထုတ်လွှင့်ရန် သင်တန်းပို့ချ

**ရန်ကုန် မေ ၁၀**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ထုတ်လွှင့်မည့် ဒစ်ဂျစ်တယ် သတင်းစာအတွက် အကြိုသင်တန်းကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းရုံးတွင် မေ ၉ ရက်မှ စတင်၍ နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ နိုင်ငံပိုင်သတင်းစာများတွင် သတင်းရေးသားနေကြသည့် ပဲခူး၊ ဧရာဝတီနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ သတင်းထောက် ၂၁ ဦး တက်ရောက်ခဲ့ကြပြီး အွန်လိုင်းသတင်းရေးသားခြင်း၊ Applications များ အသုံးပြု၍ သတင်းပေးပို့ခြင်း၊ အွန်လိုင်းသတင်းရေးသားရာတွင် လိုက်နာရမည့် ကျင့်ဝတ်များနှင့် ပတ်သက်၍ ကြေးမုံသတင်းစာတိုက် စာတည်းမှူးချုပ် ဦးခင်မောင်ကျော်ဒင်နှင့် သင်တန်းနည်းပြများက ဆွေးနွေးခဲ့ကြသည်။



သင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်စိုးက သင်တန်းသားများအား တွေ့ဆုံမှာကြားပြီးလိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိ ထုတ်ဝေလျက်ရှိသည့် သတင်းစာများအပြင် နိုင်ငံတစ်ဝန်းရှိ သတင်းများကို အချိန်နှင့်တစ်ပြေးညီ ပြည်သူများ သိရှိနိုင်ရန်အတွက် ဒစ်ဂျစ်တယ်သတင်းစာကို မေလဆန်းမှစတင်၍ ထုတ်လွှင့်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဇော်ကြီး**

## မှူခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး

**ကျိုက္ခမီ မေ ၁၀**

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ စီစဉ်ကြီးကြပ်မှုဖြင့် သံဖြူဇရပ်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့်သိန်း၊ မွန်ပြည်နယ်ရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကိုကိုလတ်၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်တင်မောင်ဆွေ၊ အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (မော်လမြိုင်)မှ ဒုတိယရဲအုပ်ဌေးလွင်၊ ကျိုက္ခမီနယ်မြေရဲစခန်းမှူး ရဲအုပ် နေယုဆန်းတို့ ဦးဆောင်သောအဖွဲ့သည် မေ ၄ ရက်မှ ၇ ရက်အထိ မူးယစ်အသိပညာပေး ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ကို သံဖြူဇရပ်မြို့နယ် စက်စဲကျေးရွာ ဓမင်းဆိပ်ပိုင်းတွင် ရပ်တန့်ပြသခဲ့ရာ ဒေသခံပြည်သူ ၁၅၀ ခန့်က လာရောက်ကြည့်ရှုလေ့လာကြသည်။ မော်တော်ယာဉ်ပေါ်တွင် ပြည်သူ့အတွက် ၂၄ နာရီ ဗီဒီယိုဇာတ်ကားနှင့် မူးယစ်ဆေးဝါးအသိပညာပေး ဇာတ်ကားများကို ပရိုဂျက်တာဖြင့် ပြသပြီး မူးယစ်ဆေးဝါးအသိပညာပေးစာပေများ ဖတ်ရှုလေ့လာနိုင်ရန် ခင်းကျင်းပြသခဲ့သည်။ လာရောက်လေ့လာသူများအား တာဝန်ရှိသူများက မူးယစ်ဆေးဝါး၊ မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းများနှင့် သက်ငယ်မုဒိမ်းမှုပပျောက်ရေး အသိပညာပေးဟောပြော၍ မူးယစ်ဆေးဝါး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၁၀၇)**

# ဟန်ဂေရီ၌ တက္ကသိုလ်ဖွင့်လှစ်ခြင်းဆိုင်ရာ ဥပဒေသစ် ပြည်သူများအင်တိုက်အားတိုက် ကန့်ကွက်ဆန္ဒပြ

**ဘူဒါပက် မေ ၁၀**

ဟန်ဂေရီနိုင်ငံ၌ ဖွင့်လှစ်ထားသော နိုင်ငံတကာတက္ကသိုလ်များအနက် ထိပ်တန်းတက္ကသိုလ်တစ်ခု ပိတ်သိမ်းရေးကို ဦးတည်သည့် ဥပဒေသစ်တစ်ရပ်ကို ပြည်သူများက အင်တိုက်အားတိုက် ကန့်ကွက်ဆန္ဒပြခဲ့ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

ဟန်ဂေရီနိုင်ငံ၌ လက်ယာယိမ်းဝန်ကြီးချုပ် ဗစ်တာအော်ဘန်၏ ခုနစ်နှစ်ကြာ အုပ်စိုးမှုကာလအတွင်း ပေါ်ပေါက်ခဲ့သော အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများအနက် အကြီးကျယ်ဆုံး ဆန္ဒပြပွဲတစ်ရပ်ဖြစ်သည်။

အမေရိကန်ဘဏ္ဍာရေးလုပ်ငန်းရှင်ကြီး ဂျော့ဂျ်ဆိုးရော့စ်ထူထောင်ထားသော ဥရောပအလယ်ပိုင်းတက္ကသိုလ် ပိတ်သိမ်းရမှုကို ဖြစ်စေဖွယ်ရှိသော ဥပဒေတစ်ရပ်ကို ပြည်သူများက ကန့်ကွက်ဆန္ဒပြကြခြင်းဖြစ်သည်။

တက္ကသိုလ်ဖွင့်လှစ်ရာတွင် လိုက်နာရမည့် တင်းကျပ်သော စည်းမျဉ်းများအား ဖော်ပြထားသည့် ဥပဒေသစ်တစ်ရပ်ကို ဝန်ကြီးချုပ်အော်ဘန်၏ ဖီးဒက်ဇ်ပါတီက ရေးဆွဲခဲ့ပြီး ပါလီမန်က အတည်ပြုခဲ့ပြီးနောက် ကန့်ကွက်ဆန္ဒပြမှုများ ပြုလုပ်ကြခြင်းဖြစ်သည်။

အဆိုပါဥပဒေသစ်ကို ကမ္ဘာတစ်ဝန်းရှိ တက္ကသိုလ်များအသိုက်အဝန်း၊ အမေရိကန်အစိုးရအဖွဲ့နှင့် ဥရောပသမဂ္ဂတို့က ဝေဖန်ရှုတ်ချခဲ့ကြသည်။

ဆန္ဒပြပွဲတွင် လူပေါင်း ၇၀၀၀၀ ခန့်ပါဝင်အင်အားပြခဲ့ကြသည်ဟု ဆန္ဒပြပွဲစီစဉ်သူများက ပြောကြားကြသည်။

ဆန္ဒပြပွဲတွင် ပါဝင်သူအများစုမှာ ကျောင်းသားကျောင်းသူများ ဖြစ်ကြသည်။

**ရိုက်တာ။**




# ဓာတုလက်နက်များအသုံးပြုမှုရပ်တန့်ရေး အမေရိကန်နှင့် ဂျပန် ပူးပေါင်းလုပ်ဆောင်မည်

**ရောမ မေ ၁၀**

ဂျပန်နိုင်ငံခြားရေးဝန်ကြီး ဖူမီယိုခီရှီဒါနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တီလာဆန်တို့သည် ဆီးရီးယားနှင့် မြောက်ကိုရီးယားနိုင်ငံတို့၏ အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။ ၎င်းတို့နှစ်ဦးသည် တနင်္လာနေ့က အီတလီနိုင်ငံတွင်ကျင်းပသည့် ဂျီ-၇ နိုင်ငံခြားရေးဝန်ကြီးများ တွေ့ဆုံဆွေးနွေးပွဲတွင် သီးခြားစီတွေ့ဆုံ ဆွေးနွေးခဲ့ကြသည်။

ဆီးရီးယားနိုင်ငံအကြောင်း ဆွေးနွေးစဉ် ဓာတုလက်နက်များ အသုံးပြုမှုနှင့် ပြန့်ပွားမှုများကို ရပ်တန့်ရေးအတွက် အမေရိကန်နိုင်ငံ၏ လုပ်ဆောင်မှုကို ဂျပန်နိုင်ငံက ထောက်ခံကြောင်း ခီရှီဒါက ပြောကြားသည်။

ဆီးရီးယားတွင် စစ်ရေးလှုပ်ရှားမှုမှာ ဓာတုလက်နက်များ အသုံးပြုမှုကို ရပ်တန့်ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း၊ ဓာတုလက်နက်များကြောင့် အပြစ်မဲ့အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးငယ်များ ထိခိုက်သေဆုံးခဲ့ရကြောင်းနှင့် အမေရိကန်နိုင်ငံ၏ လုပ်ဆောင်မှုကို ဂျပန်နိုင်ငံက ထောက်ခံသည့်အတွက် ကျေးဇူးတင်ကြောင်း တီလာဆန်က ပြောကြားသည်။

၎င်းတို့နှစ်ဦးက ဓာတုလက်နက်များမပြန့်ပွားရေးအတွက် အတူတကွပူးပေါင်း လုပ်ဆောင်ရန် ထပ်လောင်းအတည်ပြုခဲ့ကြသည်။ ထို့ပြင် ဆီးရီးယားတွင် အပစ်အခတ်ရပ်စဲရေး အကောင်အထည်ဖော်ရန် အရေးပါမှုနှင့် ထိုမှတစ်ဆင့် နိုင်ငံရေးဖြစ်စဉ်များ ဆက်လက်ဖြစ်ပေါ်စေရန်လည်း သဘောတူညီခဲ့ကြသည်။

၎င်းတို့နှစ်ဦးသည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားနှင့် ဒုံးကျည်အစီအစဉ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။ မြောက်ကိုရီးယားအရေးနှင့် ပတ်သက်ပြီး လွန်ခဲ့သည့် သီတင်းပတ်တွင် အမေရိကန်သမ္မတဒေါ်နယ်လ်ထရမ့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့ တွေ့ဆုံစဉ် ဆွေးနွေးချက်များကိုလည်း တီလာဆန်က ခီရှီဒါကို အတိုချုပ်ပြောပြသည်။

မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏အရေးပါမှုကို နှစ်ဦးစလုံးက အပြန်အလှန်အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး တရုတ်နိုင်ငံပိုမိုပါဝင်ဆောင်ရွက်လာစေရေး တိုက်တွန်းကြရန်လည်း သဘောတူညီခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ။**



## ဗဟိုအာရှမှ လူ ၅၀၀၀ ခန့် အကြမ်းဖက်အဖွဲ့များသို့ သွားရောက်ပူးပေါင်း

**မော်စကို မေ ၁၀**

ဗဟိုအာရှနိုင်ငံများမှ လူဦးရေ ၅၀၀၀ နီးပါးခန့်သည် ဆီးရီးယားနိုင်ငံသို့ သွားရောက်ပြီး အိုင်အက်စ်အကြမ်းဖက်အဖွဲ့အပါအဝင် အစွန်းရောက်အစ္စလာမ့်စစ်သွေးကြွအဖွဲ့များထံ သွားရောက်ပူးပေါင်းလျက်ရှိကြောင်း ရုရှားလုံခြုံရေးတာဝန်ရှိသူများက ခန့်မှန်းသည်။

ဥဇဘက်ကစ္စတန်နှင့် ကာဂျစ္စတန်တို့ အပါအဝင် ယခင်ဆိုဗီယက်ပြည်ထောင်စုတွင် ပါဝင်ခဲ့သည့် ဒေသများမှ လူငယ်များသည် ရွှေ့ပြောင်းလုပ်သားများအဖြစ် ရုရှားနိုင်ငံသို့ သွားရောက်ကြသည်။

ယခုလအစောပိုင်းတွင် စိန့်ပီတာစဘတ်မြို့ မြေအောက်ရထားလမ်း အသေခံအကြမ်းဖက်တိုက်ခိုက်မှု ပြုလုပ်သူမှာ ကာဂျစ္စတန်နိုင်ငံသားဖြစ်သည်ဟု ရုရှားစုံစမ်းစစ်ဆေးသူများက ဖော်ထုတ်နိုင်ခဲ့သည်။ ထို့ပြင် အိုင်အက်စ်အဖွဲ့နှင့် အဆက်အသွယ်ရှိသည်ဟု ယူဆရသူ အခြားရှစ်ဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းထားသည်။

လွန်ခဲ့သည့်နှစ်က တူရကီနိုင်ငံ အစ္စတန်ဘူလ်နိုင်ငံတကာလေဆိပ် အကြမ်းဖက်တိုက်ခိုက်ခံရမှုနောက်ကွယ်တွင် ဗဟိုအာရှမှ အကြမ်းဖက်သမားများ ပါဝင်သည်ဟု ဆိုထားသည်။

**အင်န်အိတ်ချ်ကေ။**

# အီဂျစ်ရှေးရိုးစွဲ ခရစ်ယာန်ဘာသာဝင်များ၏ ဘုရားကျောင်းများ ဗုံးဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် လူ ၄၄ ဦး သေဆုံး

**ကိုင်ရို မေ ၁၀**

အီဂျစ်နိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်များအတွက်အမြတ်ပြုရာ ကော့ပ်တစ်ပုပ်အမည်ရှိ ကက်သီဒရယ်ဘုရားရှိခိုးကျောင်းနှင့် ဘာသာရေးနယ်မြေနှစ်ခုတို့ကို ပစ်မှတ်ထား၍ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ ၄၄ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း၊ ယင်းဗုံးဖောက်ခွဲတိုက်ခိုက်မှုများကြောင့် အီဂျစ်နိုင်ငံသား ခရစ်ယာန်ဘာသာဝင်များ ထိတ်လန့်ခြင်းနှင့် ဒေါသဖြစ်မှုများဖြစ်ခဲ့ရပြီး အီဂျစ်အစိုးရက လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုးမြှင့်ချထားရကြောင်း၊ သက်တမ်းသုံးလရှိအရေးပေါ်အခြေအနေကိုလည်း အစိုးရက ထုတ်ပြန်ကြေညာလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။



လူရာပေါင်းများစွာ ထိခိုက်ဒဏ်ရာရစေသော တိုက်ခိုက်မှုများဖြစ်ပြီး ကော့ပ်တစ်ခရစ်ယာန်ဘုရားရှိခိုးကျောင်း နှစ်ကျောင်းတွင် ဗုံးဖောက်ခွဲမှုကို မိမိတို့လုပ်ဆောင်ခဲ့သည်ဟု အစ္စလာမ္မစ်နိုင်ငံ ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)က ကြေညာခဲ့သည်။ အလက်ဇန္ဒြီးယားမြို့နှင့် တန်တာမြို့တို့တွင် ဗုံးဖောက်ခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ပြီး အီဂျစ်နိုင်ငံသားခရစ်ယာန်ဘာသာဝင်များ၏ ခရစ်တော်ပြန်လည်ရှင်သန်ထမြောက်သည့် နေ့ရက်မတိုင်မီတွင် ပြုလုပ်သည့် ဘာသာရေးဆိုင်ရာ ပွဲတော်အခမ်းအနားကျင်းပသည့်နေ့တွင် ဗုံးဖောက်ခွဲမှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ခရစ်ယာန်ဘာသာဂိုဏ်းချုပ်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဧပြီလနှောင်းပိုင်းတွင် အီဂျစ်နိုင်ငံသို့လာရောက်ရန် စီစဉ်ထားချိန်အတွင်း အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခြင်းဖြစ်သည်။

**ရိုက်တာ။**

## အမေရိကန်နှင့် ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားခြင်းမှ ရှောင်လွှဲနိုင်ရေး တရုတ်နိုင်ငံ ဖြေလျှော့မှုပြုလုပ်မည်

**ဝါရှင်တန် မေ ၁၀**

တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်ရေးစစ်ပွဲဖြစ်ပွားရခြင်းမှ ရှောင်လွှဲနိုင်စေရေးအတွက် ဘဏ္ဍာရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများအတွက် ဈေးကွက်ဝင်ရောက်ခွင့်ကို ပိုမိုခွင့်ပြုပေးရန် လည်းကောင်း၊ အမေရိကန်၏ အမဲသားပို့ကုန်များအတွက် ဈေးကွက်ဖွင့်လှစ်ပေးရန်လည်းကောင်း ကမ်းလှမ်းမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၁၀ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နှင့် အမေရိကန်တို့၏ ရင်းနှီးမြှုပ်နှံမှု အပြန်အလှန်ပြုလုပ်ရေးဆိုင်ရာ သဘောတူစာချုပ်(ဘီအိုင်တီ)တွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်ခွင့်ရှိသော ငွေကြေးပမာဏကို တရုတ်နိုင်ငံဘက်မှ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း ကုန်သွယ်ရေးဆိုင်ရာ ဆွေးနွေးမှုများနှင့် နီးစပ်သူတာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားလျက် ဘဏ္ဍာရေးနေ့စဉ် သတင်းစာက ရေးသားဖော်ပြသည်။

ဘီအိုင်တီစာချုပ်အရ ရင်းနှီးမြှုပ်နှံနိုင်ခွင့်ရှိသော ငွေကြေးပမာဏကို တိုးမြှင့်ပေးရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံဆွေးနွေးမှုများမှာ ဒေါ်နယ်လ်ထရန့် ရွေးကောက်ပွဲတွင် အောင်ပွဲခံခဲ့ပြီးနောက် ရပ်ဆိုင်းထားခဲ့ရကြောင်း တရုတ်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သမ္မတဒေါ်နယ်လ်ထရန့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့သည် ကုန်သွယ်ရေးဆိုင်ရာ ပြဿနာရပ်များနှင့်ပတ်သက်၍ ရက် ၁၀၀ ကုန်သွယ်ရေးဆွေးနွေးပွဲအစီအစဉ်ကို သဘောတူညီခဲ့ကြကြောင်း အမေရိကန် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဝီလ်ဘာရို့စ်က ပြောကြားသည်။

တရုတ်နိုင်ငံနှင့်ကုန်သွယ်ရာတွင် အမေရိကန်ဘက်မှ ကုန်သွယ်ရေးလိုငွေပြမှုဖြစ်ပေါ်နေခြင်းအတွက် ကုန်သွယ်ရေးအရ ညီမျှမှု ပြန်လည်ဖြစ်ပေါ်လာစေရန် သမ္မတထရန့်က လိုလားသည်။

၂၀၀၃ ခုနှစ်မှစ၍ အမေရိကန်ပြည်ထောင်စုထံမှ အမဲသားတင်သွင်းမှုကို ပိတ်ပင်ခဲ့ပြီး ယင်းပိတ်ပင်ချက်ကို ပြန်လည်ဖျက်သိမ်းပေးရန် တရုတ်နိုင်ငံက လိုလားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ရိုက်တာ။**

## ပြည်တွင်းရေးရာ

✻ **ကျောဖုံးမှ**

ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေများကိုလည်း UMFCCI သို့ အသိပေးအကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် ဆုံးဖြတ်ချက် ၁၁ ချက်ကိုလည်း အမြန်ဆုံးဖြေရှင်းနိုင်ရန် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုတွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် အဓိကကျသည့်အတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၌ လိုအပ်သော မူဝါဒပိုင်းဆိုင်ရာများကို ခေတ်နှင့်လျော်ညီစွာ ချမှတ်ကျင့်သုံးဆောင်ရွက်နိုင်ရန်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ အခက်အခဲများအပေါ် နိုင်ငံတော်အပိုင်းက အတတ်နိုင်ဆုံးဆောင်ရွက်ပေးနိုင်ရန် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမူဘောင်နှင့် လုပ်ငန်းစီမံချက်ဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို မေ ၅ ရက်က နေပြည်တော်၌ ကျင်းပခဲ့ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် ဆွေးနွေးဖက်အလျှုရှင်များကို ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပါကြောင်း၊ ပုဂ္ဂလိကပိုင်းကပါဝင်ရမည့် အပိုင်းကဏ္ဍနှင့် အလှူရှင်များ ပါဝင်ကူညီနိုင်မည့် နယ်ပယ်များကိုလည်း ညှိနှိုင်းဖော်ထုတ်ခဲ့ပါကြောင်း။

ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်၍ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်ခြင်းမှ နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွား၍ ဝင်ငွေမြင့်မားလာစေရန်အတွက် ဆောင်ရွက်နေသကဲ့သို့ လိုအပ်သော အရင်းအနှီးများစီးဝင်ပြီး ဈေးကွက်တိုးချဲ့ရန်၊ နည်းပညာများကိုပါ လွှဲပြောင်းရယူနိုင်ရန်အတွက်ပါ အထောက်အကူဖြစ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့ပါကြောင်း၊ အဆိုပါဥပဒေကို လက်တွေ့ကျကျ အမြန်ဆုံးကျင့်သုံး အကောင်အထည်ဖော်နိုင်ရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေရေးဆွဲခဲ့ပြီး ၂၀၁၇ ခုနှစ် မတ် ၃၀ ရက်တွင် ထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှုများကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အကောင်းဆုံးလုပ်ငန်းတစ်ခုဖြစ်ပြီး ပြည်သူများအတွက် အလုပ်အကိုင်များနှင့် ဝင်ငွေတိုးတက်နိုင်ရေးကို အချိန်တိုအတွင်းရရှိနိုင်မည့် လုပ်ငန်းဖြစ်သည်ဟု အလုပ်ရုံဆွေးနွေးပွဲများနှင့် နိုင်ငံတကာပညာရှင်များက အကြံပြုထားပါကြောင်း၊ ထို့ကြောင့် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

ထို့ပြင် မြန်မာနိုင်ငံသည် လယ်ယာကဏ္ဍကို အခြေခံသည့်အတွက် စိုက်ပျိုးရေးနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ (SMEs) အချိတ်အဆက်မိရန်လည်း လိုအပ်ကြောင်း၊ ယခုအချိန်တွင် ပြည်ပသို့ ဆန်စပါးတင်ပို့ရောင်းချမှုမှာ ၁ ဒသမ ၇ သန်းကျော် တင်ပို့နိုင်သော်လည်း အရည်အသွေးပိုင်းတွင် ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ပါက ကမ္ဘာ့ဈေးကွက် ပိုမိုရရှိနိုင်မည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာအားလုံးက ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များနှင့် လစဉ်ပုံမှန်တွေ့ဆုံဆွေးနွေးပွဲများ၌လည်း ကဏ္ဍအလိုက်ရွေးချယ်စုစည်းထားသည့် လုပ်ငန်းရှင်များ၏ အခက်အခဲများကို နားထောင်ဖြေရှင်းပေးလျက်ရှိပါကြောင်း၊ ယင်းအခက်အခဲများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသဖြင့် ထိရောက်မှုများရှိခဲ့ပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် ဆိပ်ကမ်းများတွင် ကုန်သေတ္တာယာဉ်များ ကျပ်တည်းမှုမရှိစေရန် ဖြေလျှော့မှုလုပ်ငန်းစဉ်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည့်အပြင် ရန်ကုန်မြို့ရှိ တံတားဖြတ်သန်းခများကိုလည်း ကောက်ခံမှုကင်းလွတ်ခွင့်ပေးခဲ့သည့်အတွက် ကုန်စည်စီးဆင်းမှုတွင် ပိုမိုအဆင်ပြေချောမွေ့လာပြီ ဖြစ်ပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့၏ အခက်အခဲများကို ဖြေရှင်းနိုင်ရန် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် အမြဲတမ်းထိတွေ့ ပေါင်းစပ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင်လည်း လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုအခက်အခဲများကို ထိထိမိမိတင်ပြကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌဦးဇော်မင်းဝင်းက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် အခွန်အကောက်ကဏ္ဍ၊ တရားမဝင်ကုန်သွယ်မှုကဏ္ဍ၊ အထည်ချုပ်လုပ်ငန်းကဏ္ဍများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် တွေ့ကြုံရသည့်အခက်အခဲများနှင့် နိုင်ငံတော်အပိုင်းက ပံ့ပိုးဖြည့်ဆည်းရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတ ဦးမြင့်ဆွေက ကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပဉ္စမအကြိမ် ပုံမှန်တွေ့ဆုံဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့ကြသည့် လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်

**ရန်ကုန် မေ ၁၀**

၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်ခဲ့ကြသည့် လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်သည်။ အခမ်းအနားတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက ၂၀၁၅-၂၀၁၆ စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် အများဆုံးပေးဆောင်ခဲ့သူများ စာရင်းထုတ်ပြန်ကြေညာရာတွင် မြန်မာလုပ်ငန်းရှင် အခွန်ထမ်း ၁၀၀၀ စာရင်းနှင့် နိုင်ငံခြားကုမ္ပဏီများစာရင်းကို ခွဲခြားထုတ်ပြန်ပေးခဲ့ကြောင်း၊ ယခင်နှစ်များအတိုင်းပင် လုပ်ငန်းရှင်ကြီးများပေးဆောင်ခဲ့သည့် အခွန်ပမာဏအလိုက် ခွဲခြားထုတ်ပြန်၍ အသိပေးကြေညာခဲ့ပါကြောင်း၊ နိုင်ငံတစ်နိုင်ငံကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရာတွင် အခွန်ဘဏ္ဍာမရှိဘဲ နိုင်ငံမတည်ဆောက်နိုင်ကြောင်း၊ ယခုအခမ်းအနားသို့ မတက်ရောက်ရသော်လည်း တစ်နိုင်ငံလုံးရှိ အခွန်တာဝန်ကျေပွန်ခဲ့ကြသော လုပ်ငန်းရှင်များကိုဂုဏ်ပြုကြောင်း ပြောကြားလိုပါကြောင်း၊ နိုင်ငံတော်အား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့်မှ လွတ်မြောက်နိုင်ရေး တစ်နိုင်ငံလုံးရှိ လုပ်ငန်းရှင်များနှင့် အဓိကအားဖြင့် အခွန်ထမ်းကြီးများ၏ အင်အားကိုလိုအပ်ပါကြောင်း၊ မိမိတို့ ပေးဆောင်သင့် ပေးဆောင်ထိုက်သည့် အခွန်ငွေများကို မပျက်မကွက်ပေးဆောင်ကြစေလိုကြောင်း၊ လုပ်ငန်းများလည်း ပိုမိုတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးတို့က အခွန်အများဆုံးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တစ်ဦးချင်း ချီးမြှင့်ပေးအပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် အခွန်အများဆုံးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**



**စည်းကြပ်နှစ်အတွင်း ဝင်ငွေခွန်ထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်တစ်ဦးအား ဆုချီးမြှင့်စဉ်။**

# အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် Media တွေ့ဆုံပွဲ ကျင်းပ

**နေပြည်တော် မေ ၁၀**

အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် Media တွေ့ဆုံပွဲကို နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး သင်တန်းခန်းမ၌ ယနေ့ မွန်းလွဲ ၁ နာရီတွင် ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်း၊ ကော်မရှင်ရုံးမှတာဝန်ရှိသူများ၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့ကိုးဖွဲ့နှင့် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းနှစ်ဖွဲ့မှ တာဝန်ရှိသူများ၊ သတင်းမီဒီယာအဖွဲ့ ၁၈ ဖွဲ့မှ တာဝန်ရှိသူ ၃၃ ဦး တို့ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့မှ တာဝန်ရှိသူများက ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခဲ့မှုများနှင့် မဲဆန္ဒရှင်ပညာပေးလုပ်ငန်းဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် သတင်းမီဒီယာအဖွဲ့များမှမေးမြန်းသည့် ရွေးကောက်ပွဲကျင်းပသော မဲဆန္ဒနယ်များအား စောင့်ကြည့်လေ့လာမှုအပေါ် သဘောထား အမြင်၊ မသန်စွမ်းသူများအတွက် မဲပေးနိုင်ရေး ဆောင်ရွက်ပေးနိုင်မှုအခြေအနေနှင့် မဲပေးမှုအခြေအနေ၊ လွတ်လပ်တရားမျှတ၍ ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲ ကျင်းပနိုင်ရေးဆောင်ရွက်ခဲ့မှု၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၏ အားသာချက်၊ အားနည်းချက်များ၊ ဆက်သွယ်ရေးဖုန်းလိုင်းနှင့် သွားလာရေးအခက်အခဲရှိသော မြို့နယ်များအား အဆင်ပြေစေရန် ဆောင်ရွက်ပေးခဲ့မှု၊ ကြားဖြတ်ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာခဲ့သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်း အရေအတွက်နှင့် အင်အားတို့အား ကော်မရှင်အတွင်းရေးမှူး၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❒

❖ **အာရှဖလားမှ**

စင်ကာပူကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ဗီယက်နမ်အသင်းက ဆီးရီးယားကို ၁၁ ဂိုး-ဂိုးမရှိ၊ စင်ကာပူကို ရှစ်ဂိုး-ဂိုးမရှိ၊ အီရန်ကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအမျိုးသမီးအသင်းသည် ယခုနောက်ပိုင်း နှစ်များတွင် ဗီယက်နမ်နှင့်တွေ့ဆုံရာတွင် နိုင်ပွဲရယူနိုင်ခြင်းမရှိတော့ဘဲ နောက်ဆုံးတွေ့ဆုံခဲ့သည့် ၂၀၁၆ အာဆီယံအမျိုးသမီးပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ပင်နယ်တီအဆုံးအဖြတ်၌ ရှုံးနိမ့်ခဲ့သည်။ အာရှဖလားပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် နောက်ဆုံးနှစ်ကြိမ်ဆက်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသည့် မြန်မာအမျိုးသမီးအသင်းအနေဖြင့် သုံးကြိမ်ဆက် ယှဉ်ပြိုင်ခွင့်ရရန် ဗီယက်နမ်ကို အနိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရဲရင့်ရှိုင်း၊**
**ဓာတ်ပုံ- MFF**

# အနုပညာ ဂုဏ်ဝင့်ပါစေသော

ထက်ခေါင်

(ယမန်နေ့မှအဆက်)

နောက် မှတ်သားစရာတစ်ခု ပြောရဦးမယ်။ ၂၂-၁၂-၂၀၁၆ နေ့ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန (၇၅) နှစ်ပြည့် အထိမ်းအမှတ်စိန်ရတုသဘင် ဖွင့်ပွဲအခမ်းအနားမှာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်က "နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအတွက် မိမိတို့ရဲ့စာပေ၊ ဘာသာစကားဟာ အဖိုးအနဂ္ဃထိုက်တန်တဲ့ ရတနာဖြစ်တယ်။ နိုင်ငံတိုင်း၊ လူမျိုးတိုင်း ကိုယ့်စာပေဘာသာစကားကို အမြတ်တနိုးတန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်မှုတွေနဲ့ တိုးတက်ထွန်းကားပြန့်ပွားအောင် အလေးထားဆောင်ရွက်နေတယ်။ စာပေမြင့်မှ လူမျိုးတင့်မယ်။ စာပေပျောက်ရင် လူမျိုးပျောက်မယ်။ ဒါကြောင့် မြန်မာစာ မြန်မာစကား မြန်မာစာပေ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြင့်မားတိုးတက်ရေးကို မြန်မာတစ်မျိုးသားလုံးက ကြိုးပမ်းဆောင်ရွက်သွားရမယ်"လို့ အလေးအနက်မှာကြားခဲ့တယ်။ နိုင်ငံတစ်နိုင်ငံမှာ နိုင်ငံအကြီးအကဲရဲ့ အဆိုအမိန့်ဟာ "မိန့်ခွန်းဟူသည် ပေါ်လစီ" ဆိုသလို နိုင်ငံရဲ့ ရှေ့ဆက်ရမယ့်ခရီးအတွက် မူဝါဒ ချမှတ်ပေးခြင်း ဖြစ်တယ်လို့ ခံယူကြရတာဖြစ်တယ်။ ဒါကြောင့် ဒီမိန့်ခွန်းဟာ အိပ်ပျော်နေတဲ့ နိုင်ငံသားအားလုံးကို လှုပ်နှိုးလိုက်တာဖြစ်တယ်။ ဒီတော့ တို့အနုပညာရှင် လောကသားတွေဟာ အမျိုးဘာသာ သာသနာ ဂုဏ်သိက္ခာ မြင့်မားတိုးတက်ရေး၊ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းတွေမှာ ရှေ့ဆုံးက တက်တက်ကြွကြွ ပါဝင်နေကြရမှာ ဖြစ်တယ်။

"ကျွန်တော်တို့ အနုပညာသမားတွေနဲ့ မြန်မာစာပေစကားက ဘယ်လို ပတ်သက်နေတာလဲ၊ ရှင်းရှင်း ပြောစမ်းပါဗျာ။ ကျွန်တော်က ဒုံးဝေးတယ်ဗျ။"

## တွင်တွင်ကျယ်ကျယ်နေရာယူ

"အေးကွာ! မြန်မာ ရုပ်ရှင်၊ ဗီဒီယို၊ တေးဂီတတွေမှာ အင်္ဂလိပ်စကားလုံး အသုံးအနှုန်း၊ ဗန်းစကား၊ လမ်းဘေးမှာ ပြောကြရင်း လက်တစ်ဆုပ်စာ လူစုသိတဲ့ စကားလုံးတွေဟာ တွင်တွင်ကျယ်ကျယ်နေရာယူလာတယ်။ လူထုကို အတင်းဇာတ်သွင်းပြီး စာဖျက် ပေဖျက်သမားတွေဖြစ်အောင်လုပ်တော့တာပဲ။ မဖြစ်မနေ မွေးစားရတဲ့စကားလုံးဆိုတာ ရှိတယ်။ ဥပမာ- မော်တော်ကား၊ ကွန်ပျူတာ၊ ဆိုင်ကယ်၊ ဆော့ဖ်ဝဲ၊ ကော်မတီ၊ ကောင်စီ စတာတွေပေါ့ကွာ။ မြန်မာစကားမှာ မွေးစားစကားလုံး အများအပြားရှိတယ်။ ပါဠိ၊ သသ်ကရိုက်၊ တရုတ်၊ အိန္ဒိယ(ဟိန္ဒူ)၊ အင်္ဂလိပ်၊ ပြင်သစ်စတဲ့ ဘာသာစကားတွေကနေ မွေးစားယူတာတွေလည်းရှိတယ်။ ဥပမာ- ဒုက္ခ၊ သုခ၊ စိတ္တဇ၊ ယတြာ၊ သကြ်ာန်၊ ပေါက်စီ၊ အီကြာကွေး၊ ကုန်းဘောင်ကြီးကျော်၊ အာလူး၊ လံဘား၊ မဆလာ၊ ပေါ်တာ စတဲ့ စကားလုံးတွေပေါ့ကွာ။ ပြောရင် အများကြီးရှိတယ်။ ဒါပေမယ့် အဲဒီစကားတွေက (Cross Culture) ယဉ်ကျေးမှုဖလှယ်ကူးလူးပြီး ကိုယ့်စကားလုံးအဖြစ် ရောက်လာကြတာ။ အခုခေတ်မှာ ရောခ့်ဂီတ၊ ပေ့ါပ်ဂီတ၊ ချာချာ၊ တင်ဂို၊ ဘရိတ်ဒန့်စ်စတဲ့ စကားလုံးမျိုးလိုပေ့ါ။ သူလည်း ကိုယ့်ဘာသာစကားထဲ ကူးပြောင်းလာပြီ။ ဒါပေမယ့် တချို့ကတော့ မိခင်ဘာသာစကားမှာလည်းရှိတယ်။ ယဉ်ကျေးမှုရောယှက်ခြင်းကြောင့်လည်း မဟုတ်ဘဲ တမင်ထွင်တာကို အစွဲပြုရာကနေ ဘာသာစကားကို ပျက်စီးစေတာမျိုးပေ့ါ။ ဥပမာ-ဖေ့စ်ဘွတ်အသုံးကနေ ကွီးတို့၊ ခေးတို့၊ အာရ်ကေတို့ အသုံးမျိုးဟာ စင်တင်သုံးရမယ့်စကားလုံးမဟုတ်ဘူး။ အဲဒါ ကိုယ့်ယဉ်ကျေးမှု အမွေပြုကျင့်ခံရတာ ဖြစ်တယ်။

## အလေးထား ထိန်းသိမ်း

စင်ကာပူမှာ လီကွမ်ယူ ဝန်ကြီးချုပ်ဘဝတုန်းက ဆင်းဂလိကို မသုံးရဘူးလို့ တရားဝင်ပိတ်ပင်ခဲ့တယ်။ အင်္ဂလိပ်လို ပြောမယ်ဆိုပြော၊ စင်ကာပူလို သုံးမယ်ဆိုသုံး၊ ဟိုမရောက် ဒီမရောက်တွေ ရောယှက်တီထွင်သုံးတာကို ခွင့်ပြုပေးရင် ကြာလာတာနဲ့အမျှ နိုင်ငံနဲ့ အမျိုးသားအမှတ်လက္ခဏာတွေ ပျောက်ဆုံးသွားမယ်။ ကျွန်ခေတ် ရောက်သွားမယ်။ ဒါကြောင့် အဲဒီဝေါဟာရ ထိန်းသိမ်းမှုဟာလည်း အရေးကြီးတယ်။ လူဦးရေရော ယဉ်ကျေးမှုပိုင်းအရပါ ကြီးမားလှတဲ့ အင်အားကြီးနိုင်ငံ နှစ်ခုအကြားမှာ ညပ်နေတဲ့တို့လို နိုင်ငံငယ်အဖို့ ပိုပြီးအလေးထားထိန်းသိမ်းဖို့ လိုအပ်တယ်။ အဲဒါတွေအပြင် အခုဆို လူငယ်တွေအကြားမှာ စာလုံးပေါင်းသတ်ပုံကို အလေးမထားကြတော့ဘူး။ စလုံးနဲ့ ဆလိမ်မှားရေးကြတယ်။ ကကြီးသတ်နဲ့ တဝမ်းပူသတ် မှားရေးတယ်(မှားရေးတာ မဟုတ်ဘူး၊ အမှားကို အမှန်ထင်ပြီးရေးရာကနေ လွဲကုန်ကြတာ)။ ဆောက်လုပ်ရေးလုပ်ငန်း ဆိုင်းဘုတ်ရေးရင် သတ်ပုံမှားပြီး ထောင်ကျမယ့်အပေါက်ဖြစ်ကုန်ကြမှာ။ ကာရာအိုကေသီချင်းစာသားတွေဆို အများကြီးလွဲကုန်ရော၊ မူလတေးရေး ပညာရှင်တွေတွေ့ရင် ရင်ကွဲနာကျ သေလိမ့်မယ်။"

## တက်တက်စင်လွဲ

"အမလေးဗျာ၊ အနုပညာရှင်တွေရဲ့ အခန်းကဏ္ဍက တယ်ပြီး နယ်ပယ်ကျယ်ပြန့်ပါကလား။ ကျွန်တော်ဖြင့် အစ်ကိုရှင်းပြမှ အနုပညာရှင်တွေရဲ့ သြဇာဟာ လူထုကြားထဲ ဘယ်လိုဘယ်ပုံအထိ ထိုးဖောက်နေရာယူသွားနိုင်တယ်ဆိုတာ ပိုသဘောပေါက်လာတယ်။ အနုပညာဆိုတာ ဖျော်ဖြေရေးကိရိယာ သက်သက်ပဲလို့ ထင်ထားခဲ့တာ၊ လူထုအပန်းပြေရင်ပြီးရောလို့ သဘောထားခဲ့တာတွေဟာ တက်တက်စင်လွဲသွားတာပေ့ါနော်။"

"အလုံးစုံမှားတယ်လို့တော့ ပြောမရဘူး။ အနုပညာဟာ ဖျော်ဖြေရေး၊ ပညာပေးရေး၊ ပြန်ကြားရေးလုပ်ငန်း တာဝန်များမှသည် စိတ်ဓာတ်စစ်ဆင်ရေး ဆင်နွှဲသည်အထိ လေးနက်မြင့်မားနေတာကြောင့် ဖျော်ဖြေရေးဆိုတာ တစ်စိတ်တစ်ပိုင်းပါဝင်နေတာပါပဲ။ ဒါကို အနုပညာရှင်တွေ သဘောပေါက်ရမယ်။ တချို့က ကိုယ့်ဇာတ်ကားထဲမှာ တကယ်လိုအပ်တာမဟုတ်ဘဲ ဇာတ်ကားအမည်၊ သရုပ်ဆောင်အမည်တွေကို အင်္ဂလိပ်နာမည်တွေပေး၊ တစ်ကားလုံး အမျိုးသမီးတွေက စကတ်၊ ဘောင်းဘီတိုဝတ်၊ အမျိုးသားတွေက ပါးကွက်ကွက်၊ နားကပ်ပန်ပြနေတာတွေဟာ ယဉ်ကျေးမှုအုတ်တံတိုင်း ဒိုင်းနမိုက်အခွဲခံရခြင်းပဲဖြစ်တယ်။ လိုရင်လိုသလောက်တော့ သုံးပေ့ါလေ။ အတင်းမပိတ်ပင်ပါဘူး။ ဒါပေမယ့် ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သလို လွတ်လပ်ပြီဆိုပြီး လမ်းမပေါ် စပါးလှန်းသလို ထင်ရာစိုင်းခွင့်တော့ပေးလို့ မဖြစ်ဘူး။ အမျိုးသားအကျိုးစီးပွားကာကွယ်မှုဆိုတာ ရှိကိုရှိရမယ်။"

"ဆက်ပြောပါအစ်ကို၊ ကျွန်တော်တို့အတွက်တော့ အလွန်မှတ်သားထိုက်တဲ့ အချက်တွေပေ့ါ။"

## နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်မည်

"အေးကွ။ တို့နိုင်ငံအနေနဲ့ လူဦးရေ သန်း ၅၀ ကျော်ရှိတယ်။ အဲဒီမှာ ဒါရိုက်တာ တစ်ယောက်ကောင်းရုံ၊ မင်းသားတစ်ယောက်ကောင်းရုံနဲ့ အမျိုးသားရေးစရိုက်လက္ခဏာနဲ့ အမျိုးဂုဏ် ဇာတိဂုဏ်ကို ဝင့်ထည်အောင် ဖော်ထုတ်ဖို့ မလုံလောက်ဘူး။ အနုပညာရှင်တွေအားလုံး စိတ်တူ ကိုယ်တူ တစ်လေ့တည်းစီး ခရီးဖော်တွေအဖြစ် သဘောထားပြီး ပေါင်းစည်းလုပ်ကြမှ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်မှာဖြစ်တယ်။ ကိုရီးယားဇာတ်လမ်းတွေ အနောက်ကမ္ဘာဈေးကွက်ကို ထိုးဖောက်သွားပြီ။ ပေါ်ပင်ဇာတ်လမ်းနဲ့ မဟုတ်ဘူး။ သူ့ယဉ်ကျေးမှု၊ သူ့အမျိုးသားလက္ခဏာကို ကမ္ဘာသိအောင် ရုပ်ရှင်အနေနဲ့ ထိုးဖောက်နေရာယူသွားတာ။ ကိုရီးယားတွေက အပြင်မှာဆို ဆက်ဆံရတာ ကြမ်းတမ်းတယ်။ သူ့ယဉ်ကျေးမှုပုံစံက (မြန်မာ့ပုံစံနဲ့ယှဉ်ရင်) ရိုင်းတယ်။ ဒါပေမယ့် သူ့ဇာတ်ကားထဲမှာ သုံးတဲ့ကား၊ ဖုန်းအပါအဝင် ပစ္စည်းတွေကို ကိုရီးယားထုတ်ကုန်ကိုပဲ အသားပေးပြရုံသာမက အဆင့်အတန်းမြင့်တဲ့ လူနေမှုဟန်ပန်၊ ယဉ်ကျေးသိမ်မွေ့တဲ့ စရိုက်လက္ခဏာ၊ ရိုးရာဝတ်စားဆင်ယင်မှု၊ မိဘကိုရိုသေလေးစားမှုတွေကိုပြတယ်။ ဒီတော့ ကိုရီးယားဆို ပရိသတ်ကအထင်ကြီးကုန်ကြရော။အဲဒါ အနုပညာဖန်တီးမှုစွမ်းအားပဲ။ ဆော့ဖ်ပါဝါ (SOFT POWER) ဆိုတာ အဲဒါပဲ။ အခုတော့ တို့ဆီက အချို့သောပုဂ္ဂိုလ်တွေက ကိုယ်တိုင်လည်း ကြိုးစားမဖန်တီး၊ ဆူလွယ် နပ်လွယ် ခိုးချတာတွေက ရှိသေးတယ်။ ကောင်းတာတွေကို အတုမယူဘူး။လူပြိန်းကြိုက် လိုက်လုပ်တော့ မြန်မာ့လူ့ဘောင်စည်းတွေ ပျက်ကုန်ရော။

အခုဆို မြန်မာကားတွေမှာ မင်းသမီးအရက်မူးလို့ ယောကျာ်းလေးက ကျောပိုးတာကို အတုယူရိုက်တယ်။ အိမ်ထောင်ရေးဖောက်ပြန်တာတွေ၊ မိန်းကလေးက ယောကျာ်းလေးမြင် မနေနိုင် မထိုင်နိုင် ငမ်းငမ်းတက်ဖြစ်၊ ရည်းစားလု၊ ချစ်ကြောင်းကြိုက်ကြောင်းပြော ကြည့်စမ်းပါဦးကွာ။ အဲဒါ မြန်မာ့လူမှုပုံစံမဟုတ်ဘူးကွ၊ တို့လူတွေ အတုယူမှားနေကြတယ်။ ဟော မြန်မာ့လူမှုပုံစံကို အိုးမဲသုတ်ပုံတွေကတော့ ကျေးလက်ဇာတ်လမ်းအခြေပြုလိုက်တာနဲ့ ဖဲဝိုင်း၊ ကြက်ဝိုင်း၊ ထန်းရည်ဝိုင်း၊ မိန်းကလေးကိုလု၊ အနိုင်ကျင့်သတ်ဖြတ်ကလဲ့စားချေမှုတွေ ဖောဖောသီသီ ထည့်သုံးတော့တာပဲ။ အဲဒီကားတွေကြည့်ပြီးရင် မြန်မာပြည်ရဲ့ကျေးလက်ဒေသဟာ ရွံ့ရှာဖွယ်အတိ ကြောက်စရာအပြည့်၊ လုံခြုံမှုမရှိ၊ ရိုင်းပင်းမှုမရှိ၊ အိမ်ခြေ ၂၀ လောက်ရှိတဲ့ရွာတောင် တစ်အိမ်နဲ့ တစ်အိမ်မသိ၊ ရန်သူကြီးတွေဖြစ်နေကြတဲ့နေရာပဲလို့ ခံစားရလိမ့်မယ်။

## အယူအဆမှားနေ

"လူတွေက ဆင်ဆာဆိုတာနဲ့ အစိုးရလူပဲလို့ ရောချကြတာ။ ကိုယ့်အသိနဲ့ကိုယ် ဆင်ခြင်ဖို့တော့ သတိမရကြဘူး။ တကယ်တော့ ရုပ်ရှင်တစ်ကား ဖန်တီးတယ်ဆိုတာ ငွေကျပ် သိန်းထောင်ချီကုန်တာ။ ထုတ်လုပ်သူကတော့ ပြောမယ်။ ငါ့ငွေနဲ့ငါ အကုန်ခံနိုင်လို့ ခံတာဆိုပြီးပေ့ါ။ အဲဒီအယူအဆက မှားနေသကွ။ ရုပ်ရှင်ရိုက်ဖို့ ဖလင်၊ ကင်မရာ၊ မီး၊ အသံ၊ အားလုံးသော ပံ့ပိုးပစ္စည်းတွေ (မင်းသမီး၊ မင်းသားအတွက် သုံးရတဲ့မိတ်ကပ်အလှပြင်ပစ္စည်း အပါအဝင်)ဟာ နိုင်ငံခြားဖြစ်တွေချည်းပဲ။ အဲဒါကို နိုင်ငံခြားငွေ(အက်ဖ်အီး) Foreign Currency နဲ့ ဝယ်ရတယ်။ နိုင်ငံခြားငွေဟာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးမှာ မရှိမဖြစ်လိုအပ်တယ်။ တိုင်းပြည်အတွက် ဝယ်ရမယ့် နိုင်ငံတည်ဆောက်ရေး ဆိုင်ရာ ပညာရေး၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်းတွေ၊ နည်းပညာတွေ၊ စက်မှုကုန်ထုတ်ကိရိယာတွေ၊ အခြေခံအဆောက်အအုံ၊ လမ်း၊ တံတားအတွက် ပစ္စည်းတွေ၊ ယာဉ်တွေ၊ ကာကွယ်ရေးပစ္စည်းတွေဟာကွာ အများကြီးကုန်စရာရှိတယ်။ အဲဒီ လိုအပ်ချက်တွေကို အက်ဖ်အီးနဲ့ ဝယ်ရတာ။ အက်ဖ်အီးမရှိတဲ့နိုင်ငံဟာ ကမ္ဘာမှာ စုတ်ပြတ်ကျန်နေမှာ ကျွန်ဇာတ်ပြန်သွင်းခံရမှာ အသေအချာပဲ။

ဒီတော့ တို့အနုပညာဖန်တီးဖို့ ကုန်တဲ့ နိုင်ငံခြားငွေတွေဟာ အဲဒီအထဲက ဖဲ့ထုတ်စီးဆင်းသွားတာဖြစ်တယ်။ ငွေရှင်တွေ၊ ထုတ်လုပ်သူ သူဌေးတွေက သူတို့က ကျပ်သန်း ဘယ်နှထောင် အကုန်ခံထားပါတယ်လို့ ပြောပေမယ့် အဲဒီနောက်မှာ နိုင်ငံခြားငွေထွက်သွားတာ သူတို့ သဘောမပေါက်ဘူး။ ဒီနိုင်ငံခြားငွေဟာ သူဌေးတစ်ဦးတည်းရဲ့ပိုင်ငွေ မဟုတ်ဘူး။ နိုင်ငံသားအားလုံးရဲ့ လုပ်အားနဲ့ အခွန်အခတွေကနေ စီးဆင်းဖြစ်ပေါ်လာတာ။ ဒါကြောင့် ဒီလောက်အဖိုးအခကြီးပြီး အလေးထားရတဲ့အနုပညာပစ္စည်းကို သုံးပြီး နိုင်ငံနဲ့လူမျိုး အကျိုးမဖြစ်တဲ့အပြင် အကျိုးမဲ့ စိတ်ဓာတ်ပျက်စီးစေမယ့် ဇာတ်ကား၊ လူမျိုး၊ နိုင်ငံဂုဏ်သိက္ခာကျဆင်းစေမယ့် ဇာတ်ကား၊ အနုပညာ ဖန်တီးမှုတွေကို နိုင်ငံသားတိုင်းက ကန့်ကွက်တားဆီးကြရမှာ ဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ အဲဒီငွေတွေဟာ ပြည်သူ့ငွေတွေ ဖြစ်နေလို့ပဲ။"

## တိုက်ရိုက်ပတ်သက်

"ဟာ အဲဒါကိုတော့ ကျွန်တော်တစ်ခါမှ မစဉ်းစားမိခဲ့ဖူးဘူး။ ဆိုလိုတာက ကျွန်တော်တို့ အနုပညာဖန်တီးမှုဆိုတာ နိုင်ငံတော်ရဲ့ ငွေကြေး လည်ပတ်မှုနဲ့ပါ ချိတ်ဆက်နေတယ်။ နိုင်ငံ့စီးပွားရေးနဲ့ တိုက်ရိုက်ပတ်သက်နေတယ်ဆိုတဲ့ သဘောပေ့ါနော်။"

"အသေအချာပေ့ါ ကိုယ့်ညီရာ။ တိုင်းပြည်အကျိုးပြု အနုပညာဖန်တီးချက်ဟာ တည်ဆဲအစိုးရကို ဖားဖို့သက်သက် ဦးတည်ထားရင် သမိုင်းမှတ်ကျောက်အတင်မခံနိုင်ဘူး။ အနုပညာဖန်တီးချက်ပြောင်မြောက်ပြီး ပေါ်လစီနဲ့ ကိုက်ညီရင်တော့ သမိုင်းဝင်သွားတယ်။ ခေတ်ရေစီး အဖြတ်ခံရဲတယ်။ ဥပမာကွာ ဆရာမြို့မငြိမ်းရဲ့ လူချွန်လူကောင်းတို့၊ နန်းတော်ရှေ့ ဆရာတင်ရဲ့ လက်ရည်တစ်ပြင်တည်း (ဇာတိနွယ်)တို့၊ တွံတေးသိန်းတန်ရဲ့ (တေးရေး သောင်းတင်ဌေး) အသီးတစ်ရာ အညှာတစ်ခုတို့လို သီချင်းတွေ၊ ဒါရိုက်တာ ဦးသုခရိုက်ခဲ့တဲ့ ဘယ်သူပြိုင်လို့ လှပါတော့နိုင်တို့၊ ဒါရိုက်တာ စိန်ဖေတင်ရဲ့ အချစ်တစ်ပွဲစစ်ပွဲတစ်ရာတို့လိုပေ့ါ။ တခြား အများအပြားရှိပါတယ်။ အဲဒီအနုပညာရှင်တွေရဲ့ဖန်တီးမှုက အနုပညာသည် အနုပညာအတွက် ဖန်တီးရာကနေ အနုပညာသည် ပြည်သူအတွက်ဆိုတဲ့ အသွင်ကူးသွားတာ။ အဲဒါ ဖန်တီးနိုင်စွမ်းအား အရည်အသွေးပဲ။ ပြောရရင်ကွာ အနုပညာဟာ ပြည်သူ့အတွက် အဆိပ်အတောက် လုံးဝမဖြစ်စေရဘူး။ ပြည်သူ့အတွက် နှလုံးသားအာဟာရဖြစ်အောင် ဖန်တီးကြရမှာ အနုပညာရှင်တွေရဲ့တာဝန်ဖြစ်တယ်။ အနုပညာရှင်ဟာ ပရိသတ်အကြိုက် နောက်ကလိုက်နေရမှာ မဟုတ်ဘူး။

## အနုပညာဖန်တီးနိုင်စွမ်း

ပရိသတ်ကို ကိုယ့်ရဲ့ အနုပညာဖန်တီးနိုင်စွမ်းနဲ့ ထိန်းချုပ်ပြီး ဦးဆောင်မှုပေးရမယ်။ ဆွဲတင်ရမယ်။ စိတ်ဓာတ်အရည်အသွေး ကြံ့ခိုင်ဖွံ့ဖြိုးလာအောင်၊ မြင့်မားလာအောင်လုပ်ပေးရမယ်။ တချို့က ပြောတယ်၊ အခုဆို မြန်မာဇာတ်ကားတွေမှာ စရိုက်ပီအောင်လို့ဆိုပြီး မအေ၊ နှမ ကော်မဆဲရုံ တစ်မယ်ပဲ။ ခေတ်စကားလုံးတွေ လိုင်လိုင်သုံးပြီး မြိန်ရေယှက်ရေပြောနေတယ်။ အဲဒီအောက်လုံးပါမှ စရိုက်ပီပြင်တယ်ဆိုရင် အသံတိတ်ခေတ်နဲ့ အဖြူ အမည်းခေတ် မြန်မာကားတွေကို ကြည့်ကြည့်ပါ။ လူကြမ်းဟာ လူကြမ်းရုပ်ပေါက်အောင်၊ ပရိသတ်က မုန်းစရာလူကိုမုန်းအောင်၊ အားကျစရာလူကိုအားကျအောင် ဒီစကားလုံး မသုံးဘဲပြနိုင်ခဲ့ကြပါတယ်။ အဲဒါ အနုပညာဖြစ်တယ်။ အဲဒါသည် ပင် ပညာဖြစ်တယ်။

အနုပညာ ဖန်တီးမှုဆိုတာ အပြောကောင်းဖို့မလိုဘူး။ အကောင်းပြောဖို့လိုတယ်။ လှလို့ ရိုက်တာမဟုတ်ဘူး။ ရိုက်ပြတတ်လို့လှတာဖြစ်တယ်။ လောကရဲ့အလှသိက္ခာ၊ သဘာဝရဲ့အလှတရား၊ ကိုယ့်အမျိုးသားရဲ့အလှအပ၊ ကိုယ့်နိုင်ငံရဲ့ အလှဂုဏ်တို့ကို နက်နက်ရှိုင်းရှိုင်း ခံစားဖော်ထုတ်ရင်း ကိုယ့်အလှကို ကမ္ဘာသိအောင်ပြတတ်ဖို့ ပြနိုင်ဖို့လိုတယ်။ ဒီလိုရိုက်မှ ပိုက်ဆံရတယ်ဆိုတာ အနုပညာရှင် ပြောရမယ့်စကားမဟုတ်ဘူး။ အနုပညာကို ငွေနဲ့မတွက်သင့်ဘူး။ ပိုက်ဆံရတိုင်း ဇာတ်ကားကောင်းမဟုတ်ဘူး။ ဇာတ်ကားကောင်းတိုင်း ပိုက်ဆံမရဘူး။ ငွေကြေးဆိုတာ အခန်းကဏ္ဍတစ်ရပ်အရ လိုအပ်တာမှန်ပေမယ့် ကိုးကွယ်ရာမဟုတ်ဘူး။ အနုပညာဗန်းပြပြီး လူပြိန်းကြိုက် အဆိပ်အတောက်ဇာတ်ကားတွေ၊ ဇာတ်လမ်းတွေ ရေးသားရိုက်ကူးထုတ်လုပ်ပြသပြီး ငွေရှာခြင်းဟာ တစ်မျိုးသားလုံးနဲ့အမိနိုင်ငံရဲ့ နောက်ကျောကို ဓားနဲ့ထိုးတာနဲ့ အတူတူပဲလို့ ပြောရလိမ့်မယ်။"

"ဒီလောက်အထိ ကြီးကျယ်သွားတာလားဗျာ။"

## စာရိတ္တနှင့်လုံ့လကိုအခြေပြု

ဒါပေ့ါ။ ဒါကြောင့်လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ပြောင်းလဲတယ်ဆိုတာ လူထုရဲ့စိတ်ဓာတ်ကို ပြောင်းလဲပစ်ရတာဖြစ်တယ်။ ပြည်သူတွေအတွက် အနုပညာရှင်တွေရဲ့ ဖန်တီးမှု၊ ဆန်းသစ်တိုးတက်မှုတွေဟာ အရေးကြီးတဲ့ အချိန်ရောက်နေပြီ။ လူ့အဖွဲ့အစည်းရဲ့ စိတ်ဓာတ် အမူအကျင့်တွေကို ဆော့ဖ်ပါဝါတစ်ရပ်အနေနဲ့ အနုပညာရှင်တွေက ပြုပြင်ပြောင်းလဲပေးနိုင်စွမ်းရှိတယ်ဆိုပြီး ဖြည့်စွက်ထောက်ပြခဲ့တယ်။ ပြီးတော့ ရုပ်ရှင်လောကသားတွေအပါအဝင် စာပေ၊ ဂီတ၊ သဘင်သုခုမ အနုပညာရှင်အားလုံးကို အလေးအနက် မေတ္တာရပ်ခံ အကူအညီတောင်းချင်တာရှိတယ်။ အဲဒါကတော့ ပြည်သူတွေကြားမှာ ခွဲခြားမှုတွေ၊ အမုန်းတရားတွေကင်းပြီး မေတ္တာတရားတွေ တိုးတက်ဖြစ်ပေါ်အောင်၊ အပတ်တကုတ်ကြိုးစားလိုစိတ်တွေ တိုးပွားလာအောင်၊ စာရိတ္တနဲ့လုံ့လကို အခြေပြုပြီး နိုင်ငံတကာကို ရင်ပေါင်တန်းနိုင်အောင်၊ နိုင်ငံအတွက် အရေးကြီးလိုအပ်နေတဲ့ စိတ်ဓာတ်တော်လှန်ရေးအပြီးအောင်မြင်ပြီးမြောက်အောင် တတ်နိုင်သမျှ နိုင်တဲ့ဘက်က ပံ့ပိုးကူညီကြပါ" ဆိုပြီး တိုက်တွန်းချက်ပါ ထည့်သွင်းဖော်ပြခဲ့တယ်။ ဒါက ရိုးရိုး ဂုဏ်ပြုဝမ်းမြောက်ချီးကျူးမှုအတွက်ပေးတဲ့ သဝဏ်လွှာမဟုတ်ဘူး။ တို့အနုပညာရှင်အားလုံးအပေါ် နိုင်ငံအတွက် အရေးကြီးတဲ့ မဟာတာဝန်တစ်ရပ်ကို အလေးအနက် အပ်နှင်းတာဝန်ပေးသွားတာဖြစ်တယ်။ ဒါဟာ နိုင်ငံအကျိုးစီးပွားအတွက်ပဲဆိုတာ ရှင်းတယ်။ ပါတီအကျိုး၊ အစိုးရအကျိုး၊ ပုဂ္ဂိုလ်ရေးအကျိုးအမြတ်အတွက် မဟုတ်ဘူး။"

"ဟုတ်တယ်အစ်ကို။ နိုင်ငံနဲ့ လူမျိုးအတွက် အလွန့် အလွန် ကြီးလေးတဲ့ သမိုင်းပေးတာဝန်တစ်ရပ်ကို အပ်နှင်းသွားတာပဲဆိုတာ ကျွန်တော်တို့ မငြင်းနိုင်ပါဘူး။"

## အနုပညာ လောကသစ်

"အေးကွာ ပြည်သူတွေအားလုံးက မြန်မာ့လူ့ဘောင်အတွက် အကျိုးဖြစ်ထွန်းကြီးပွားစည်ပင်စေပြီး အမျိုးသားရေးဂုဏ်သိက္ခာ မြင့်မားတိုးတက်စေမယ့် အဆင့်ရှိသော၊ အဆင့်မြင့်သော အနုပညာလောကသစ်ကို မျှော်လင့်စောင့်စားနေကြတယ်။ နှံ့ထဲက ရုန်းထွက်ချင်နေကြပြီ။ ဒီအတွက် အနုပညာလောကသစ်ကို ရောက်အောင် ဒီမိုကရေစီနိုင်ငံကြီးသားပီသစွာ ဝိုင်းဝန်းကြိုးပမ်းသွားကြဖို့ အနုပညာရှင်တွေ အပါအဝင် ငါတို့အားလုံး စိတ်ဓာတ်ခွန်အားမြှင့်ပြီး ရုန်းကန်ကြရမှာပေ့ါကွာ။"

"ဟုတ်တယ်။ အဲဒီလို ခေတ်သစ်ရောက်အောင် ဒီမိုကရေစီစံနှုန်းနဲ့ အညီ ပွဲကိုင်ကြီးကြပ်ထိန်းကျောင်းပေးနေကြတာ စောင့်ကြပ်ကြည့်ရှု အကဲဖြတ်ပေးနေကြတာတွေကို ဆင်ဆာလို့ခေါ်တယ်လို့ ပြောရမှာပေ့ါနော်။"

## ဂုဏ်ဝင့်ထည်စွာ

"ဒါပေမယ့် အဲဒီဆင်ဆာဆိုတာကြီး အသံမကြားရအောင်၊ ရှိမှန်းမသိရလေအောင် တို့အနုပညာရှင်တွေက နိုင်ငံအတွက် ဆော့ဖ်ပါဝါတစ်ရပ်အဖြစ် ဂုဏ်ဝင့်ထည်စွာ ပြောင်းလဲပေးကြဖို့ ကြိုးစားရမှာပေ့ါကွာ"

"ဟုတ်တယ်. . ဟုတ်တယ်။ အနုပညာဂုဏ်မြင့်လာရင် ဆင်ဆာလည်း ပျောက်သွားမှာပေ့ါ။ ကောင်းတယ်ဗျာ။ ကဲ အစ်ကိုရေ . . . အားလုံးအတွက် ကျေးဇူးပါပဲဗျာ။"

**ပြင်ဆင်ဖတ်ရှုပါရန်**

ဧပြီလ ၁၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၆)ပါ ထက်ခေါင်၏ ဆောင်းပါး ဒုတိယကော်လံ စာပိုဒ် ၈ ပါ (၁၈-၃-၂၀၁၆) အစား (၁၈-၃-၂၀၁၇) ၂၀၁၆ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ဆုပေးပွဲ အခမ်းအနားဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာရေးသူ)**

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ပဉ္စမအကြိမ် စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁၀**

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစု ပဉ္စမအကြိမ် စုပေါင်းရဟန်းခံ ရှင်ပြုအလှူတော်မင်္ဂလာကုသိုလ်တော်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပရာ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့သည် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမရှေ့ဥပစာ၌ မန္တလေးမြို့ မဟာဝိဇိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ အမှူးပြုသော သံဃာတော် ၁၈ ပါးနှင့် ဒုလ္လဘရဟန်း ၂၄၇ ပါးအား သိမ်ဆင်းအလှူတော်အဖြစ် လှူဖွယ်ပစ္စည်းများ လောင်းလှူကြပြီး ရှင်သာမဏေ ၃၉ ပါးကိုလည်း လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။

ထို့နောက် ကြွရောက်တော်မူလာကြသည့် သံဃာတော်များ၊ ဒုလ္လဘရဟန်းများနှင့် ရှင်သာမဏေများအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစု ပဉ္စမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာကုသိုလ်တော်အခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့ မန္တလေးမြို့ မဟာဝိဇိတာရုံဆရာတော် ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော် ၁၈ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အမှူးပြုသော ဧည့်ပရိသတ်အပေါင်းတို့က နေပြည်တော် ဇေယျာသီရိမြို့နယ် ကန်ဦးကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိလာသ သာသနဓဇမ္မာစရိယထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြသည်။ ၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မဟာဝိဇိတာရုံ ဆရာတော်ကြီးထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ယင်းနောက် မင်္ဂလာဗဓေယျပါဌ်ပြုတက္ကသိုလ် ကျောင်းတိုက်ဆရာတော်ထံမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် အမှူးပြုသော ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဘူးသီးတောင်မြို့နယ်ဒေသခံများနှင့် တွေ့ဆုံ သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာပစ္စည်းများ ပေးအပ်

**ဘူးသီးတောင် မေ ၁၀**

သဘာဝဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားနှင့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကို ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ဦးဥတ္တမခန်းမ၌ ယနေ့ညနေ ၆ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက အစိုးရသစ် တစ်နှစ်တာကာလအတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နိုင်ခဲ့မှုများအပေါ် ဒေသခံပြည်သူများ၏ သဘောထားခံယူချက်များကို သိရှိလို၍ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း၊ ထို့ပြင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်ပတ်သက်၍လည်း တိုင်ပင်ဆွေးနွေးလို၍ ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက လူမှုရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး အစ




ရှိသည့် ဒေသတွင်း လိုအပ်ချက်များကို တင်ပြကြသည်။

ယင်းနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သဘာဝဘေးကြိုတင်ကာကွယ်ရေးဆိုင်ရာ ပစ္စည်းများအား ထောက်ပံ့ပေးအပ်ရာ မြို့နယ် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းနှင့် ဒုတိယဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးသောင်းငွေတို့က လက်ခံရယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။

**သတင်းနှင့် ဓာတ်ပုံ**

**ရာမညာ၊ တင်စိုး**

# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးနေမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၆-၄-၂၀၁၇ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် ၆-၃-၂၀၁၇ ရက်နေ့မှ ၁၇-၃-၂၀၁၇ ရက်နေ့ထိ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူသုံးဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူဂျာနယ်နှစ်ဦး၊ မဂ္ဂဇင်းတစ်ဦးနှင့် အထွေထွေ ၁၀ ဦး ပေါင်း ၁၃ ဦးကိုလည်းကောင်း၊ သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်လိုသူတစ်ဦးကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိပုံနှိပ်ခြင်းလုပ်ငန်း ၁၄၁၉ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၂၀၈၀ နှင့် သတင်းအေဂျင်စီလုပ်ငန်း ၆၁ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၅၆၀ ဦးအား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# စစ်တွေမြို့၌ မော်ဖင်း ထိုးဆေးပုလင်း ၄၉၀ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၀**

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် စစ်တွေ-ရေချမ်းပြင်သွားကားလမ်း တံတားဖြူအနီး၌ ယမန်နေ့ညပိုင်းက မော်ဖင်းထိုးဆေးပုလင်း ၄၉၀ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ နယ်မြေခံမူးယစ်တပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များသည် မေ ၉ ရက် ညနေ ၆ နာရီခန့်က စစ်တွေ-ရေချမ်းပြင်သွားကားလမ်း တံတားဖြူအနီး လမ်းလျှောက်လာသူ ဒုံးပြင်တောင်ကျေးရွာနေ မာမောက်ဂျာဘေ (၃၂)နှစ်အားစစ်ဆေးရာ ၎င်းကိုင်ဆောင်ထားသည့် ကြွပ်ကြွပ်အိတ်အတွင်းမှ မော်ဖင်းအလုံး ၂၀၀ နှင့် ၎င်း၏နေအိမ်တဲအတွင်းမှ မော်ဖင်းအလုံး ၂၉၀ စုစုပေါင်း မော်ဖင်းထိုးဆေးပုလင်း ၄၉၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၁၅ သိန်းကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ၎င်းအားစစ်ဆေးရာ စစ်တွေမြို့နယ် ဆတ်အိုးကျေးရွာနေ အဒူဆလင်က ရောင်းချပေးရန်အတွက် အပ်နှံထားခြင်းဖြစ်ကြောင်း ထွက်ဆိုခဲ့သဖြင့် စစ်တွေမြို့မရဲစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မူးယစ်ဟူက ဆန့်ကျင်ကြ**

# မောင်တောမြို့နယ် ဒုံးကုလားကျေးရွာ၌ မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၁၀**

မောင်တောမြို့နယ် ဒုံးကုလားကျေးရွာ၌ ယမန်နေ့ ညနေပိုင်းက နေအိမ်သုံးလုံး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဒုံးကုလားကျေးရွာနေ အာမီနာခါတူ(၅၂)နှစ်၏ နေအိမ်မီးဖိုချောင်မီးကြွင်းမီးကျန်မှ ယမန်နေ့ ညနေ ၅ နာရီခန့်တွင် မီးစတင်လောင်ကျွမ်းခဲ့ပြီး မီးလောင်ကျွမ်းမှုကြောင့် နေအိမ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆစွာသုံးစွဲသူ အာမီနာခါတူအား နယ်မြေစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နေပြည်တော် ဇေ(၁၀၀၀)ဓနသိဒ္ဓိရပ်ကွက် ဝန်ထမ်းအိမ်ရာများတွင် သုံးရေပြတ်လပ်

**နေပြည်တော် မေ ၁၀**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဇေ(၁၀၀၀) ဓနသိဒ္ဓိရပ်ကွက်တွင် ယခုအပတ်စနေ၊ တနင်္ဂနွေ နှစ်ရက်လုံး သုံးရေပြတ်လပ်လျက်ရှိကြောင်း အဆိုပါရပ်ကွက်တွင် နေထိုင်သောဝန်ထမ်းများထံမှ သိရသည်။

"ဟုတ်တယ်ဗျ ရေကစနေနေ့ကတည်းကမလာတာ။ ဒီနေ့နဲ့ဆို နှစ်ရက်ရှိပြီ။ ကျွန်တော်တို့က ဝန်ထမ်းတွေဆိုတော့ တစ်ပတ်လုံးဝတ်ထားတဲ့ အဝတ်တွေကို ဒီစနေ ရုံးပိတ်ရက်မှလျှော်ရတာလေ။ ခုတော့ရေမလာလို့ အဝတ်တွေမလျှော်ရဘူး။ ထမင်းဟင်းချက်တာကတော့ ရေသန့်ဘူးဝယ်ပြီး ရေသန့်နဲ့ ချက်ပြုတ်စားရတယ်ဗျာ။ ရာသီဥတုကလည်းပူပြင်းတာ လေးငါးရက်လောက်ရှိပြီ။ ဒီမှာက သိပ်ပူတာ။ ပူရတဲ့အထဲရေကမလာတော့ အတော်စိတ်ညစ်စရာကောင်းတယ်။ ဒီဘက်မှာ တချို့တိုက်တွေဆို သုံးရက်ကျော်ပြီရေမရတာ။ ပြီးခဲ့တဲ့သောကြာနေ့ထဲက ရေမပေးတာ"ဟု အဆိုပါဝန်ထမ်းကပြောပြသည်။ ဤရပ်ကွက်တွင် ယမန်နှစ်ကလည်း ထိုကဲ့သို့ရေပြတ်လပ်ခဲ့သေးကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**

# ပြည်တွင်းရေးရာ

❐ **မြန်မာ-တရုတ်မှ**

အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတမစ္စတာရှီကျင့်ဖျင်နှင့်အတူ ဝန်ကြီးများ၊ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

**စာချုပ်လက်မှတ်ရေးထိုး**

နှစ်နိုင်ငံဆွေးနွေးပွဲတွင် မြန်မာနှင့်တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ပြီးနောက် ပြည်သူများအကြား ဆက်ဆံရေးတိုးတက်ဖြစ်ထွန်းခဲ့ပြီး ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးမှ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး၊ မိတ်ဖက်နိုင်ငံများ ဆက်ဆံရေးအဆင့်သို့ တိုးတက်ရောက်ရှိခဲ့ပြီး အဆိုပါဆက်ဆံရေးအခြေအနေကို ပိုမိုမြှင့်တင်သွားရေး၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး(၅)ရပ်နှင့်အညီ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ဖြစ်ထွန်းရေး၊ နှစ်ဖက်ခေါင်းဆောင်များအကြား အပြန်အလှန်ခရီးစဉ်များလည်ပတ်ရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး၊ စီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ယဉ်ကျေးမှု၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အကောင်အထည်ဖော်ရေး၊ မြန်မာနိုင်ငံ၏ ပညာရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တရုတ်နိုင်ငံမှ ဆက်လက်အကူအညီပေးရေးတို့အပေါ် ရင်းနှီးခင်မင်စွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။


ထို့နောက် နှစ်နိုင်ငံသဘောတူစာချုပ်နှင့် နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ပစ္စည်းများအား တရားမဝင်တူးဖော်ခြင်း၊ မှောင်ခိုတင်သွင်းရောင်းချခြင်းကိစ္စရပ်များကို ကာကွယ်ဟန့်တားနိုင်ရေးအတွက် သဘောတူညီမှုစာချုပ်ကို ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် တရုတ်နိုင်ငံ Head of the State Administration of Cultural Heritage, H.E. Mr. Liu Yuzhu တို့က လည်းကောင်း၊ ရေနံစိမ်းသယ်ယူပို့ဆောင်ရေး သဘောတူစာချုပ်ကို မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တရုတ်နိုင်ငံ CNPC ဥက္ကဋ္ဌ Mr. Wang Yilin တို့က အသိသက်သေအဖြစ်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား စီးပွားရေးနှင့်အတတ်ပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ်ကို ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Zhong Shan တို့ကလည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာနတို့အကြား Seafarers Training, Education and Development ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တရုတ်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီး H.E. Mr. Li Xiaopeng တို့ကလည်းကောင်း၊



ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီးရှိ Hei Bei Hall ၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးစဉ်။

**စာမျက်နှာ ၉ သို့ ❍**





**နိုင်ငံတော် သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် ဇနီး မစ္စဖန်းလီယွမ်တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။** (ယာပုံ)

**စီးပွားရေးနှင့် အတတ်ပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်စာချုပ်ကို ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် တရုတ်ကုန်သွယ်ရေးဝန်ကြီး H.E. Mr. Zhong Shan တို့ လက်မှတ်ရေးထိုးလဲလှယ်ကြစဉ်။** (ဝဲပုံ)

**✪ ရှေ့ဖုံးမှ**

နှစ်နိုင်ငံဆက်ဆံရေးကို အရှိန်အဟုန်ဖြင့်တိုးတက်ဖြစ်ပေါ်စေရေးအတွက် အတူတကွဆောင်ရွက်ခဲ့ကြကြောင်း နှစ်ဖက်လုံးက သဘောတူညီခဲ့ကြပါသည်။

၃။ နှစ်ဖက်အကြားအိမ်နီးချင်းကောင်းပီသသော ဆက်ဆံရေးမူဝါဒကို ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ပြီး မဟာဗျူဟာမြောက်ရေရှည်မျှော်မှန်းချက်တစ်ရပ်ချမှတ်ကာ နှစ်နိုင်ငံပြည်သူများ၏အကျိုးစီးပွားကိုဦးထိပ်ထားလျက် နှစ်နိုင်ငံအကြား ရှိရင်းစွဲဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်ဆက်ဆံရေးကို ပိုမိုတိုးတက်အောင်မြင်စေရေးအတွက် ဆောင်ရွက်သွားကြရန် ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။

၄။ နှစ်နိုင်ငံအဆင့်မြင့်ခရီးစဉ်များ အပြန်အလှန်သွားရောက်ခြင်းဖြင့် နီးကပ်သည့် အဆင့်မြင့်ထိတွေ့ဆက်ဆံမှုများကို ထိန်းသိမ်းသွားရန်၊ နိုင်ငံတကာမျက်နှာစာတွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရန်၊ နှစ်နိုင်ငံအကြား အဆင့်အသီးသီးတွင် ချစ်ကြည်ရင်းနှီးမှုများဖလှယ်သွားရန်၊ မဟာဗျူဟာကျသောဆက်သွယ်မှုများကိုမြှင့်တင်ရန်နှင့် စီမံအုပ်ချုပ်မှုဆိုင်ရာအတွေ့အကြုံများ နက်ရှိုင်းစွာဖလှယ်သွားရန် သဘောတူညီခဲ့ကြပါသည်။

၅။ တရုတ်နိုင်ငံကအဆိုပြုထားသည့် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" အစီအစဉ်ကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ မေလတွင် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခုအစီအစဉ်အတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးပွဲ"ကို တရုတ်နိုင်ငံ၌ အောင်မြင်စွာလက်ခံကျင်းပနိုင်ရေးကိစ္စကိုလည်းကောင်း မြန်မာနိုင်ငံက အားပေးထောက်ခံပါသည်။

၆။ နှစ်နိုင်ငံအကြားပြည်သူများ၏ လူနေမှုဘဝတိုးတက်မြင့်မားစေရေးနှင့် နှစ်နိုင်ငံအကြား ဘုံတိုးတက်မှုမြှင့်တင်ရေးအတွက် ဖွဲ့စည်းထားရှိသည့် စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးတွဲကော်မတီ၊ စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက်ရေးကော်မတီ၊ လျှပ်စစ်စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးကော်မတီ စသည့် အစိုးရအချင်းချင်းပူးပေါင်းဆောင်ရွက်မှုယန္တရားများကို ထိရောက်စွာအသုံးချရေးနှင့် စီးပွားရေး၊ ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်စွမ်းအင်၊ ပို့ဆောင်ရေးနှင့် ထုတ်လုပ်မှုစွမ်းအားစသည့်ကဏ္ဍများတွင် နှစ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

၇။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ပြည်တွင်းအခြေအနေနှင့် ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းတွင် လျှောက်လှမ်းရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှု ပုံမှန်တိုးတက်ရေးတို့အပေါ် ထောက်ခံအားပေးခဲ့ပြီး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏လူနေမှု အဆင့်အတန်းမြင့်မားလာစေရေးအတွက် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုလျက်အကူအညီများ အစွမ်းကုန်ပေးအပ်ရန်အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒအပေါ် ခိုင်မာစွာရပ်တည်ထားချက်ကို ထပ်လောင်းအတည်ပြုခဲ့ပြီး ထိုင်ဝမ်၊ တိဘက်နှင့် ရှင်းကျန်းဒေသအရေးတို့နှင့်ပတ်သက်၍ တရုတ်နိုင်ငံ၏ရပ်တည်ချက်ကို ဆက်လက်ထောက်ခံကြောင်း ဖော်ပြခဲ့ပါသည်။

၈။ နှစ်နိုင်ငံအကြား လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေး၊ ယင်းဒေသရှိပြည်သူများ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားစေရေးတို့ကို ထိရောက်စွာအတူတကွဆောင်ရွက်ရေးအတွက် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် (၂+၂) အဆင့်မြင့် ဆွေးနွေးပွဲယန္တရားကိုဆက်လက်၍ ထိရောက်စွာ အသုံးပြုသွားကြရန် သဘောတူညီခဲ့ကြပါသည်။ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်နေမှုကို တရုတ်နိုင်ငံအနေဖြင့် ထောက်ခံအားပေးကြောင်း ဖော်ပြခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် တရုတ်နိုင်ငံမှကူညီဆောင်ရွက်ပေးမှုများကို ကျေးဇူးတင်ရှိကြောင်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်နိုင်ငံ၏အပြုသဘောဆောင်သောကဏ္ဍမှ ဆက်လက်ကူညီရေးကို ကြိုဆိုကြောင်းဖော်ပြခဲ့ပါသည်။

၉။ နှစ်နိုင်ငံအကြား ဒေသတွင်းတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွမြှင့်တင်ရန်အတွက် ကုလသမဂ္ဂ၊ အာဆီယံ-တရုတ် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်နှင့် အခြားနိုင်ငံတကာမျက်နှာစာများတွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားကြရန် သဘောတူညီခဲ့ကြပါသည်။

၁၀။ နိုင်ငံတော်သမ္မတဦးထင်ကျော်က ၎င်း၏ခရီးစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့အား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုမှုနှင့်ဧည့်ဝတ်ကျေပွန်မှုများအတွက် သမ္မတမစ္စတာရှီကျင့်ဖျင်အား ကျေးဇူးတင်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီး၊ သမ္မတမစ္စတာရှီကျင့်ဖျင်အား နှစ်ဖက်အဆင်ပြေမည့်ကာလတွင် မြန်မာနိုင်ငံသို့ချစ်ကြည်ရေးခရီးလာရောက်လည်ပတ်ပါရန် ဖိတ်ကြားခဲ့ပါသည်။ သမ္မတမစ္စတာရှီကျင့်ဖျင်ကလည်း ဖိတ်ကြားမှုအတွက်ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြခဲ့ပါသည်။

○ စာမျက်နှာ ၈ မှ

○ စာမျက်နှာ ၈ မှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သစ်တောစီမံအုပ်ချုပ်မှုဌာနတို့အကြား သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တရုတ်နိုင်ငံ Head of the State Forestry Administration H.E. Mr. Zhang Jianlong တို့ကလည်းကောင်း နှစ်နိုင်ငံသမ္မတများ၏ရှေ့မှောက်၌ လက်မှတ်ရေးထိုးလဲလှယ်ကြသည်။

**အပြန်အလှန်လဲလှယ်**

ထို့ပြင် Exchange of Letters on Implementation of Deep Sea Port Project and Industry Park Project in Kyauk Phyu SEZ in Myanmar၊ Exchange of Letters on Medical Technic Training Centre Project၊ Exchange of Letter on Myanmar Centre for Disease Control Project နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရတို့အကြား (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာလွှာများကို အပြန်အလှန်လဲလှယ်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်နှင့်ဇနီးတို့က တည်ခင်းဧည့်ခံသည့်ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် တရုတ်နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာလီခချန်း၊ တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာကျန်းတဲ့ကျန်းတို့နှင့် သီးခြားစီတွေ့ဆုံ

**ပေကျင်း ဧပြီ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာလီခချန်းနှင့် ယနေ့ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံသည်။

**ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနှင့်တရုတ်နိုင်ငံတို့အကြား ၁၉၅၀ ခုနှစ်တွင် သံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ပြီးချိန်မှစ၍ နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်းအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး နှစ်နိုင်ငံခေါင်းဆောင်များအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လည်ပတ်ရေး အပါအဝင် နှစ်နိုင်ငံအကြား ကဏ္ဍစုံတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုမြှင့်တင်ရေး၊ ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာမျက်နှာစာတို့တွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားကြရန် ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ဒေါက်တာသန်းမြင့်၊ ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်း၊ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာလီခချန်းနှင့်အတူ ဝန်ကြီးများ၊ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။


**အမြင်ချင်းဖလှယ်**

ထို့ပြင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာကျန်းတဲ့ကျန်းနှင့် ယနေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် ပြည်သူ့ခန်းမဆောင်ကြီး၌ တွေ့ဆုံခဲ့ပြီး မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးနှင့် အတွေ့အကြုံဖလှယ်ရေးတို့ကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တရုတ်နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာလီခချန်းတို့ တွေ့ဆုံဆွေးနွေးစဉ်။



ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး၌ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာကျန်းတဲ့ကျန်းတို့ တွေ့ဆုံဆွေးနွေးစဉ်။

# ရတနာစီမံကိန်း၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကျဆင်းမှုအပေါ် ပတ္တမြားစီမံကိန်းမှ ဖြည့်ဆည်းသွားမည်

**နေပြည်တော် ဧပြီ ၁၀**

တည်ဆောက်ရေးကာလ သုံးနှစ်ခန့်ကြာမြင့်ခဲ့သည့် ပတ္တမြားစီမံကိန်းသည် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် TOTAL E & P Myanmar Co., Ltd. တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရတနာစီမံကိန်း၏ M-5၊ M-6 အတွင်းရှိ သီးခြားသဘာဝဓာတ်ငွေ့သိုက်တစ်ခုဖြစ်ပြီး ရတနာစီမံကိန်း၏ ဖွံ့ဖြိုးရေးလုပ်ငန်းတစ်ခုလည်းဖြစ်သည်။

လက်ရှိတွင် ရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှ တစ်နေ့လျှင် အမြင့်ဆုံး 880 Mscfd ခန့် ထုတ်လုပ်လျက်ရှိပြီး ၂၀၂၁ ခုနှစ်အထိ ထုတ်လုပ်မှုတည်တံ့စေရန် ပတ္တမြားစီမံကိန်းမှ ပံ့ပိုးပေးမည်ဖြစ်သည်။ ရတနာစီမံကိန်းမှ တစ်နေ့လျှင် 650 Mscfd အား ပြည်ပသို့လည်းကောင်း၊ 230 Mscfd အား ပြည်တွင်းသုံးအနေဖြင့်လည်းကောင်း ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ပတ္တမြားစီမံကိန်း၏လုပ်ငန်းစဉ်များကို Campaign နှစ်ခုခွဲ၍ ဆောင်ရွက်ခဲ့ရာ Campaign-1 လုပ်ငန်းများကို ၁-၆-၂၀၁၅ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည်။ Engineering, Procurement နှင့် Jacket သုံးခု၊ Wellhead Platform တည်ဆောက်ခြင်းနှင့် တပ်ဆင်ခြင်း၊ ချိတ်ဆက်ခြင်းလုပ်ငန်းတို့ပါဝင်သည့် Campaign-1 ကို ၂၀၁၆ ခုနှစ် ဧပြီလတွင် ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

Campaign-2 လုပ်ငန်းများကို ၁၅-၁၀-၂၀၁၆ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး Campaing-2 လုပ်ငန်းတွင် Engineering၊ Procurement၊ LCP Topsides တည်ဆောက်ခြင်းနှင့် တပ်ဆင်ခြင်း၊ Low Compression Plateform-LCP နှင့် Maximum Compression Plateform-MCP တံတားချိတ်ဆက်ခြင်းလုပ်ငန်းများ၊ Tie-in ချိတ်ဆက်ပေါင်းကူးခြင်းလုပ်ငန်းများနှင့် Commissioning လုပ်ငန်းများ ပါဝင်သည်။

၂၀၁၆ခုနှစ် ဒီဇင်ဘာ ၂၆ ရက်မှ ၂၉ ရက်ထိ Partial Shutdown ပြုလုပ်၍ LCP Topside တပ်ဆင်ခြင်းနှင့် LCP to MCP တံတားချိတ်ဆက်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ၂၀၁၇ ခုနှစ် မတ် ၂၅ ရက်မှ ဧပြီ ၁ ရက်ထိ Full Field Shutdown ပြုလုပ်၍ LCP to MCP ပိုက်လိုင်းများ Tie-in ချိတ်ဆက်ပေါင်းကူးခြင်းလုပ်ငန်းများကို လည်းကောင်း ဆောင်ရွက်ပြီးစီးခဲ့သဖြင့် စီမံကိန်း Overall Progress ၏ ၉၅ ဒသမ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်သည်။

ကျန်ရှိနေသည့်လုပ်ငန်းများအနက် LCP &Sd Train များစတင်နိုင်ရန် အကြိုလုပ်ငန်းစဉ်များကို ၂၀၁၇ ခုနှစ် ဧပြီ ၁၂ ရက်မှ ၁၆ ရက်အထိ လည်းကောင်း၊ LCP Train 1 Start up စတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ၂၀၁၇ ခုနှစ် ဧပြီ ၂၉ ရက်မှ ၃၀ ရက်အထိလည်းကောင်း၊ LCP Train 2 Start up စတင်ခြင်း လုပ်ငန်းများဆောင်ရွက်ရန် ၂၀၁၇ခုနှစ် မေ ၂၀ ရက်မှ ၂၁ ရက်အထိလည်းကောင်း Partial Shutdown ပြုလုပ်ရန် လျာထားကြောင်းနှင့် အဆိုပါလုပ်ငန်းများပြီးစီးပါက ရတနာစီမံကိန်း၏ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုကျဆင်းမှုအပေါ် ပတ္တမြားစီမံကိန်းမှ ဖြည့်ဆည်းသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

(နိုင်လင်းကြည်)

❑

## ❍ နိုင်ငံတော်အစိုးရမှ

လူငယ်များနှင့်ပတ်သက်၍ မိမိတို့တွင် လူငယ်မူဝါဒ မရှိသေးပါကြောင်း၊ ထို့ကြောင့် လူငယ်များကို စနစ်တကျစုစည်းပြီး လူငယ်အကျိုးနှင့် တိုင်းပြည်အကျိုးကို ဆောင်ရွက်နိုင်ရန်အတွက် လူငယ်မူဝါဒကို မိမိတို့ရေးဆွဲနေပြီဖြစ်ပါကြောင်း၊ ထို့ပြင် အမျိုးသမီးများအတွက် အခွင့်အရေးများ ရနိုင်သလောက်ရအောင်ပေးရန် အမျိုးသမီးများကို ကာကွယ်စောင့်ရှောက်မည့်ဥပဒေ၊ အကြမ်းဖက်မှုမှ ကာကွယ်သည့်ဥပဒေစသည်ဖြင့် အမျိုးသမီးနှင့် ဆိုင်သည့်ဥပဒေကို ရေးဆွဲလျက်ရှိပါကြောင်း။

### ခက်ခက်ခဲခဲဆောင်ရွက်ခဲ့

မသန်စွမ်းဥပဒေသည် ၂၀၁၅ ခုနှစ်ကတည်းက ပေါ်ပေါက်ခဲ့ပါကြောင်း၊ ပိုပြီး တိတိကျကျကျင့်သုံး၍ရရန်၊ နည်းဥပဒေကိုဖော်ဆောင်ရန် ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ရပါကြောင်း၊ မသန်စွမ်းအဖွဲ့အစည်းများအား တတ်နိုင်သလောက် အခွင့်အရေးများ ပေးနိုင်အောင် ရေးဆွဲခဲ့ပါကြောင်း၊ သက်ကြီးရွယ်အို ဥပဒေကိုလည်း ရေးဆွဲနေပြီဖြစ်ကြောင်း။

### တစ်လတစ်သောင်း

သက်ကြီးရွယ်အိုပင်စင်အား ယခုဘတ်ဂျက်က စမည်ဖြစ်ပါကြောင်း၊ အသက်(၉၀) ကျော်သူများအား တစ်လကို တစ်သောင်းထောက်ပံ့မည်ဖြစ်ပါကြောင်း၊ မူဝါဒချမှတ်ထားသည့် အခြေခံလူ့အခွင့်အရေး လူတိုင်းရရှိရေးဆိုသည်ကို အကောင်အထည်ဖော်သည့် သဘောဖြစ်ပါကြောင်း။

နောက်တစ်ချက်မှာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဖြစ်ကြောင်း၊ ခြုံပြီးပြောရပါက မိမိတို့မူဝါဒချမှတ်ထားသည်မှာ ကောင်းမွန်ပြည့်စုံသောစီမံခန့်ခွဲမှု၊ ထိရောက်သောစီမံခန့်ခွဲမှုစနစ်တစ်ရပ်ပေါ်ပေါက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ယခုကယ်ဆယ်ရေး၊ ကြိုတင်ပြင်ဆင်ရေး၊ ပြန်လည်ထူထောင်ရေးများ လုပ်နေပါကြောင်း၊ သို့သော် မိမိတို့၏စီမံခန့်ခွဲမှု အများကြီးလိုအပ်နေသည်ကို တွေ့ရပါကြောင်း။

### တုံ့ပြန်နိုင်ရမည်

သဘာဝဘေးတစ်ခုဖြစ်ပါက ချက်ချင်းဖြစ်သည့်နေရာကို တုံ့ပြန်နိုင်ရမည်ဖြစ်ပါကြောင်း၊ လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ ဝန်ကြီးဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်နေပါကြောင်း။

ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၏ မူဝါဒမှာ စီမံခန့်ခွဲမှုပုံစံကို ကောင်းအောင်ကြိုးစားပါကြောင်း၊ ခံနိုင်ရည်ရှိသည့် အသိုင်းအဝိုင်းဖြစ်အောင် လုပ်ဆောင်မည်ဖြစ်ပါကြောင်း၊ လူမှုတွင် လူ့ဂုဏ်သိက္ခာနှင့် ပြည့်စုံသည့် အသိုင်းအဝိုင်းဖြစ်အောင် လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးတွင် ခံနိုင်ရည်ရှိသည့် အသိုင်းအဝိုင်းဖြစ်အောင် ကြိုးစားမည်ဖြစ်ပါကြောင်း၊ ထိုသို့ဖြစ်ရန်အတွက် စီမံခန့်ခွဲသည့်စနစ်များ ပြောင်းလဲပြီး ဆောင်ရွက်နေပါကြောင်း၊ အောင်မြင်ရန်အတွက် အဓိကအားဖြင့် လူမှုအဖွဲ့အစည်းများ၊ UNIGO များနှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိကြောင်း ပြောကြားသည်။

ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိစေရန် ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး စသည့် ရည်မှန်းချက်များကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ညီနောင်တပ်ဖွဲ့/ဦးစီးဌာနများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနတို့နှင့် ပေါင်းစပ်ညှိနှိုင်းကာ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

### 199 Call Centre စနစ်

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မြို့နယ် ၁၈၁ မြို့နယ်တွင် တပ်ဆင်ထားသည့် 199 Hot Line များသို့ ကြိုးဖုန်းအပြင် CDMA ဖုန်းမှလွဲ၍ အခြား Mobile ဖုန်းများအားလုံး ခေါ်ဆိုနိုင်ရန် ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့အပြင် ရန်ကုန်၊ မန္တလေး၊ နေပြည်တော် မြို့များတွင်လည်း 199 သို့ ခေါ်ဆိုပါက တစ်နေရာတည်းမှ တာဝန်ယူလက်ခံပေးသည့် Call Centre စနစ် တည်ဆောက်ခဲ့ပါကြောင်း၊ အလားတူ ပြည်သူလူထုကို ဝန်ဆောင်မှုများ ပိုမိုပေးစွမ်းနိုင်ရန်အတွက် နေပြည်တော်နှင့် မန္တလေးမြို့ကြီးများတွင် CCTV Command Centre များကို တည်ဆောက်ပြီးစီးခဲ့ပါကြောင်း။

ရဲတပ်ဖွဲ့စွမ်းရည်မြှင့်တင်ရေး ပူးပေါင်းဆောင်ရွက်မှုတွင် ဩစတြေးလျရဲတပ်ဖွဲ့၊ ဩစတြေးလျနိုင်ငံနယ်ခြားစောင့်ရဲအဖွဲ့၊ ဂျပန် KUSI ရဲတက္ကသိုလ်၊ ဆွီဒင်နိုင်ငံအခြေစိုက် လုံခြုံရေးနှင့် မူဝါဒဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်း (ISDP)၊ နိုင်ငံတကာ ရွှေ့ပြောင်းသွားလာမှုအဖွဲ့အစည်း (IOM)တို့နှင့် MoU များလက်မှတ်ရေးထိုး ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

### OSS ရုံးများဖွင့်လှစ်

One Stop Shop ရုံးများ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ရာတွင် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop)များ ထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန ရှစ်ခုမှ အမြဲတမ်းအတွင်းဝန်များအား အဖွဲ့ဝင်အဖြစ်လည်းကောင်း တာဝန်ပေးပြီး စုစုပေါင်း ၁၉ ဦးဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း။

တိုင်းဒေသကြီး၊ ပြည်နယ်၊ နေပြည်တော်ကောင်စီများတွင် (One Stop Shop) များထူထောင်ဖွင့်လှစ် အကောင်အထည်ဖော်ရေးဆပ်ကော်မတီကို တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်အား ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ပြီး အဖွဲ့ဝင် ၁၂ ဦး စုစုပေါင်း ၁၃ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း။

### ငွေကြေးခဝါချမှု

ငွေကြေးခဝါချမှု စိစစ်ခြင်းလုပ်ငန်းများအား စိစစ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရာတွင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနအား တာဝန်ပေးအပ်ခဲ့သည့် အမှုပေါင်း ၉၃ မှု အနက် ၅၆ မှုအား စိစစ်ဆောင်ရွက်ပြီးဖြစ်၍ ၃၇ မှုအား ဆက်လက်စစ်ဆေးဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ အမှု ငါးမှုအား တရားစွဲဆိုဆောင်ရွက်ခဲ့ပြီး စုံစမ်းစစ်ဆေးရသည့်တိုင်စာ ၆၈ မှုအနက် ၅၂ မှု ဆောင်ရွက်ပြီးစီးခဲ့ပြီး ၁၆ မှုအား စစ်ဆေးဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

### အကျဉ်းသား၊ အချုပ်သားမခွဲ

အကျဉ်းဦးစီးဌာနအနေဖြင့် အစိုးရသစ်လက်ထက်တွင် ထောင်ဝင်စာတွေ့ဆုံခွင့်ပြုသည့်လုပ်ငန်းစဉ်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ အကျဉ်းသား၊ အချုပ်သားမခွဲဘဲ ညှိတွေ့ခွင့်ကို တစ်ပတ်လျှင်တစ်ကြိမ် တွေ့ဆုံပေးခြင်း၊ ညှိတွေ့ချိန်ကိုလည်း အနိမ့်ဆုံး ၂၅ မိနစ်အထိ တိုးမြှင့်ဆောင်ရွက်ပေးခြင်းဖြင့် ဖြေလျှော့မှုများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အကျဉ်းဦးစီးဌာနအနေဖြင့် အကျဉ်းသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကျင့်စာရိတ္တကောင်းမွန်စေရေးတို့အတွက် “အ” သုံးလုံးပညာ သင်ကြားပေးခြင်း၊ ဘာသာရေးဆောင်ရွက်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးခြင်း၊ အတန်းပညာဆက်လက်သင်ကြားပေးခြင်း၊ အားကစားပြိုင်ပွဲ၊ ပျော်ပွဲရွှင်ပွဲပြုလုပ်ပေးခြင်း၊ ကျန်းမာရေးပညာပေး ဟောပြောပွဲပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### ယူရို သန်း ၅၀ ချေးငွေရနိုင်ရေး

မီးသတ်ဦးစီးဌာနသို့ ပိုလန်နိုင်ငံအစိုးရ နောက်ခံအခြေပြုဥရောပသမဂ္ဂ၏ တစ်စိတ်တစ်ပိုင်း ကူညီထောက်ပံ့မှုချေးငွေမှ တရားဝင်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့ (ODA) အစီအစဉ်ဖြင့် ခေတ်မီ အဆင့်မြင့်မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးယာဉ်၊ အထောက်အကူပြုယာဉ် စုစုပေါင်း ၆၅ စီးနှင့် စက်ကိရိယာများ၊ ဆက်စပ်ပစ္စည်းများဝယ်ယူရန် ယူရိုသန်း ၅၀ အား ကမ်းလှမ်းချက်အရ ချေးငွေရယူနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုချက်ရရှိပြီး အပြီးသတ်စာချုပ်ချုပ်ဆိုနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

### ၁၆ နာရီမှ ၈ နာရီ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းအနေဖြင့် အိတ်ဖွင့်တင်ဒါပေါင်းရှစ်ခု ခေါ်ထားပါကြောင်း၊ စီမံကိန်းအား ၂၀၁၆-၂၀၂၃ ခုနှစ် မတိုင်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမအဆင့် ရန်ကုန်-တောင်ငူအား ၂၀၂၀ ခုနှစ်မတိုင်မီပြီးစီးရေး ဆောင်ရွက်လျက်ရှိကြောင်း စီမံကိန်းပြီးစီးပါက တစ်နာရီကီလိုမီတာ ၁၀၀ နှုန်းဖြင့် ခုတ်မောင်းနိုင်မည်ဖြစ်ပြီး ခရီးသွားကြာချိန်ကို ၁၆ နာရီမှ ၈ နာရီသို့ လျှော့ချပြေးဆွဲနိုင်မည်ဖြစ်ပါကြောင်း။

### ချေးငွေ၊ ရန်ပုံငွေများ

ရေလမ်းကြောင်းကောင်းမွန်ရေး ဆောင်ရွက်မှုများအနေဖြင့် သယ်ယူပို့ဆောင်ရေးအတွက် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်၊ ကုလားတန် စသည်ဖြင့် မြစ်များစွာရှိသော်လည်း တောပြုန်းခြင်း၊ တောင်ပြုန်းခြင်း၊ စည်းကမ်းမဲ့ သတ္တုတူးခြင်း၊ ရွှေတူးခြင်းများကြောင့် မြစ်ကြီးများတိမ်ကောလာပြီး ရေနစ်မြုပ်ခြင်း၊ မြစ်ကြောင်းပြောင်းလဲခြင်းများဖြစ်ပေါ်ခဲ့ပါကြောင်း၊ မိုးအခါရေကြီးပြီး နွေအခါသောင်ထွန်းခြင်းများသည် နှစ်ပေါင်းများစွာ မြစ်ရေလမ်းကြောင်း ကောင်းမွန်ရေးနှင့် ထိန်းသိမ်းမှုများမရှိခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ ဧရာဝတီမြစ်သည် ဗန်းမော်မြို့မှ ရန်ကုန်မြို့အထိ ရေကြောင်းသွားလာနိုင်သည့် အလျား ၈၃၉ မိုင်ရှိသည့်အနက် ရေလမ်းကြောင်းကောင်းမွန်ပြီး ပြုပြင်ရန် မလိုသည့် အလျားမှာ ၃၇၂ မိုင်၊ ပြုပြင်ပြီး ၁၅ မိုင်၊ ပြုပြင်ရန်အလျား ၄၄၄ မိုင်ဖြစ်ပါကြောင်း၊ ချင်းတွင်းမြစ်သည် ခန္တီးမှ ချင်းတွင်းဝအထိ ရေကြောင်းသွားလာနိုင်သည့် အလျား ၅၀၇ မိုင်ရှိသည့်အနက် ရေလမ်းကြောင်းကောင်းမွန်ပြီး ပြုပြင်ရန်မလိုသည့် အလျားမှာ ၃၂၁ မိုင်၊ ပြုပြင်ပြီး ၁၅ မိုင်၊ ပြုပြင်ရန်အလျား ၁၇၁ မိုင်ဖြစ်ပါကြောင်း၊ လက်ရှိတွင် ကမ္ဘာ့ဘဏ်ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖြင့် မန္တလေး-ညောင်ဦးအပိုင်း မြစ်ရေလမ်းကြောင်း ကောင်းမွန်ရေး ဆောင်ရွက်ရန် စီမံချက်ရေးဆွဲလျက်ရှိပြီး မန္တလေးရေလမ်းကောင်းမွန်ရေး စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုရန်ပုံငွေဖြင့် ခုနစ်ခု၊ သီးသန့်ရန်ပုံငွေ ၁၃ ခုတို့ဖြင့် ရေလမ်းကြောင်းကောင်းမွန်ရေးလုပ်ငန်းများကို စစ်ကိုင်း၊ မကွေး၊ ပဲခူး၊ ဧရာဝတီနှင့် ရှမ်းပြည်နယ်တို့တွင် ဆောင်ရွက်လျက်ရှိပါကြောင်း။

### ပုဂ္ဂလိကမှ စီမံခန့်ခွဲမည်

သီလဝါတွင် မီတာ ၄၀၀ ရှည်သည့် ဆိပ်ခံတံတားကို ဂျပန် ODA ချေးငွေဖြင့် ၂၀၁၈ ခုနှစ်တွင်ပြီးစီးရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၂၁ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါကြောင်း၊ တည်ဆောက်ပြီးစီးလျှင် ပုဂ္ဂလိက Operator က စီမံခန့်ခွဲမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသည့် မီတာ ၆၀၀ ကိုလည်း ဆိပ်ခံတံတားတည်ဆောက်နိုင်ရန် ရင်းနှီးမြှုပ်နှံသူ ရှာဖွေလျက်ရှိပါကြောင်း၊ ရန်ကုန်မြစ်ရေလမ်းကြောင်းအား လိုအပ်သည့်ရေအနက်ရရှိစေရန် အိတ်ဖွင့်တင်ဒါခေါ်ယူထားပြီးဖြစ်ပါကြောင်း၊ အရေးပေါ်ဖြစ်သည့် Elephant Point ရေလမ်းကြောင်း သောင်တူးဖော်မှုကိုလည်းဆောင်ရွက်ခဲ့ပါကြောင်း။

ပြည်တွင်းပြည်ပလေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းမှုအနေဖြင့် မြန်မာအမျိုးသားလေကြောင်းသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှစတင်၍ ပြည်ထောင်စုဘဏ္ဍာငွေပြင်ပမှ ရပ်တည်ခဲ့ပြီး ကော်ပိုရေးရှင်းအသွင် ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ခရီးသွားပြည်သူများကို ဘေးအန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်နိုင်ရန် ART ကိုးစင်း၊ Boeing လေးစင်း၊ Embraer နှစ်စင်း၊ Grand Caravan လေးစင်း လေယာဉ်သစ်များ ဖြည့်တင်းခဲ့ပါကြောင်း၊ ပြည်တွင်းလေဆိပ် ၂၈ ခုသို့ ပုံမှန်ပျံသန်းလျက်ရှိပြီး ပြည်ပခရီးစဉ်များကိုလည်း တိုးချဲ့ပြေးဆွဲလျက်ရှိပါကြောင်း၊ တစ်နှစ်တာအတွင်း ရန်ကုန်-စင်ကာပူ၊ ရန်ကုန်-မန္တလေး-ဘန်ကောက်၊ ရန်ကုန်-ဟောင်ကောင်၊ ရန်ကုန်-ဂယာ၊ ရန်ကုန်-ချင်းမိုင်ခရီးစဉ်များကို စတင်ပြေးဆွဲနိုင်ခဲ့ပါကြောင်း။

### ဂြိုဟ်တုချန်နယ်များ ပြန်လည်ငှားရမ်းမည်

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် ပြီးခဲ့သည့်မတ်လအတွင်း Intelsat Global Sale and Marketing Ltd. နှင့် ငါးနှစ်သက်တမ်းချုပ်ဆိုခဲ့ပြီး မြန်မာဂြိုဟ်တုစနစ်စီမံကိန်း Myanmar Sat 1 ကို တည်ထောင်ခဲ့ကြောင်း၊ ဂြိုဟ်တုချန်နယ်များကို ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကုမ္ပဏီများသို့ သက်သာသောနှုန်းထားများဖြင့် တစ်ဆင့်ပြန်လည်ငှားရမ်းသွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ 2600 MHz လှိုင်းနှုန်းစဉ်အား ပွင့်လင်းစွာလေလံခေါ်ယူခဲ့ရာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၄၄ ဒသမ ၁၆ သန်း လေလံအောင်မြင်ခဲ့ပါကြောင်း၊ လှိုင်းနှုန်းစဉ် အသုံးပြုခအဖြစ် ယခု ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ဘဏ္ဍာ အမေရိကန်ဒေါ်လာ ၆၆ ဒသမ ၇၄ သန်းရရှိခဲ့ပါကြောင်း၊ ၁၈၀၀ လှိုင်းနှုန်းစဉ်ကိုလည်း ဆက်သွယ်ရေးအော်ပရေတာ လေးဦးအား ပုံသေနှုန်းထားစနစ်ဖြင့် သတ်မှတ်ခဲ့ပြီး လာမည့်ဘဏ္ဍာနှစ်တွင် အသုံးပြုခ အမေရိကန်ဒေါ်လာ သန်း ၁၆၀ ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း။

### မိုးလေဝသရေဒါသုံးလုံး

မိုးလေဝသနှင့် ဇလဗေဒကဏ္ဍအနေဖြင့် မုန်တိုင်းများ၏တည်နေရာ၊ ပြင်းအားနှင့် ရွေ့လျားမှုလမ်းကြောင်းများကို အချိန်နှင့်တစ်ပြေးညီ ထောက်လှမ်း၍ သတိပေးချက်များ အခါမလပ် ထုတ်ပြန်နိုင်ရန် မိုးလေဝသရေဒါသုံးလုံးကို ဂျပန်နိုင်ငံ၏ အကူအညီဖြင့် တပ်ဆင်လျက်ရှိပါကြောင်း၊ ပထမရေဒါကို ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ကျောက်ဖြူမြို့နယ် မင်းပြင်ရွာ၊ ဒုတိယရေဒါကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် ရန်ကုန်မြို့ ကမ္ဘာအေး၌ တပ်ဆင်ခဲ့ပြီး မုန်တိုင်းဖြစ်ပေါ်မှုများကို သုံးနာရီလျှင် တစ်ကြိမ် တစ်နေ့ရှစ်ကြိမ် ရှာဖွေထောက်လှမ်းလျက်ရှိပါကြောင်း၊ မန္တလေးရေဒါကို ၂၀၁၇ ခုနှစ် မေလတွင် တပ်ဆင်ပြီးစီးရေးဆောင်ရွက်လျက်ရှိပါကြောင်း။

### RFID စနစ် ဆောင်ရွက်လျက်ရှိ

ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်မှုအနေဖြင့် နှစ်အလိုက် မှတ်ပုံတင်များဆောင်ရွက်ပေးခဲ့ရာ ယခုအခါ မော်တော်ယာဉ် ၁၀၀၃၅၈၈ စီး၊ ဆိုင်ကယ် ၅၁၂၂၇၀၁ စီး စုစုပေါင်း ၆၁၂၆၂၈၉ စီး ရှိလာပြီးဖြစ်ကြောင်း၊ အမျိုးသားယဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီကိုဖွဲ့စည်း၍ မြန်မာနိုင်ငံ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး စီမံချက် (၂၀၁၄-၂၀၂၀)ကို အကောင်အထည်ဖော်လျက်ရှိပါကြောင်း။ ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းရန်၊ ယာဉ်မတော်တဆထိခိုက်မှု၊ ထွက်ပြေးတိမ်းရှောင်နေသောယာဉ်များနှင့် မှတ်ပုံတင်မဲ့ယာဉ်များအား စစ်ဆေးထိန်းချုပ်ရန်အတွက် ယာဉ်များတွင် Radio Frequency Identification (RFID) စနစ် တပ်ဆင်နိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ဝန်ကြီးဌာန၏ တစ်နှစ်တာအတွင်း ပြုပြင်ဆောင်ရွက်ချက်များအနေဖြင့် ကချင်ပြည်နယ်တွင် မလိခတံတား(မချမ်းဘော့) တည်ဆောက်ပေးခဲ့ပြီး မချမ်းဘော့မှ နောင်မွန်းအထိ ကျောက်ချောလမ်းခင်းခြင်းနှင့် လမ်းချဲ့ပေးခဲ့သဖြင့် နေ့ချင်းပြန်၍ ရနေပြီဖြစ်ကြောင်း၊ ရွှေဘိုမှ မြစ်ကြီးနားအပိုင်းကိုလည်း ကွန်ကရစ်လမ်းခင်း၊ လမ်းချဲ့ခဲ့မှုကြောင့် မန္တလေးမှ မြစ်ကြီးနားထိ တစ်ရက်တည်းဖြင့် အရောက်သွား၍ ရနေပြီဖြစ်ကြောင်း၊

ကယားပြည်နယ်တွင် လွိုင်ကော်မြို့တွင်းလမ်းကို AC ခင်းပြီး တန် ၆၀ ခံနိုင်သော ဘီလူးချောင်းတံတား ပေ ၂၇၀ ကိုလည်း မကြာမီဖွင့်လှစ်တော့မည်ဖြစ်ကြောင်း။

ကရင်ပြည်နယ်တွင် မြဝတီတံတားအမှတ် (၂)နှင့် ချဉ်းကပ်လမ်းများကို ၂၀၁၉ ခုနှစ်အစပိုင်းတွင် စတင်အသုံးပြုနိုင်တော့မည်ဖြစ်ပါကြောင်း၊ အရှေ့-အနောက်စင်္ကြံလမ်းမကြီးဖြစ်သည့် မြဝတီ-ကော့ကရိတ်- ဘားအံ- ကျိုက်ထို-ရန်ကုန်လမ်းတွင် အိန္ဒူ-ကော့ကရိတ်အပိုင်းအား ADB ချေးငွေအစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး အိန္ဒူ-ဇာသပြင်အပိုင်းတွင် AC လမ်း ၁၅ မိုင်အား မတ် ၃၀ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ဘားအံ-နောင်လုံ-အိန္ဒူလမ်း၏ ဘားအံမြို့တွင်းလမ်းပိုင်းအား AC ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မုဒုံ-မြဝတီ လမ်းပေါ်တွင်ရှိသော လှိုင်ကွယ်တံတား ပေ ၃၀၀၊ သံဖြူဇရပ်-ဘုရားသုံးဆူ လမ်းပေါ်တွင်ရှိသော ဇမိတံတား ပေ ၃၃၀ နှင့် ဆင်ပြေးတံတား ပေ ၁၈၀ တို့ကို မေ ၈ ရက်တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း။

အရှေ့-အနောက်စီးပွားရေးစင်္ကြံလမ်းဖြစ်သည့် အိန္ဒူ- ကော့ကရိတ်လမ်းပေါ်တွင် JICA၊ ODA ချေးငွေဖြင့် ဂျိုင်း(ကော့ကရိတ်)၊ ဂျိုင်း (ဇာသပြင်) နှင့် အတ္ထရံတံတားများကို ခေတ်မီနည်းပညာများဖြင့် အသစ်ပြန်လည်တည်ဆောက်ရန် F.S နှင့် EIA, SIA များဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

### ဂုတ်ထိပ်တံတားအသစ်

ရှမ်းပြည်နယ်တွင် မန္တလေး-လားရှိုး-မူဆယ်လမ်း ဂုတ်ထိပ်တံတားအသစ်ကို မကြာမီတည်ဆောက်နိုင်တော့မည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် မအူပင်-ကျိုက်လတ်-ဖျာပုံလမ်းကိုလည်း Stalibizated နည်းပညာအသစ်သုံး၍ ADB ချေးငွေဖြင့် AC လမ်းအဖြစ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငါးသိုင်းချောင်း-ဂွလမ်းအား World Bank ချေးငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း စုစုပေါင်း တံတား ၁၄ စင်း တည်ဆောက်လျက်ရှိရာ **စာမျက်နှာ ၁၁ သို့ »»**

»»» စာမျက်နှာ ၁၀ မှ

နတ်ချောင်းတံတား ပေ ၃၄၀ မှာ တည်ဆောက်ပြီးခဲ့ပြီးဖြစ်ပါကြောင်း၊ သကံတံတား၊ စက်ဆန်းတံတားနှင့် ဝေနံတံတား (လေးမျက်နှာ) အား ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း။

ဆောင်ရွက်ဆဲတန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာစီမံကိန်းများအနေဖြင့် နေပြည်တော် ရွှေနံ့သာတွင် အိမ်ခန်း ၈၀၊ ရန်ကုန်မြို့တွင် အိမ်ခန်း ၈၇၁ခန်း၊ မုံရွာမြို့တွင် အိမ်ခန်း ၄၄၀၊ မကွေးမြို့တွင် အိမ်ခန်း ၃၀၄ ခန်း၊ ပုသိမ်မြို့တွင် အိမ်ခန်း ၆၇၆ ခန်း ဆောင်ရွက်လျက်ရှိပြီး အိမ်ခန်းစုစုပေါင်း ၁၀၂၂ ခန်း ဆောင်ရွက်လျက်ရှိရာ ယခု ၂၀၁၇ ခုနှစ်အတွင်း အပြီးတည်ဆောက်ပေးပြီး ပြည်သူလူထုထံသို့ ရောင်းချပေးသွားမည်ဖြစ်ကြောင်း။

## ဝင်ငွေနည်းပြည်သူများဦးစားပေး

အိမ်ခန်းများရောင်းချရာတွင်လည်း ဝင်ငွေနည်းပြည်သူများ နိုင်ငံ့ဝန်ထမ်းများ၊ ကုမ္ပဏီများ၊ ပင်စင်စားများအား ဦးစားပေးစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပြီး ပြည်သူများ အိမ်ရာပိုင်ဆိုင်နိုင်ရေးအတွက် ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်မှ အိမ်ရာအပေါင်ချေးငွေစနစ်ဖြင့် ရှစ်နှစ်မှ ၁၀ နှစ်ထိ ဝယ်ယူနိုင်အောင် စီစဉ်ဆောင်ရွက်ထားပါကြောင်း ပြောကြားသည်။

## ရဟတ်ယာဉ်ဝယ်ယူရေး

သဘာဝဘေးအန္တရာယ်နှင့်ရင်ဆိုင်ရသည့်အခါ ချက်ချင်းတုံ့ပြန်နိုင်ရေးအတွက် ပိုမိုထိရောက်စေရန် ရဟတ်ယာဉ်ဝယ်ယူရန် ရှိ/မရှိ ကချင်ပြည်နယ်ရှိ ကယ်ဆယ်ရေးစခန်းများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးရန် ရှိ/မရှိနှင့်ပတ်သက်၍ မေးမြန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ကြီးကြပ်၍ သဘာဝဘေးအန္တရာယ်ကျရောက်သည့် ဒေသများတွင် ချက်ချင်းတုံ့ပြန်ရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရဟတ်ယာဉ်ဝယ်ယူနိုင်ရေးကိစ္စကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကချင်ပြည်နယ်ရှိ ဒုက္ခသည်များနှင့်ပတ်သက်၍ ဘေးအန္တရာယ်နှင့် ကြုံတွေ့လာပါက ဘေးဒုက္ခရောက်သူအားလုံးကို အလျင်အမြန်တုံ့ပြန်ပါကြောင်း၊ ရေရှည်ကူညီဆောင်ရွက်သည့် လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပါကြောင်း၊ ဆောင်ရွက်သည့်အခါတွင် ကချင်ပြည်နယ် ဒုက္ခသည်စခန်းများကို လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပုံမှန်ပေးလျက်ရှိပါကြောင်း။

စခန်းရှိ အမျိုးသား၊ အမျိုးသမီး၊ ကလေးများအကျိုးရှိမည့်လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ကချင်ပြည်နယ်တွင် အဆိုပါလုပ်ငန်းများကို ဦးစားပေးပြီး စတင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အသက်မွေးဝမ်းကျောင်းပညာရပ်များနှင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းများကို သင်ကြားလေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ အမျိုးသားများအတွက်လည်း သက်မွေးပညာရပ်များကို သင်ကြားပေးလျက်ရှိပါကြောင်း၊ ကလေးများ၏ ပညာရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

## မူကြမ်းရေးဆွဲလျက်ရှိ

လူမှုဝန်ထမ်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါ်စန်းစန်းအေးက အမျိုးသမီးများ အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေကို ဝန်ကြီးဌာနအနေဖြင့် မူကြမ်းရေးဆွဲလျက်ရှိပါကြောင်း။

ဥပဒေအဖြစ်ထွက်ရှိလာပါက ပြည်သူလူထုနှင့် ဥပဒေကိုအရေးယူဆောင်ရွက်မည့် ဌာနများတွင် ရှင်းရှင်းလင်းလင်း ပိုမိုနားလည်ဆောင်ရွက်နိုင်ရန် နည်းဥပဒေများ ရေးဆွဲရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို နောက်ပိုင်းနည်းဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဒုက္ခသည်စခန်းမှ ပြည်သူတွေအတွက် ယခုဘဏ္ဍာနှစ်တွင် ဘတ်ဂျက်မည်မျှရရှိထားသည့် မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်က ဘေးအန္တရာယ်တွင် သဘာဝဘေးအန္တရာယ်နှင့် လူတို့ကြောင့်ဖြစ်သော ဘေးအန္တရာယ်ဟူ၍ နှစ်မျိုးရှိပါကြောင်း၊ ဘေးအန္တရာယ်နှစ်မျိုးလုံးနှင့်ပတ်သက်၍ ဝန်ကြီးဌာနအနေဖြင့် ကိုင်တွယ်ဖြေရှင်းရပါကြောင်း၊ အစိုးရဘတ်ဂျက်နှင့် နှစ်စဉ်ဘတ်ဂျက်အရဆိုလျှင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတွင် ယခုဘတ်ဂျက်တွင် ကျပ် ၆ ဒသမ ၅ ဘီလီယံရှိပါကြောင်း၊ သဘာဝဘေးအန္တရာယ်၊ လူကြောင့်ဖြစ်သည့် ဘေးအန္တရာယ်များတွင် ပြည်သူလူထုကို ကယ်ဆယ်ရေးပစ္စည်းများ အမြန်ဆုံးထောက်ပံ့သည့်လုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ရေတိုလုပ်ငန်းများကို အဓိကလုပ်ပေးပါကြောင်း၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေရှိပါကြောင်း၊ ယခင်နှစ်က နိုင်ငံတော်အစိုးရက ၂၀ ဘီလီယံကျပ် ချထားပေးပါကြောင်း၊ ယခုနှစ်တွင်လည်း ၂၀ ဘီလီယံကျပ် ထပ်မံချထားပေးပါကြောင်း။

## ရန်ပုံငွေပေါင်းစပ်အသုံးပြုနေ

ယခင်နှစ်မှ ပိုသည့်ရန်ပုံငွေနှင့် ယခုနှစ်ချထားသော ရန်ပုံငွေပေါင်းစပ်၍ ဆက်လက်ပြီး လိုအပ်သောနေရာများတွင် အသုံးပြုမည်ဖြစ်ကြောင်း။

ဒုက္ခသည်စခန်းများတွင် ပြန်လည်ထူထောင်ရေး လုပ်သည့်အခါတွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် လုပ်ခြင်းဖြစ်ကြောင်း၊ ကလေးများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်သောကြောင့် ကလေးပျော်နေရာဌာနများ ဖန်တီးဆောင်ရွက်ပေးပါကြောင်း၊ ထိုကိစ္စများကို လူမှုဝန်ထမ်းဦးစီဌာနမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကလေးများနှင့် အမျိုးသမီးများ၏ အသက်မွေးဝမ်းကျောင်းအတွက် ၅၇၅ သန်းဖြင့် ဘတ်ဂျက်ထဲတွင် သုံးစွဲနေပါကြောင်း ဖြည့်စွက်ရှင်းလင်းဖြေကြားသည်။

## ပေးပို့ညွှန်ကြားခြင်းမရှိသေး

ဝန်ကြီးချုပ်ဟောင်း ဦးဘုန်းမော်ရွှေကို မည်သို့ စုံစမ်းနေသည်၊ မည်သို့ အရေးယူမည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က မကွေးတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေနှင့်စပ်လျဉ်း၍ နိုင်ငံတော်မှ တာဝန်ပေးစုံစမ်းစစ်ဆေးခိုင်းသည့်အတွက် သမ္မတရုံး၏တာဝန်ပေးချက်အရ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက မကွေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် စုံစမ်းစစ်ဆေးခဲ့ပြီးဖြစ်ကြောင်း၊ စုံစမ်းစစ်ဆေးတွေ့ရှိချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုရှေ့နေချုပ်ရုံး၏ ဥပဒေအကြံပြုချက်များ တောင်းခံခဲ့ကြောင်း၊ အဆိုပါအကြံပြုချက်များနှင့်အတူ နိုင်ငံတော်သမ္မတရုံးသို့ ပြန်လည်တင်ပြထားပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးမှ အတည်ပြုခြင်း၊ ညွှန်ကြားခြင်းများ တစ်စုံတစ်ရာပေးပို့ညွှန်ကြားခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

## လူထုရှိသည့်နေရာ၌သာ

နေပြည်တော်ရှိ ဝန်ကြီးဌာနများရှေ့တွင် ဆန္ဒဖော်ထုတ်ခွင့်မပြုဘဲ ဝန်ကြီးဌာနများနှင့် ဝေးလံသည့်နေရာဒေသများ၌သာ မည်သည့်အတွက်ကြောင့် ခွင့်ပြုပေးပါသနည်း မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးတင်မြင့်က ဆန္ဒဖော်ထုတ်ခြင်းသည် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေနှင့် ဆက်စပ်နေပါကြောင်း၊ ဆန္ဒဖော်ထုတ်ရန် သက်ဆိုင်ရာ၌ အနည်းဆုံး ၅ ရက် ကြိုတင်လျှောက်ထားရပါကြောင်း၊ ထိုသို့ဆန္ဒဖော်ထုတ်ရန် လျှောက်ထားသည့်နေရာသည် အများပြည်သူ အနှောင့်အယှက်ဖြစ်စေနိုင်သည့်နေရာ၊ ရုန်းရင်းဆန်ခတ်ဖြစ်နိုင်သည့်နေရာနှင့် လုံခြုံတည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေနိုင်သည့်နေရာများဖြစ်နေပါက ၄၈ နာရီအတွင်း ဥပဒေနှင့်အညီ ပြန်လည်ဖြေကြားပေးပါကြောင်း၊ ဆန္ဒဖော်ထုတ်သည်ဆိုသည်မှာ အများပြည်သူသိရှိနိုင်သည့်နေရာတွင်သာ ဆန္ဒဖော်ထုတ်ကြပါကြောင်း၊ ဝန်ကြီးဌာန၌ ဝန်ထမ်းများသာရှိပါကြောင်း၊ ဆန္ဒဖော်ထုတ်ရန် လူထုရှိသည့်နေရာ၌သာ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ဂရန်မလိုဘဲနေထိုင်၍ရ

ကျေးလက်ဒေသများတွင် ဂရန်မြေကို မည်မျှထိတိုးချဲ့၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ရွာသူရွာသားများသည် ဂရန်မလိုဘဲနေထိုင်၍ရပါကြောင်း၊ အခွန်လွတ်ဂရန်ဖြင့် နေထိုင်နိုင်ပါကြောင်း၊ ယနေ့ကာလတွင် ကျေးရွာများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ဂရန်ရရှိရန်တင်ပြသည်များရှိရာ ဂရန်များကို နှစ်စဉ်တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တောင်းဆိုချက်နှင့် လိုအပ်ချက်များအရ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခွန်လွတ်သာသနာ့ဂရန်ကိုလည်း လျှောက်ထားမှုများအရ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေထိုင်မည်ဆိုပါက နေပြည်တော်စည်ပင်မှ ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြေကြားသည်။

## ရေဆုံးမြေဆုံးစုံစမ်းလျက်ရှိ

ဇန်နဝါရီ ၂၉ ရက်တွင် ရန်ကုန်လေဆိပ်၌ လုပ်ကြံခံရသည့် ဦးကိုနီအမှုကိစ္စတွင် တရားခံပြေးအဖြစ်သတ်မှတ်ထားသည့် အောင်ဝင်းခိုင်နှင့်စပ်လျဉ်း၍ ရဲတပ်ဖွဲ့၏ ဆောင်ရွက်မှုကို သိလိုကြောင်းမေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းက အောင်ဝင်းခိုင်နှင့်ပတ်သက်၍ နေပြည်တော်ရှိ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာတာဝန်ရှိသူများနှင့်အတူ ပိုက်စိပ်တိုက်ရှာဖွေခဲ့ပါကြောင်း၊ အောင်ဝင်းခိုင်၏ ဓာတ်ပုံနှင့် နောက်ကြောင်းစာများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ စုံစမ်းဖမ်းဆီးနိုင်ရန် ပေးပို့ထားပါကြောင်း၊ ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများ၌ပါ တိမ်းရှောင်၍ မရစေရန် အာဆီယံနိုင်ငံများသို့ အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး ပေးပို့ထားရှိပါကြောင်း၊ အင်တာပိုလ်သို့ပေးပို့ခြင်းသည် အင်တာပိုလ်အဖွဲ့ဝင်နိုင်ငံများ၏ လုပ်ထုံးလုပ်နည်းဖြစ်ပါကြောင်း၊ အောင်ဝင်းခိုင်ကို ဖမ်းဆီးရမိရန် ရေဆုံးမြေဆုံး စုံစမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တရားမဝင်လက်နက်ကိုင်ဆောင်သူများကို ထိရောက်သည့်ပြစ်ဒဏ်ချမှတ်ရေးအတွက် လက်နက်ကိုင်ဆောင်သည့်ဥပဒေကို တိုးမြှင့်ရန်နှင့် ပြင်ဆင်ရန်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ရဲချုပ်ဇော်ဝင်းက လက်ရှိအခြေအနေနှင့် ကိုက်ညီသည့် လက်နက်ဥပဒေတစ်ရပ်ဖြစ်ပေါ်လာရန် လွှတ်တော်နှင့် ပေါင်းစပ်ပြင်ဆင်သွားမည့် ဥပဒေများ၌ လက်နက်ဥပဒေပါဝင်ပါကြောင်း၊ တရားမဝင်လက်နက်ကိုင်ဆောင်သူများကို ထိရောက်စွာ ရှာဖွေဖမ်းဆီးရမိနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားသည်။

## အမုန်းစကားအပေါ် မူတည်

ဆက်သွယ်ရေးဥပဒေပါ ပုဒ်မ ၆၆/ဃ ပြင်ဆင်ရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်း မေးခွန်းနှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ယခုဖြစ်နေသည့်ပြဿနာသည် အမုန်းစကားအပေါ် မူတည်ပြီး ဖြစ်ပွားနေသည့် ပြဿနာများဖြစ်ပါကြောင်း၊ ဥပဒေကို ပထမစတင်ပြဋ္ဌာန်းစဉ်က အမုန်းစကားအပေါ် အခြေခံပြီး ဆောင်ရွက်ခဲ့ခြင်းမဟုတ်ပါကြောင်း၊ ဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်နှင့် ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်နေသူများ လွယ်ကူအဆင်ပြေစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သည့် ဥပဒေတစ်ရပ်ဖြစ်ပါကြောင်း၊ နောက်ပိုင်းတွင် နိုင်ငံရေးတွင်သာမက ပြည်သူများအချင်းချင်း ဥပဒေကိုအကြောင်းပြု၍ တရားစွဲခြင်း၊ အာမခံမရရှိခြင်း စသည်တို့ပေါ်ပေါက်လာရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

## ပုဒ်မ ၆၆/ဃ

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်းက ဆက်သွယ်ရေးကဏ္ဍကို ယခင်က နိုင်ငံတော်ကနေ ဆောင်ရွက်သည့် အနေအထားမှ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ဆက်သွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ဥပဒေပါ ပုဒ်မ ၆၆/ဃ နှင့်ပတ်သက်၍ မည်သို့ပြုပြင်ဆောင်ရွက်လျှင် အကောင်းဆုံးဖြစ်မည်ကို ဝန်ကြီးဌာနအတွင်း ဆွေးနွေးလျက်ရှိပြီး သက်ဆိုင်ရာ ဥပဒေဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ဧက ၉၀၀၀ ခန့်ရှိသည့် စီမံကိန်း

ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းနှင့်ပတ်သက်၍ မည်သည့်အချိန် စတင်မည်၊ မည်သည့်ကုမ္ပဏီများကို တင်ဒါပေးထားသည်ကို သိလိုကြောင်း မေးခွန်းနှင့်ပတ်သက်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဝင်းခန့်က ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းသည် ယခင်အစိုးရလက်ထက်ကတည်းက စတင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအစိုးရလက်ထက်တွင်လည်း အမှန်တကယ်လိုအပ်မှု၊ ရင်းနှီးမြှုပ်နှံမှုအပိုင်း၊ နေရာရွေးချယ်မှုများကို ဒုတိယသမ္မတနှင့် ကော်မတီတို့ များစွာ ဆွေးနွေးခဲ့ပါကြောင်း၊ လုပ်ငန်းဆိုင်ရာစာချုပ်ချုပ်ဆိုရန်အတွက် တင်ဒါအောင်မြင်ထားသည့်ကုမ္ပဏီတို့ နှစ်ဖက်မျက်နှာချင်းဆိုင်၍ အကြိမ်ပေါင်းများစွာ ဆွေးနွေးခဲ့ပါ ကြောင်း၊ စီမံကိန်းသည် ဧက ၉၀၀၀ ခန့် ရှိသည့်အတွက် အဆင့်အလိုက် မည်သို့ဆောင်ရွက်သွားမည်၊ မည်သို့ရင်းနှီးသွားမည်ကို ဆွေးနွေးနေခြင်းဖြစ်ပါ ကြောင်း။

စီမံကိန်း၏ ရည်ရွယ်ချက်ပါ အချိန်သတ်မှတ်ချက်အရ ၂၀၁၇ ခုနှစ်အတွင်းတွင် လုပ်ငန်းဆိုင်ရာစာချုပ် ချုပ်ဆိုလက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်း၊ သို့သော် အဓိကအရေးပါနေသည်မှာ ချေးငွေကို ဂျပန်အစိုးရခွင့်ပြုရန်လည်း ကျန်ရှိနေပါကြောင်း၊ စီမံကိန်း၏ အောင်မြင်မှုအတွက် ချေးငွေရရှိရေးသည် အဓိကကျသည့်အခန်းကဏ္ဍမှ တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ အဆိုပါကိစ္စများ အစဉ်ပြေချောမွေ့အောင်မြင်ပါက စီမံကိန်းကို ယခုနှစ်တွင် စတင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

## တင်ဒါပေးထားခြင်းမရှိသေး

လေကြောင်းပို့ဆောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်က ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းနှင့် ပတ်သက်၍ ၂၀၁၆ ခုနှစ်က frame work agreement ကို လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် construction agreement ထိုးရန် ဆွေးနွေးလျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်းကို အမြန်ဆုံးစတင်ချင်ပါကြောင်း၊ လောလောဆယ်အချိန်ထိ မည်သည့်ကုမ္ပဏီကိုမှ တင်ဒါပေးထားခြင်းမရှိသေးပါကြောင်း ဖြည့်စွက်ရှင်းလင်းဖြေကြားသည်။

## အမြန်လမ်းအဆင့် မရောက်ရှိသေး

ရန်ကုန်-မန္တလေးအမြန်လမ်းကို လေးလမ်းသွားအဖြစ် မည်သည့်ကာလတွင် ဖော်ဆောင်ပါမည်နည်း၊ မည်သည့်ကုမ္ပဏီများကို ပေးထားပါသနည်း မေးခွန်းများနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ရန်ကုန်-မန္တလေးအမြန်လမ်းသည် တစ်နှစ်လျှင် လူ ၁၆ သန်းခန့် သွားလာအသုံးပြုနေသည့်အတွက် မည်မျှထိအရေးကြီးသည်ကို ခန့်မှန်း၍ရပါကြောင်း၊ အဆိုပါလမ်းသည် အမြန်လမ်းအဆင့်သို့ မရောက်ရှိသေးပါကြောင်း၊ ထိုသို့ဆောင်ရွက်ရန် အင်တာနေရှင်နယ် တင်ဒါခေါ်ယူမည်ဖြစ်ကြောင်း၊ ချေးငွေဆိုင်ရာ စာချုပ်ချုပ်ဆိုနိုင်ရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ အတည်ပြုချက်ရယူရဦးမည်ဖြစ်ကြောင်း ဖြေကြားသည်။

## ကိုရီးယားချေးငွေ ဒေါ်လာ ၁၃၈ သန်း

ရန်ကုန်-ဒလ မြစ်ကူးတံတားကို မည်သည့်ကာလတွင် တည်ဆောက်မည်၊ ခန့်မှန်း မည်မျှကုန်ကျမည်ကို သိလိုကြောင်းမေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ရန်ကုန်-ဒလ မြစ်ကူးတံတားတည်ဆောက်ရန် လွန်ခဲ့သည့် ၂၀၀၈ ခုနှစ်ကတည်းက ဆောင်ရွက်ခဲ့ကြောင်း၊ ရန်ကုန်မြို့ ဘုန်းကြီးလမ်းနှင့်တည့်တည့် ဒလဘက်ကမ်းကို ရွေးချယ်ခဲ့ကြောင်း၊ တံတားတည်ဆောက်ရန် လေ့လာမှုများကို အသေးစိတ်ဆောင်ရွက်ခဲ့ကြောင်း၊ ကိုရီးယားနိုင်ငံ ချေးငွေ ဒေါ်လာ ၁၃၈ သန်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြီးဖြစ်ပါကြောင်း၊ ဒလဘက်ကမ်းရှိ ပြည်သူများကိုလည်း လျော်ကြေးပေး၍ ရွှေ့ပြောင်းထားပြီးဖြစ်ကြောင်း ဖြေကြားသည်။

## ဖြတ်သန်းသွားလာခွင့်ပြုမည်

မွန်ပြည်နယ်ရှိ ချောင်းဆုံတံတားကို မည်သည့်ကာလတွင် ဖွင့်လှစ်မည်ကို သိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ အမြဲတမ်းအတွင်းဝန် ဦးကျော်လင်းက ဗိုလ်ချုပ်မွေးနေ့ဖြစ်သည့် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းတံတားဟု အမည်ပေးခဲ့ကြောင်း၊ ဧပြီလ နောက်ဆုံးပတ်တွင် တံတားခံနိုင်ဝန်စစ်ဆေးပြီးပါက အများပြည်သူဖြတ်သန်းသွားလာနိုင်ရန် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဂုတ်ထိပ်တံတား အသစ်တည်ဆောက်မည်ဆိုခြင်းနှင့် စပ်လျဉ်း၍ ပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရန် နောင်ချိုမြို့ရှောင်လမ်း ဖောက်လုပ်ပြီး ဂုတ်ထိပ်ရထား တံတားနှင့်အပြိုင် တံတားတည်ဆောက်မည် ဖြစ်ကြောင်း၊ တံတားတည်ဆောက်ရန် ဒီဇိုင်းရေးဆွဲထားပြီးဖြစ်ကြောင်း၊ အမြန်ဆုံး စတင်တည်ဆောက်နိုင်ရန် စီစဉ်နေပါကြောင်း ရှင်းလင်းဖြေကြားသည်။

**(သတင်းစဉ်)**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဖွင့်လှစ်၍ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိရာ မေ ၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၈၉ စီး၊ သွင်းကုန် ၅၆၃ စီး၊ ရန်ကုန်- မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၆ စီး၊ သွင်းကုန် ၁၇၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးကျပ် ၇ ဒသမ ၆၄၉၇ သန်းခန့်)ရှိပြီး ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ ၉ ရက်တွင် မြဝတီမှ ရန်ကုန်သို့ သွားရောက်မည့် မှန်လုံယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Canned fish 775 kg, Tomato Ketchup 396 kg, Biscuit 150 Pkgs စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် ၂ ဒသမ ၉၁၆၄ သန်းခန့်အား တွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**



သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Canned fish, Tomato Ketchup, Biscuit များအား တွေ့ရစဉ်။

# ညောင်လေးပင်မြို့၌ ဆီဘောက်ဆာယာဉ် မီးလောင်မှုဖြစ်ပွား

**ညောင်လေးပင် မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ မျက်စိဆေးရုံအနီး မေ ၁၀ ရက် နံနက် ၀၀း၄၅ နာရီခန့်က ဆီဘောက်ဆာယာဉ်တစ်စီး မီးလောင်ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ပြွန်တန်ဆာနယ်မြေရဲစခန်း၌ ဒု-ရဲအုပ်တင်ထွန်းဦး တာဝန်မှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ယာဉ်တစ်စီး မီးလောင်ကြောင်း သတင်းအရ မြို့နယ်မီးသတ်ဦးစီးမှူး ဦးသိန်းထိုက်၊ ပြွန်တန်ဆာမီးသတ်တပ်စုမှူး ချမ်းမြေ့ထွန်းဦးစီးသော တပ်ဖွဲ့ဝင် ၁၀ ဦး၊ မီးသတ်ယာဉ်ခြောက်စီး၊ သက်သေများ၊ တာဝန်ရှိသူများနှင့် သွားရောက်စစ်ဆေးရာ ပြွန်တန်ဆာမြို့နယ်အတွက် ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ် (၉၄/၃-၄) အကြား သီတဂူစက္ခုဒါန မျက်စိဆေးရုံအနီးတွင် ရန်ကုန်ဘက်မှ တောင်ကြီးဘက်သို့ ယာဉ်မောင်း သန်းထွန်း(၅၂)နှစ် ရွှေမင်းဝံရပ် စစ်ကိုင်းမြို့နေသူ မောင်းနှင်လာသော 6J/--- ဟီးနိုး ၁၂ ဘီးအဖြူရောင် ဒီဇယ်များ တင်ဆောင်လာသော ဆီဘောက်ဆာယာဉ်သည် ယာဉ်နောက်ဝဲဘက်ဘီး အပူလွန်ကဲ၍ မီးလောင်ကျွမ်းခဲ့ရာ နောက်ဘီးတာယာလေးလုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# နေအိမ်အတွင်း ထင်းချောင်းများဖြင့် ဖုံးထားသော စိတ်ကြွဆေးပြားများနှင့် ဘိန်းဖြူရှစ်ဂရမ်ခန့် သိမ်းဆည်းရမိ

**ဗန်းမော် မေ ၁၀**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဗန်းမော်မြို့နယ် ကျွန်းကြီးကျေးရွာအုပ်စု ကမ်းနီကျေးရွာ၌ နေအိမ်အတွင်းမှ ထင်းချောင်းများနှင့် ဖုံးထားသော စိတ်ကြွဆေးပြား ၈၃ ပြားနှင့် ဘိန်းဖြူရှစ်ဂရမ်ခန့် သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဗန်းမော်ခရိုင်မှုခင်းအကူဌာနမှ ရဲအုပ်မြင့်ထူး၊ ဒု-ရဲအုပ်ကျော်ဟန်ဖြိုး၊ ရဲတပ်ကြပ်ကြီးအောင်ထွန်းလင်းတို့နှင့်အတူ ဗန်းမော်မြို့နယ် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဦးဉာဏ်ဝင်းနှင့်အဖွဲ့ဝင် ဦးညွန့်တင်တို့သည် မေ ၁၀ ရက် နံနက် ၆ နာရီတွင် မူးယစ်ဆေးဝါးသတင်းအရ ဗန်းမော်မြို့နယ် ကျွန်းကြီးကျေးရွာအုပ်စု ကမ်းနီကျေးရွာနေ မောင်မောင်(ခ) မောင်မောင်ကျော်၏ နေအိမ်၌ ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်တွင် အသင့်တွေ့ရှိပြီး ဆက်လက်ရှာဖွေရာ နေအိမ်မီးဖိုချောင်ဘေး ထင်းချောင်းများနှင့်ဖုံးထားသော အနက်ရောင်ကြွပ်ကြွပ်အိတ်အတွင်းတွင် ပန်းရောင်စိတ်ကြွဆေးပြား ၈၃ ပြား (အလေးချိန် ၈ ဒသမ ၃ ဂရမ်)နှင့် Royal Lipo တံဆိပ်ပါ ဖန်ပုလင်းအတွင်းထည့်လျက် ဘိန်းဖြူလေးဂရမ်ခန့်စီပါ ပုလင်းနှစ်လုံး စုစုပေါင်း ဘိန်းဖြူ ရှစ်ဂရမ်ခန့်တို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ မူးယစ်ဆေးဝါးများ ရောင်းချရန်နှင့်သုံးစွဲရန် လက်ဝယ်တွေ့ရှိသူ မောင်မောင် (ခ)မောင်မောင်ကျော်(၄၁)နှစ် ကမ်းနီကျေးရွာ ကျွန်းကြီးအုပ်စု ဗန်းမော်မြို့နယ်နေသူအား ဗန်းမော်မြို့မရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဘိလပ်မြေတင်ဆောင်လာသော(၂၂)ဘီးယာဉ်က ဘုရားဖူးယာဉ်အား ဝင်တိုက်၊ ဘုရားဖူးယာဉ် ချောက်ထဲထိုးကျတိမ်းမှောက်

**ဘားအံ မေ ၁၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-သထုံကားလမ်းတွင် ဘားအံဘက်မှ ဘုရားဖူးပြန်လာသော ကန်တာခြောက်ဘီးယာဉ်အား ယာဉ်ကြောတစ်ခုတည်း နောက်မှ ဘိလပ်မြေတင်ဆောင်လာသော (၂၂)ဘီးယာဉ်က ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောက ယာဉ်တစ်စီးလာနေသဖြင့်မလွတ်၍ မိမိလမ်းကြောအတွင်း ပြန်ဝင်စဉ် ဘုရားဖူးယာဉ်အား ဝင်တိုက်မိရာ ဘုရားဖူးယာဉ်မှာ လမ်းဘေး ချောက်ထဲထိုးကျသွားခဲ့ပြီး ဘုရားဖူးလိုက်ပါလာသည့် ခရီးသည် ၁၀ ဦး ဒဏ်ရာများ ရရှိသွားခဲ့သည်။

ဖြစ်စဉ်မှာ မေ ၉ ရက် ညနေ ၄ နာရီက ဘားအံ-သထုံကားလမ်းတွင် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မြိုင်ကလေးရဲကင်းစခန်းမှူး ရဲအုပ်ဝင်းနိုင်ဦးစီးအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ဘားအံ-သထုံကားလမ်းအတိုင်း ဘားအံဘက်မှ သထုံဘက်သို့ ယာဉ်မောင်း မောင်ဘ (၄၇)နှစ် လိပ်အင်းရပ်ကွက် သထုံမြို့ မွန်ပြည်နယ် နေသူမောင်းနှင်သည့် ယာဉ်အမှတ် (စိစစ်ဆဲ) Canter အမျိုးအစား အပြာရောင်ခြောက်ဘီးယာဉ်သည် ဘားအံ-သထုံကားလမ်း မိုင်တိုင်အမှတ် (၁၆/၇)၊ တံတားအမှတ် (၄/၁၇)အနီးအရောက် ယာဉ်ကြောတစ်ကြောတည်းနောက်မှ ရန်နောင်စိုး (၄၃)နှစ် လှာကာကျေးရွာ ဘားအံမြို့နယ်နေသူ မောင်းနှင်ပြီး ဘိလပ်မြေများ တင်ဆောင်လာသော ၁ဃ/---- HYUNDAI အမျိုးအစား (၂၂)ဘီး အနီရောင်ယာဉ်က ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောမှ ယာဉ်တစ်စီး မောင်းနှင်လာသဖြင့် ၎င်း၏ ယာဉ်ကြောအတွင်းသို့ ပြန်လည်ဝင်ရောက်စဉ် ယာဉ်အား အရှိန်မထိန်းနိုင်သဖြင့် ရှေ့မှ မောင်းနှင်နေသော Canter ယာဉ်၏ ဝဲဘက်တံခါးထောင့်စွန်းအား ပွတ်တိုက်မိ၍ Canter ယာဉ်မှာ လမ်း၏ ယာဘက်ချောက်ထဲသို့ ထိုးကျသွားခဲ့သဖြင့် ဘုရားဖူးယာဉ်ပေါ်လိုက်ပါလာသူများ ထိခိုက်ဒဏ်ရာများ ရရှိသဖြင့် ဘားအံဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့သည်။



ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ရန်နောင်စိုးအား အရေးယူပေးရန် မြိုင်ကလေးရဲကင်းစခန်း တာဝန်မှူးဒု-ရဲအုပ်အာကာစိုးသူက တရားလိုပြုလုပ်ကာ ဘားအံမြို့မရဲစခန်းတွင် ယာဉ်(ပ) ၂၈/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၃၈/၃၃၇/၂၇၉ ဖြင့်အမှုဖွင့်ပြီး စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

**မင်းသူ၊ထွန်းထွန်းထွေး(ဘားအံ)**

○○

# ရွှေပြည်သာမြို့နယ်ရှိ ပဲစက်ရုံတစ်ရုံတွင် မီးလောင်မှုဖြစ်ပွား ဂိုဒေါင်တစ်လုံးနှင့် အတွင်းရှိကုန်ပစ္စည်းများ မီးလောင်ဆုံးရှုံး

**ရန်ကုန် မေ ၁၀**

ရွှေပြည်သာမြို့နယ် စက်မှုဇုန် (၃) ဒညင်းကုန်းရပ်ကွက်ရှိ အောင်ကျွန်းသာပဲစက်ရုံတွင် မေ ၉ ရက် ည ၉ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားရာ ဂိုဒေါင်တစ်လုံးနှင့် အတွင်းရှိကုန်ပစ္စည်းများ မီးလောင်ကျွမ်းသွားကြောင်း ကနဦးသတင်းများအရ သိရသည်။

"မီးတောက်တွေများလာတော့မှ ပတ်ဝန်းကျင်ကသိကြတယ်။ မီးသတ်ကားတွေရောက်လာတော့လည်း ဝင်ဖို့ အခက်အခဲဖြစ်နေတာတွေ့ရတယ်။ အချိန်မီငြိမ်းသတ်နိုင်လို့တော်သေးတယ်။ စလောင်တဲ့အချိန်တုန်းက အထဲမှာ လူတွေပိတ်မိလို့ အချိန်မီကယ်ထုတ်ခဲ့ရတယ်လို့တော့ကြားတယ်" ဟု အဆိုပါ မီးလောင်မှုအနီးရှိ မျက်မြင်တွေ့ရှိသူ ကိုကျော်စွာက ပြောသည်။

မီးလောင်ရာသို့ သက်ဆိုင်ရာတာဝန်ရှိသူတို့နှင့်အတူ သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ယာဉ် ၃၅ စီးခန့်ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ည ၁၀ နာရီတွင် မီးငြိမ်းသွားကြောင်း သိရသည်။

"မီးလောင်နေတဲ့အချိန်မှာ ကျွန်တော်တို့အနေနဲ့ လုံခြုံရေးဆောင်ရွက်ပေးထားတယ်။ ပီနံအိတ်တွေကနေတစ်ဆင့် ပဲဂိုဒေါင်ကို လောင်တယ်လို့တော့ အကြမ်းဖျင်းသိရတယ်။ ဘာတွေလောင်ကျွမ်းသွားတယ်ဆိုတာတော့ အတိအကျမသိရသေးပါဘူး။ ဆုံးရှုံးမှုတန်ဖိုးကိုလည်း စိစစ်နေတုန်းပါ။ ထိခိုက်ဒဏ်ရာရရှိတဲ့သူတော့မရှိပါဘူး"ဟု ရန်ကုန်မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဦးယုနိုင်က ပြောသည်။

အဆိုပါမီးလောင်မှုကြောင့် မီးကိုပေါ့ဆစွာ အသုံးပြုသူအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး လတ်တလောကာလတွင် မီးလောင်မှု အကြောင်းရင်းနှင့် ဆုံးရှုံးမှုတန်ဖိုးကို စိစစ်လျက်ရှိကြောင်း ကနဦးသတင်းများအရ သိရသည်။

**ဇော်ကြီး(ပဏ္ဍိတ)**

စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး
အားကစားကဏ္ဍမြှင့်တင်ပေး

# လှုပ်လှုပ်ရှားရှား အပြောင်းအရွှေ့သတင်းများ

***ဒီတစ်ပတ်လှုပ်လှုပ်ရှားရှား အပြောင်းအရွှေ့သတင်းများအစီအစဉ်မှာ ရီးယဲလ်တိုက်စစ်အတွဲ ဘေးလ်-ဘင်ဇီမာ-စီရိုနယ်လ်ဒိုတို့ထဲကတစ်ယောက်ကို လာမယ့်နွေဈေးကွက်အတွင်း ရောင်းချမယ်၊ မန်ယူရဲ့ ပလူပျံနေတဲ့ အပြောင်းအရွှေ့ကိစ္စရပ်တွေအပြင် နောက်ဆုံးထွက်ပေါ်လာတဲ့ အပြောင်းရွှေ့သတင်းတွေကို တင်ဆက်ပေးမှာဖြစ်ပါတယ်။***



## လာကာဇက်တီလုပွဲကို ဝင်ရောက်လာတဲ့ မန်စီးတီး

လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီကို ခေါ်ယူချင်နေတဲ့ အသင်းတွေထဲမှာ ထိပ်ဆုံးက ဦးဆောင်နေတာကတော့ အာဆင်နယ်၊ အက်သလက်တီကိုအသင်းတို့လို့သာ သိထားပေမယ့်ခုတော့ ကမ္ဘာ့အဆင့်တိုက်စစ်မှူးအများအပြားကိုပိုင်ဆိုင်ထားတဲ့ မန်စီးတီးကပါ ပါဝင်လာခဲ့ပါပြီ။ မန်စီးတီးအသင်းတိုက်စစ်ပိုင်းမှာ အဂူရို၊ ဂါဘရီယယ်ဂျီးဆပ်ဇ်၊ နိုလီတိုနဲ့ အီဟီနာချိုတို့လို ကစားသမားတွေရှိပေမယ့် ဂွါဒီယိုလာက လာမယ့်နွေ မန်စီးတီးအသင်းကို အကြီးအကျယ်ပြောင်းလဲဖို့ ပြင်ဆင်နေပြီး လာကာဇက်တီက ခုမန်စီးတီးရဲ့ပစ်မှတ်ထဲမှာ ပါဝင်နေတာပါ။ လိုင်ယွန်အသင်းက အစောပိုင်းမှာ သူတို့အသင်းတိုက်စစ်စမှူးဟာ ရောင်းချမယ့်စာရင်းမှာ မပါဝင်ဘူးလို့ တုံ့ပြန်ထားပေမယ့် ဒီပိုင်းကို မန်ယူက ခေါ်ယူထားတာကြောင့် ပြောင်းရွှေ့ကြေးပေါင် သန်း ၄၀ အထက်ရရင် ရောင်းချမယ့်အနေအထား ဖြစ်ပါတယ်။

## ဘေးလ်-ဘင်ဇီမာ-စီရိုနယ်ဒိုတို့ တိုက်စစ်အတွဲထဲက တစ်ဦးကို ရောင်းချမယ့် ရီးယဲလ်

ရီးယဲလ်မက်ဒရစ်အသင်းက ယခုနှစ်ရာသီမှာ ဂိုးသွင်းနှုန်း သိသိသာသာ ကျဆင်းလာတဲ့ ဘီဘီစီတိုက်စစ်အတွဲလို့ လူသိများတဲ့ ဘေးလ်-ဘင်ဇီမာ-စီရိုနယ်လ်ဒို တိုက်စစ်ထဲက တစ်ယောက်ကိုရောင်းမယ်ဆိုတဲ့ စပိန်အားကစားစာစောင် ဒွန်ဘလွန်က ဖော်ပြပါတယ်။ ဘာနေဗျူးဘုတ်အဖွဲ့ဝင်တွေက ဒီတိုက်စစ်အတွဲရဲ့ မကြာသေးမီပွဲစဉ်တွေအတွင်း ပြသခဲ့တဲ့ စွမ်းဆောင်ရည်ပိုင်းအပေါ် စိတ်ပျက်နေပြီး တစ်ဦးကို ပြောင်းရွှေ့ကြေးမြင့်မြင့်မားမားရရင် ထုတ်ရောင်းမယ်လို့ ညှိနှိုင်းစည်းဝေးပွဲတွေမှာ သဘောတူညီခဲ့တယ်လို့ သိရပါတယ်။ ယခုနှစ်ရာသီမှာ ဒဏ်ရာပြဿနာမကြာခဏကြုံနေတဲ့ ဘေးလ်၊ ဂိုးသွင်းနှုန်းကျဆင်းလာတဲ့ စီရိုနယ်လ်ဒို၊ အသင်းဥက္ကဋ္ဌ ပီရက်ဇ်ရဲ့ စိတ်ကြိုက်ကစားသမား ဘင်ဇီမာတို့ထဲက တစ်ယောက်ကို ရောင်းချမှာဖြစ်ပါတယ်။ သတင်းရင်းမြစ်တွေက ဘယ်သူလဲဆိုတာ တိတိကျကျမဖော်ပြခဲ့ပေမယ့် စီရိုနယ်လ်ဒိုဟာ အဖြစ်နိုင်ဆုံးပါလို့ ခန့်မှန်းမှုတွေလည်း တွေ့လာရပါတယ်။ စီရိုနယ်လ်ဒိုဟာ လက်ရှိမှာ အသက်(၃၂)နှစ်အရွယ်ရှိပြီဖြစ်သလို အက်သလက်တီကိုနဲ့ ရင်ဆိုင်တဲ့ပွဲမှာ ခြေစွမ်းသိသိသာသာ ကျဆင်းနေတာဖြစ်ပါတယ်။





## မန်ယူနဲ့ ရီးယဲလ်အပြိုင်လုနေတဲ့ ဂရစ်ဇ်မန်း

အက်သလက်တီကိုစူပါစတား ဂရစ်ဇ်မန်းဟာ မန်ယူအသင်းရဲ့ ကာလရှည် ပစ်မှတ်ကစားသမားဖြစ်ပြီး မန်ယူကို လာမယ့်နွေ ရောက်လာမယ့် ကစားသမားလို့ ထိပ်ဆုံးကရေပန်းစားနေတာပါ။ ချယ်လ်ဆီး၊ ပီအက်စ်ဂျီနဲ့ မန်စီးတီးအသင်းတို့ကလည်း သူ့ကို အလိုရှိနေတဲ့အသင်းတွေဖြစ်ပေမယ့် မန်ယူအသင်းကို ရောက်ရှိပြီးဖြစ်တဲ့ ပေါ့ဘာနဲ့ ဂရစ်ဇ်မန်းကြား အင်မတန်နီးကပ်တဲ့ ဆက်ဆံရေးက မန်ယူရဲ့ လက်နက်ပုန်းဖြစ်နေပါတယ်။ ဒါကြောင့် ဂရစ်ဇ်မန်း ရယူရေးပြိုင်ပွဲမှာ မန်ယူဟာ အခြားပရီမီယာလိဂ်အသင်းတွေထက် သိသိသာသာ အသာရနေပါတယ်။ ဒါပေမယ့် ခုတော့ ဂရစ်ဇ်မန်းကို အလိုရှိနေတဲ့ အသင်းတွေထဲမှာ လာလီဂါပြိုင်ဘက် ရီးယဲလ်ကပါ ပါဝင်နေတယ်လို့ သတင်းတွေ ထွက်လာပြန်ပါတယ်။ လာမယ့်နွေ ရီးယဲလ်ရဲ့ အဓိက ပစ်မှတ်နှစ်ဦးက ဂရစ်ဇ်မန်းနဲ့ ဟာဇက်တို့ဖြစ်ပြီး ဒီနှစ်ယောက်ကိုခေါ်ရင် အသင်းကထွက်မယ်လို့ စီရိုနယ်လ်ဒိုကတောင် ရာဇသံပေးတဲ့အထိ ဖြစ်ခဲ့ပါတယ်။ ဂရစ်ဇ်မန်းကတော့ အက်သလက်အတွက်ပဲ ဆက်ရှိမယ်လို့ ဆိုခဲ့ပေမယ့် မြင့်မားလွန်းလစာနှုန်းထားကြောင့် အသင်းပြောင်းနိုင်တယ်လို့ သိရပါတယ်။ ဒါပေမယ့် ဂရစ်ဇ်မန်းဟာ ရီးယဲလ်ကလည်း အက်သလက်တီကိုရဲ့ မြို့ခံပြိုင်ဘက်ဖြစ်နေတာ၊ မန်ယူကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ မသေချာတာကြောင့် ရွေးချယ်ရခက်တဲ့ အခြေအနေ ဆိုက်နေတာ ဖြစ်ပါတယ်။

## ဇန်ပါစီလက်သစ်ဖြစ်မယ့် အိုဇေးလ်လား

မန်ယူနည်းပြ မော်ရင်ဟိုဟာ ကွင်းလယ်ပိုင်းအတွက် အာဆင်နယ်ရဲ့ ကွင်းလယ်လူ မီဆပ် အိုဇေးလ်ကို အံ့အားသင့်ဖွယ် ခေါ်ယူမယ်လို့ ဒေးလီးမေးလ်သတင်းဌာနက ဖော်ပြပါတယ်။ ဂျာမန်ကွင်းလယ်လူ အိုဇေးလ်ဟာ မော်ရင်ဟိုလက်အောက်မှာ ကစားခဲ့ဖူးပြီး အန်စလော့တီ ရောက်လာချိန်မှာ မြင့်မားတဲ့ ပြောင်းရွှေ့ကြေးနဲ့ အာဆင်နယ်ကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်ဟာ ဆာအဲလက်စ်ဖာဂူဆန်လက်ထက်တုန်းက အသင်းခေါင်းဆောင် ဇန်ပါစီကို ထုတ်ရောင်းခဲ့ဖူးတာကြောင့် ဒီတစ်ကြိမ်လည်း အိုဇေးလ် အနေနဲ့ ဇန်ပါစီလက်သစ်ဖြစ်လာမလားလို့ ပရိသတ်တွေက ပူပန်နေကြပါတယ်။ ဒါပေမယ့် အိုဇေးလ်က သူဟာ အသင်းတစ်ခုကို ရွေးချယ်ခြင်းက ကိုင်တွယ်နေတဲ့ နည်းပြတစ်ဦးကိုကြည့်ပြီး ဆုံးဖြတ်တာဖြစ်လို့ အသင်းပြောင်း၊ မပြောင်းဆိုတာ နည်းပြရဲ့အခန်းကဏ္ဍအပေါ်သာ မူတည်ကြောင်းမတင်မကျအဖြေပေးခဲ့ပါတယ်။



# ချန် ပီ ယံ လိဂ် သ တင်း များ



## ဘာစီလိုနာအတွက် ပဲရစ်ညအိပ်မက်ဆိုးမျိုး ထပ်ကြုံမည်မဟုတ်ဟု ဟီဂူအင်သတိပေး

ဂျူဗင်တပ်တိုက်စစ်မှူး ဟီဂူအင်က ဘာစီလိုနာအနေဖြင့် ဒုတိယပဲရစ်ညမျိုးထပ်ကြုံစရာ အကြောင်းမရှိသောကြောင့် ဂျူဗီအနေဖြင့် ပိုပြီးသတိထားကစားရမည်ဖြစ်ကြောင်း ဟီဂူအင်က အသင်းဖော်များကို သတိပေးစကားဆိုလိုက်ပြီဖြစ်သည်။ ဘာစီလိုနာအသင်းသည် ၁၆သင်းရှုံးထွက်အဆင့် ပထမအကျော့က ပီအက်စ်ဂျီအသင်းနှင့် တွေ့ဆုံရာ လေးဂိုးပြတ်ဖြင့် အရေးနိမ့်ပြီးနောက် ဘာကာ ပြန်မလာနိုင်တော့ဟု အတော်များများက ယူဆခဲ့သော်လည်း ဒုတိယအကျော့တွင် ခြောက်ဂိုး-တစ်ဂိုးဖြင့် ပြန်လည်အနိုင်ကစားကာ ကွာတားအဆင့်သို့ တက်ရောက်လာနိုင်ခဲ့သည်။

ဟီဂူအင်က “ ဘာစီလိုနာ ဒီလိုအဖြစ်မျိုးထပ်ဖြစ်မယ်ဆိုရင် ဒီကိစ္စကို ကျွန်တော်သံသယရှိမှာ ဖြစ်ပါတယ်”ဟု ယူအီးအက်ဖ်အေဝက်ဘ်ဆိုက်မှတစ်ဆင့် ပြောကြားခဲ့သည်။ သို့သော် ဂျူဗင်တပ်ကစားသမားဟောင်း ဇော့ကမူ ဘာစီလိုနာအသင်းအကြောင်းကို တခမ်းတနားပြောကြားစရာအကြောင်းမရှိသလို ဒုတိယအကျော့ရရှိသော ခြောက်ဂိုးတွင် နှစ်ဂိုးမှာ ပင်နယ်တီမှ ရရှိခြင်းသာဖြစ်၍ ဘာစီလိုနာမှာ အန္တရာယ်ပြည့်နေသော အသင်းမဟုတ်ကြောင်း ဆိုခဲ့သည်။

## ရီးယဲလ်ကို ဘိုင်ယန်မြူးနစ် ကျော်ဖြတ်နိုင်မည်ဟု ဗီဒဲလ်ယုံကြည်

ဘိုင်ယန်မြူးနစ်ကွင်းလယ်လူ ဗီဒဲလ်က ကွာတားဖိုင်နယ်တွင်တွေ့ဆုံမည့် ရီးယဲလ်မက်ဒရစ်အသင်းကို ကျော်ဖြတ်ကာ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားလိုက်ပြီဖြစ်သည်။ ရီးယဲလ်မက်ဒရစ်သည် လက်ရှိ ချန်ပီယံအသင်းဖြစ်သော်လည်း ဘိုင်ယန်မှာ ရီးယဲလ်ကဲ့သို့ အလွန်တောင့်တင်းသည့်အသင်းဖြစ်သဖြင့် ရီးယဲလ်ကို နောက်ကောက်ချနိုင်မည်ဟု ဗီဒဲလ်က ယုံကြည်ထားခြင်းဖြစ်သည်။ ဘိုင်ယန်သည် အာဆင်နယ်အသင်းကို နှစ်ကျော့ပေါင်း ၁၀ ဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူ၍ ကွာတားအဆင့်ကို တက်ရောက်လာခဲ့ခြင်းဖြစ်သော်လည်း ရီးယဲလ်မှာ အာဆင်နယ်ထက် များစွာခက်ခဲသည့် ပြိုင်ဘက်ဖြစ်သည်။

ဘိုင်ယန်သည် ရီးယဲလ်နှင့်ပွဲမတိုင်မီ ဟော့ဖန်ဟိမ်းနှင့် ဒေါ့မွန်အသင်းတို့ကို ရင်ဆိုင်ခဲ့ရပြီး အကောင်းဆုံးပုံစံတစ်ရပ်ကို ပြသနိုင်ခဲ့ရာ ရီးယဲလ်နှင့်ပွဲအတွက် ရာနှုန်းပြည့်ယုံကြည်မှုရှိနေပြီဖြစ်ကြောင်း ဗီဒဲလ်က ဆိုသည်။ အထူးသဖြင့် ပထမအကျော့ အိမ်ကွင်းတွင် ဧည့်ခံကစားရမည့် ပွဲစဉ်တွင် ရီးယဲလ်ကို အနိုင်ကစားကာ နောက်တစ်ဆင့် တက်ရောက်ရေး ကြိုးပမ်းမည်ဖြစ်ကြောင်း ဆိုခဲ့သည်။ ဘိုင်ယန်မြူးနစ်နှင့် ရီးယဲလ်မက်ဒရစ်အသင်းတို့သည် ၂၀၁၄ ခုနှစ် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲတွင် တွေ့ဆုံခဲ့ဖူးရာ ရီးယဲလ်က လေးဂိုးပြတ်ဖြင့်အနိုင်ယူနိုင်ခဲ့ဖူးသည်။



မေလှဲ့သင်း - စုစည်းသည်



# သင်္ကြန်ရက်အတွင်း အနားယူ အပန်းဖြေစရာ ဒန့်ဒင်ရေတံခွန်

**အင်းတော် ဧပြီ ၁၀**

ဒန့်ဒင်ရေတံခွန်သည် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ရွာဟောင်းကျေးရွာအနီးတွင်တည်ရှိ၍ ရေတံခွန်သို့သွားရာလမ်းခရီးမှာ အင်းတော်မြို့မှ ရွာဟောင်းသို့ ခြောက်မိုင်ခန့်သွားရောက်ရမည်ဖြစ်ပြီး ထိုရွာဟောင်းကျေးရွာမှတစ်ဆင့် ရေတံခွန်သို့ လေးမိုင်ခန့်ဆက်သွားရမည်ဖြစ်သည်။ စိမ်းလန်းစိုပြည်သော တောတောင်သဘာဝရှုခင်းများနှင့် ဒေသန္တရဗဟုသုတများရနိုင်သည့် ဒန့်ဒင်ရေတံခွန်သည် သင်္ကြန်ရက်များအတွင်း အပန်းဖြေသွားရောက်ရန်နှင့် လေ့လာရန်နေရာသစ်တစ်ခုဖြစ်သည်။

ရေတံခွန်သို့သွားရာလမ်းတွင် တောင်ကြားစမ်းချောင်းလေးအတိုင်းသွားရပြီး တောတောင်ကြီးများအောက်ခြေမှ ဖြတ်သန်းသွားရသည်။ လမ်းတစ်လျှောက် အလွန်လှပသော သော်ကပန်းများကလည်း ဖူးပွင့်နေသည်။ ဘေးပတ်ဝန်းကျင်တွင် သစ်ပင်ကြီးများပေါက်ရောက်နေပြီး ရေတံခွန်၏အပေါ်ဘက်တွင် စွတ်စိုပြီး ညီညာပြန့်ပြူးသည့် မြိုင်ဂနိုင်တစ်ခုရှိသည်။ ရေတံခွန်သွားရာလမ်း တောင်ထိပ်မှ အလွန်လှပသော ဧရာဝတီမြစ်ပြင်ကျယ်ကြီးနှင့် ရှုမျှော်ခင်းကြီးကို မြင်တွေ့ရသည်။ ယခုအခါ ကသာမြို့နယ်ဘက်မှ ရေတံခွန်ထိ ကားဖြင့်တိုက်ရိုက်လမ်းပေါက်နေပြီဖြစ်သည် ။

ဒန့်ဒင်ရေတံခွန်သည် အဆင့်သုံးဆင့်ရှိပြီး ရေတံခွန်အပေါ်ဆုံးအဆင့်အနီးတွင် ဆင်စခန်းတစ်ခုဖွင့်လှစ်ထားသည်။ ရေတံခွန်သည် နွေရာသီ၌ရေနည်းနေမည်ဖြစ်သော်လည်း ရေတံခွန်အောက်ဆုံးအဆင့်တွင် ကြည်လင်အေးမြသည့် ရေအိုင်ကြီးထဲ၌ သဘာဝအတိုင်းရှိနေသော ငါးကြီးများကူးခတ်နေသည်ကို အစာကျွေးရင်း အပန်းဖြေ၍ရသည်။ ထိုငါးကြီးများကို သဘာဝအတိုင်း အန္တရာယ်ကင်းစွာနေထိုင်စေပြီး အကယ်၍ ဖမ်းဆီးစားသောက်ခြင်းပြုလုပ်ခဲ့ပါက သဘာဝဘေးဒဏ်များ တွေ့ကြုံရသည်ဟု ဒေသခံများက ယူဆကြသည်။

ရေတံခွန်အောက်ဆုံးအဆင့်မှ ချောင်းအတိုင်းဆက်သွားပါက အလွန်ကြီးမားများပြားလှပသော ကျောက်တုံးကြီးများမှာ အရှည်တစ်မိုင်ခွဲခန့်ရှိသည်။

ယခုလို ပူပြင်းလာစဖြစ်သည့် နွေရာသီသင်္ကြန်အားလပ်ရက်များတွင် ထူးခြားဆန်းပြားလှသည့် အင်းတော်မြို့နယ်အတွင်းမှ ဒန့်ဒင်တောင်ပေါ် ရေတံခွန်ခရီးစဉ်သည် အပန်းပြေမှု၊ ပျော်ရွှင်မှုနှင့် ဗဟုသုတတို့ကိုပေးစွမ်းနိုင်မည့် အကောင်းဆုံးနေရာတစ်ခုဖြစ်သည်။

**ကိုမင်း(အင်းတော်)**

## မဟာသင်္ကြန်ကာလအေးချမ်းပျော်ရွှင်စွာရေကစားနိုင်ရေး လုံခြုံရေးအစီအစဉ်များဆွေးနွေး

**မြင်းခြံ ဧပြီ ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ မြို့မရဲစခန်းရှိ စုစည်းခန်းမတွင် မဟာသင်္ကြန်ကာလ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် လုံခြုံရေးအစီအစဉ်များ ဆောင်ရွက်နိုင်ရေးကို ဧပြီ ၉ ရက် နံနက် ၁၀ နာရီက ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့မရဲစခန်းမှူး ဒု-ရဲမှူးဝင်းနိုင်က မဟာသင်္ကြန်ကာလအတွင်း တုတ်၊ ဓား၊ လက်နက်ကိုင်ဆောင်သွားလာခြင်း၊ အရက်သေစာသောက်စားမူးယစ်ရမ်းကားခြင်း၊ မူးယစ်ဆေးဝါးရောင်းချသုံးစွဲမှုမရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရန် စီမံထားရှိမှုများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့်ဆန့်ကျင်သည့် ဝတ်စားဆင်ယင်ခြင်းများမရှိစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

ယင်းနောက်ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မြို့နယ်မီးသတ်တပ်ဖွဲ့၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရပ်ကွက်ပေါင်း ၂၀ နှင့်ကျေးရွာလေးရွာမှ အုပ်ချုပ်ရေးမှူးများသည် လုပ်ဆောင်မည့်အစီအစဉ်များနှင့်ပတ်သက်၍ ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေးသင်တန်းများပို့ချ

**ထီးလင်း ဧပြီ ၁၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ်တွင် လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းအောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် ဝေဖန်အကြံပြု တိုင်းကြားဖြေရှင်းရေးစနစ်သင်တန်းများကို ရပ်ကွက်၊ ကျေးရွာများ၌ ပို့ချဆွေးနွေးလျက်ရှိသည်။

ယင်းသို့ ဖွင့်လှစ်ဆောင်ရွက်ရာတွင် ဧပြီ ၇ ရက်မှစတင်ကာ ပို့ချဆွေးနွေးခြင်းဖြစ်ပြီး ကံသာ၊ အိုင်းမ၊ ဆင်စွယ်၊ အညာဘန်း ကျေးရွာတို့၌ ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ ဝေဖန်အကြံပြုတိုင်ကြားရေးကော်မတီဝင်များ တက်ရောက်ကြပြီး သင်တန်းများတွင် လူထုဗဟိုပြုစီမံကိန်းရုံး နည်းပညာအကြံပေးအဖွဲ့မှ ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေးတာဝန်ခံ ဦးကျော်ဇေယျ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေးတာဝန်ခံ ဒေါ်သီရိဇင်မင်းတို့နှင့် တာဝန်ရှိသူများက ပို့ချဆွေးနွေးကြသည်။

အဆိုပါသင်တန်းများကို ထီးလင်းမြို့နယ်ရှိ ကျေးရွာအုပ်စု ၉၃ အုပ်စုရှိ ဝေဖန်အကြံပြု တိုင်ကြားဖြေရှင်းရေးကော်မတီဝင် ၁၉၂ ဦးတို့ထံ ဆက်လက်ကွင်းဆင်း ပို့ချဆွေးနွေးကြမည်ဟု သိရသည်။

**(၄၆၅)**

## ရွှေကူမြို့နယ် လေပြင်းများတိုက်ခတ်ခဲ့မှုကြောင့် လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများပေးအပ်လှူဒါန်း

**ရွှေကူ ဧပြီ ၁၀**

ဧပြီ ၃ ရက် ညနေ ၃ နာရီက ကချင်ပြည်နယ် ရွှေကူမြို့နယ်တွင် လေပြင်းများတိုက်ခတ်ခဲ့ရမှုကြောင့် လေဘေးသင့်ပြည်သူများအား ပြည်နယ်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနက ထောက်ပံ့ပစ္စည်းများပေးအပ်ပွဲကို ဧပြီ ၉ ရက် နံနက် ၁၁ နာရီက ရွှေကူမြို့ မြို့တော်ခန်းမ၌ပြုလုပ်ရာ ကချင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက ထောက်ပံ့ပစ္စည်းပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လေပြင်းတိုက်ခတ်စဉ် ထိခိုက်ခဲ့သည့် အိမ်ခြေ ၁၉၉ လုံးအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေကျပ် ၁၉၉ သိန်း၊ အိမ်ထောင်စု ၂၂၄ စု လူဦးရေ ၁၀၀၅ ဦးအတွက် ရိက္ခာဖိုးငွေ ၂၁၁၀၅၀၀ ကျပ်၊ ထိခိုက်ဒဏ်ရာရရှိခဲ့သူ လူနာတစ်ဦးအတွက် ငွေကျပ် ၅၀၀၀၀ နှင့် မြို့နယ်အတွင်းရှိ လေဘေးသင့်ဘာသာရေးအဆောက်အအုံ ကိုးခုအတွက် ငွေကျပ်ကိုးသိန်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းနှင့် တာဝန်ရှိသူများက လေဘေးသင့်ပြည်သူများထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူး ဦးမင်းသိန်းနှင့် တာဝန်ရှိသူများ စုစုပေါင်း ၄၀၀ ကျော်တက်ရောက်ကြောင်း သိရသည်။

**သူရိန်စိုး(ကချင်မြေ)**

## နိုင်ငံတကာအဆင့်မီ Little Star Water Park ဖွင့်လှစ်မည်

**မန္တလေး ဧပြီ ၁၀**



မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် မြို့ပတ်လမ်း နည်းပညာတက္ကသိုလ်(မန္တလေး) အနီးတွင် နိုင်ငံတကာအဆင့်မီ Little Star Water Park တည်ဆောက်ပြီးစီးနေပြီး မကြာမီ ဖွင့်လှစ်သွားမည်ဖြစ်သည်။

Little Star Water Park တွင် ပိုးမွှားကင်းစင်ပြီး သန့်ရှင်းသောရေရရှိစေရန် အဆင့်မြင့်ရေသန့်စင်စနစ်ကို အသုံးပြုထားပြီး ရေကူးကန်အပါအဝင် ပင်လယ်ရေလှိုင်းစီးကန်၊ ရေလျှောလျှောစီးကန်နှင့် ရေကစားနည်းမျိုးစုံကို တည်ဆောက်ထားသည်။

မိသားစုနားနေဆောင်၊ စားသောက်ဆိုင်နှင့်လုံခြုံစိတ်ချရသော ယာဉ်ရပ်နားကွင်းများဖြင့် တည်ဆောက်ထားရာ ပျော်ပျော်ပါးပါးလာရောက်ကစားနိုင်ကြောင်း သိရသည်။

**မောင်ပြည်သူ**

## မြင်းခြံမြို့တွင် ကိုရီးယားဘာသာစကားသင်ကြားကာ သွားရောက်အလုပ်လုပ်ရန် ကြိုးပမ်းမှုများလာ

**မြင်းခြံ ဧပြီ ၁၀**

မြင်းခြံမြို့တွင် ကိုရီးယားဘာသာစကားသင်ကြားကာ တောင်ကိုရီးယားသို့ သွားရောက်လုပ်ကိုင်ရန် ကြိုးပမ်းမှုများပြားလာခဲ့သည်။ မြင်းခြံမြို့တွင် ကိုရီးယားဘာသာစကားသင်ကြားပေးသည့် သင်တန်း ၁၅ ခုကျော်ရှိသည်။ သင်ကြားပေးမှုတွင် သင်တန်းကြေးအနေဖြင့် စာမေးပွဲဖြေပြီးသည်အထိ လူတစ်ဦးကို ငွေကျပ် ၂၀၀၀၀၀ ပေးရကြောင်း သိရသည်။ မြင်းခြံမြို့သို့ နွားထိုးကြီး၊ တောင်သာ၊ ရေစကြို၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပားနှင့် အခြားနယ်များမှ လာရောက်သင်တန်းတက်ကြကြောင်း သိရသည်။

ကိုရီးယားသွားရောက်အလုပ်လုပ်လိုသည့်အတွက် မြင်းခြံသို့ သင်တန်းလာတက်သည့် လူငယ်တစ်ဦးကို မေးမြန်းကြည့်ရာ "ကိုရီးယားသွားပြီး အလုပ်လုပ်သူတွေ အဆင်ပြေကြတယ်။ ကုန်ထုတ်ဆိုလျှင် တစ်လကို ၁၈ သိန်းနဲ့ သိန်း ၂၀ အထိရတယ်။ လက်ရှိကာလမှာ ကျွန်တော်တို့နယ်ဘက်ကနေ ကိုရီးယားသွားလုပ်သူတွေ တိုက်နဲ့ကားနဲ့ဖြစ်နေပြီ။ ဒီမှာတော့ ထန်းသမားက ထန်းတက်တယ်။ လယ်သမားက လယ်လုပ်တယ်။ ရရှိမှုကကွာတယ်ဗျ။ ဒါကြောင့်သွားချင်တာ။ ကျွန်တော်ဆို မလေးရှားက ပြန်လာခဲ့ပြီးပြီ။ အခု ကိုရီးယားသွားဖို့လုပ်နေတယ်။ ကျွန်တော်တို့နယ်တွေမှာ ပြည်ပထွက်တာများတယ်" ဟု ပြောပြသည်။

**တိမ်တမန်**

## လမ်းလျှောက်သင်္ကြန်အတွက် ရေကစားမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်များ တည်ဆောက်



**မန္တလေး ဧပြီ ၁၀**

မန္တလေးမြို့ ကျုံးတောင်ဘက် (၂၆) လမ်းကို ယာဉ်လုံးဝမဝင်ရ "လမ်းလျှောက်သင်္ကြန်" အဖြစ်ခမ်းနားစွာကျင်းပသွားမည်ဖြစ်ပြီး(၂၆)လမ်းနှင့် (၇၈)လမ်းဆုံးတွင် မန္တလေးပြယုဂ် နန်းမြို့ရိုးအဝင်မုခ်ဦးတည်ဆောက်လျက်ရှိပြီး (၂၆)လမ်း၊ (၇၇)လမ်းနှင့် (၇၈)လမ်းကြား အောင်သမာဓိရေကစားမဏ္ဍပ်နှင့် စတုဒိသာမဏ္ဍပ်တွင် မြန်မာမှုများဖြင့် အလှဆင်ထားပြီး လမ်းပေါ်တွင်လည်း ပုသိမ်ထီးအလက် ၃၀၀ ဖြင့် အလှဆင်ထားသည်။

(၂၆)လမ်းနှင့် (၆၆)လမ်းကြားတွင် ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကရေကစားမဏ္ဍပ်များ၊ စတုဒိသာမဏ္ဍပ်များ နေရာချထားပေးပြီး တည်ဆောက်လျက်ရှိကြသည်။ ရေစုပ်စက်များဖြင့် မိသားစုတစ်ပိုင်တစ်နိုင် ရေကစားလိုသူများကိုလည်း ကျုံးမျက်နှာစာလေးဘက်စလုံးတွင် သတ်မှတ်ထားသော နှစ်လက်မထက်မကြီးသော (မီးသတ်ပိုက်ခေါင်းမတပ်ရ) ရေပိုက်အရွယ်အစားဖြင့် ခွင့်ပြုပေးထားသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသို့ ခွင့်ပြုချက်မတောင်းခံဘဲ ကျုံးဘေးတွင် ရေစုပ်စက်ဖြင့် ရေကစားသူများ စစ်ဆေးတွေ့ရှိပါက ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**လွိုင်ကော် မေ ၁၀**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို သည် တာဝန်ရှိသူများနှင့်အတူ မေ ၈ ရက် နံနက်ပိုင်းက ဘောလခဲခရိုင် ဖားဆောင်းမြို့ပေါ်ရှိ ခမ္မသိဒ္ဓိသိမ်ကျောင်းနှင့် ဝမ်အောင်း(ကယား)ကျေးရွာရှိ ခမ္မဝိရှဠ္ဌီကျောင်းရှိ ဆရာတော်များထံ သွားရောက်ဖူးမြော်ကြည်ညိုပြီး အလှူငွေနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဝမ်အောင်း(ကယား)ကျေးရွာအား ကျေးရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်း ဖောက်လုပ်ပေးနိုင်ရေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကယားပြည်နယ်၏ အစွန်အဖျားကျေးရွာတစ်ရွာဖြစ်သော မယ်စဲ့မြို့နယ် ဟိုဂျစ်ကျေးရွာအုပ်စု တောင်လှကျေးရွာသို့ သွားရောက်ပြီး အခြားကျေးရွာများနည်းတူ ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုမရှိစေရေးအတွက် ပြည်သူတို့၏ လိုအပ်ချက်များဖြည့်ဆည်းပေးနိုင်ရန် ပြည်သူများနှင့် သွားရောက်တွေ့ဆုံပြီး ဒေသခံတိုင်းရင်းသားများ၏ တင်ပြချက်အရ ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထဲရေးအမည်ပေါက်ရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ဒေသခံများပေါင်းစပ်၍ လမ်းအူကြောင်းရှာဖွေရန်နှင့် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဖတ်စာအုပ်များနှင့် ဗလာစာအုပ်များ အခမဲ့ရရှိရေး ပညာရေးဌာနမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ သောက်သုံးရေရရှိရေးအတွက် မြစ်ရေတင်စီမံကိန်း အမြန်ရရှိရေး နတလမှ ဆောင်ရွက်ပေးသွားရန် လမ်းညွှန်မှာကြားပြီး ကိုယ့်အားကိုယ်ကိုးကျောင်းတည်ဆောက်နိုင်ရေး မတည်ငွေကျပ် ၁၅ သိန်း၊ ဆရာမများထောက်ပံ့ငွေအတွက် အရင်းမပျောက်မတည်ငွေကျပ် ၁၀ သိန်းနှင့် ဘုရားကျောင်းဓမ္မာရုံ ပြန်လည်ပြုပြင်ရန် အလှူငွေကျပ် ငါးသိန်းတို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



**ကယားပြည်နယ်(ပြန်/ဆက်)**

# မဟာသင်္ကြန် ဗဟိုမဏ္ဍပ်တွင်ယိမ်းနှင့် သံချပ်ပြိုင်ပွဲများကျင်းပမည်

**သန်လျင် မေ ၁၀**

ရန်ကုန်တောင်ပိုင်းခရိုင်တွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရန် ကျင်းပရေးဦးစီးကော်မတီနှင့် ဆပ်ကော်မတီများဖွဲ့စည်းကာ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဗဟိုမဏ္ဍပ်အား သန်လျင်မြို့နယ် စည်ပင်ရုံးအနီးတွင် ဆောက်လုပ်လျက်ရှိသည်။ ယခုနှစ် တောင်ပိုင်းခရိုင် ဗဟိုမဏ္ဍပ်တွင် ပိုမိုစည်ကားသိုက်မြိုက်စေရေးအတွက် ကျင်းပရေးဦးစီးကော်မတီမှ တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ သံချပ်ပြိုင်ပွဲဝင်မည့် အဖွဲ့လေးဖွဲ့အတွက် တစ်ဖွဲ့လျှင် ငွေကျပ် ၁၀ သိန်းနှုန်း၊ ဖျော်ဖြေရေးနှင့် ပြိုင်ပွဲဝင်မည့် ယိမ်းအဖွဲ့ ၁၅ ဖွဲ့အတွက် တစ်ဖွဲ့လျှင် ငွေကျပ်သုံးသိန်းနှုန်းစီ ထောက်ပံ့ပေးလျက်ရှိပြီး သင်္ကြန်အကြိုနေ့မှ အတက်နေ့အထိ နေ့စဉ်ပြိုင်ပွဲများ၊ ခေတ်ပေါ်တေးဂီတဖျော်ဖြေမှုအစီအစဉ်များ၊ နိုင်ငံကျော်အနုပညာရှင်များ၏ သီဆိုမှုများ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# သင်္ကြန်ကာလမူခင်းလျော့ကျစေရေးပညာပေးဟောပြော

**တောင်ငူ မေ ၁၀**

သင်္ကြန်ကာလနီးကပ်လာသည်နှင့်အမျှ ယာဉ်အန္တရာယ်၊ မူးယစ်ဆေးဝါးများအန္တရာယ်၊ အရက်သေစာသောက်စားခြင်းအပြင် မလိုလားအပ်သော မူခင်းကြီးငယ်များဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်သည့်အနေဖြင့် တောင်ငူမြို့နယ် ဇီးကုန်းကျေးရွာအုပ်စု ကမ္ဘာနီကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ မေ ၈ ရက် နံနက် ၁၀ နာရီက မူခင်းအသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါဟောပြောပွဲသို့ တောင်ငူအမှတ်(၂)နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်တင်ဦးနှင့်တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာမိ/ရွာဖများ၊ ဒေသခံပြည်သူ ၇၀ ကျော်တက်ရောက်ခဲ့ကြပြီး ဟောပြောပွဲအပြီးတွင် ပညာပေးလက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြ

**ပဲခူး မေ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာဝင်းအတွင်း၌ မေ ၈ ရက် နံနက်ပိုင်းက ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်ရေးသရုပ်ပြပွဲကို ပြုလုပ်ခဲ့သည်။

အဆိုပါ မီးဘေးကာကွယ်ရေး ပညာပေးဟောပြောပွဲနှင့် မီးငြိမ်းသတ်ရေးသရုပ်ပြပွဲသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးဌာန ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းထိုက်ဦးစီးသော တပ်ဖွဲ့ဝင်များက တိုင်းဒေသကြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်၊ ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုးနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များအား ဟောပြောပြသခဲ့သည်။

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းထိုက်က မီးဘေးကာကွယ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ တပ်ဖွဲ့ဝင်များက ဝန်ထမ်းများအား မီးငြိမ်းသတ်ရေးပစ္စည်းများအသုံးပြုပုံနှင့် လက်တွေ့မီးငြိမ်းသတ်ပုံများကို သရုပ်ပြသခဲ့ကြောင်း သိရသည်။ **သူရိန်ထွန်း**



# ကော့သောင်းမြို့နယ် နွေရာသီလူငယ်ဘင်ခရာသင်တန်းဆင်း



**ကော့သောင်း မေ ၁၀**

ကော့သောင်းမြို့နယ် နွေရာသီလူငယ်ဘင်ခရာသင်တန်း (၁/၂၀၁၇) သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၉ ရက် နံနက်ပိုင်းကပြုလုပ်ရာ သင်တန်းဆင်းလူငယ်ဘင်ခရာတပ်ဖွဲ့ဝင်များက အဏ္ဏဝါရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရှေ့မှ စစ်ကြောင်းပုံဖြင့် ဗိုလ်ချုပ်လမ်းအတိုင်း အဏ္ဏဝါရပ်ကွက်၊ ရွှေဟင်္သာရပ်ကွက်နှင့် ပိတောက်ရွှေဝါရပ်ကွက်တို့မှတစ်ဆင့် မြို့တစ်ပတ်လမ်းလျှောက်ချီတက်ကာ စွမ်းရည်ပြကြပြီး သင်တန်းဆင်းပွဲကျင်းပမည့် အဏ္ဏဝါရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)သို့ပြန်လည်ဝင်ရောက်ပြီး သင်တန်းဆင်းပွဲအခမ်းအနားအား အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ လူငယ်ဘင်ခရာတပ်ဖွဲ့ နာယက ဦးတင်မြင့်က သင်တန်းဆင်းအမှာစကား ပြောကြားသည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်း၏ ဂုဏ်ပြုချီးမြှင့်ငွေကျပ်တစ်သိန်းအား ဘင်ခရာတပ်ဖွဲ့ခေါင်းဆောင် ဦးအောင်မိုးက လက်ခံရယူသည်။

ကော့သောင်းမြို့နယ် လူငယ်ဘင်ခရာတပ်ဖွဲ့အား ၁၉၇၉ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပြီး လွန်ခဲ့သည့် ၂၀၀၃ ခုနှစ်ခန့်မှစ၍ အကြောင်းအမျိုးမျိုးကြောင့် သင်တန်းအားပို့ချနိုင်ခဲ့ခြင်းမရှိဘဲ တိမ်မြုပ်ပျောက်ကွယ်နေခဲ့ရပြီး ၂၀၁၇ ခုနှစ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အားပေးကူညီမှု၊ ကော့သောင်းခရိုင်နှင့် မြို့နယ်တာဝန်ရှိအဖွဲ့အစည်းများ၏ ပံ့ပိုးမှု၊ မြို့ခံသင်တန်းနည်းပြဆရာများ၏ ဖြည့်ဆည်းမှုများဖြင့် ပြန်လည် ပို့ချပေးနိုင်ခဲ့ခြင်းဖြစ်ပြီး နှစ်စဉ် နွေရာသီကျောင်းပိတ်ရက်များတွင် မြို့ပေါ်ရပ်ကွက် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား အပတ်စဉ်အလိုက် ဖွင့်လှစ်ပို့ချ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# သံတောင်ကြီးတောင်ပေါ်မြို့တွင် မိုင်းအန္တရာယ်အသိပညာဆင့်ပွားသင်တန်းပို့ချ

**သံတောင်ကြီး မေ ၁၀**

ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများနှင့် ရပ်ရွာလူထုများအား မိုင်းအန္တရာယ်အသိပညာများ ဆင့်ပွားပေးနိုင်ရေးအတွက် ရည်ရွယ်ကာ ရပ်ကွက်နှင့်ကျေးရွာများရှိ အခြေခံပညာကျောင်းများမှ သင်တန်းဆရာ ဆရာမများအား မိုင်းအန္တရာယ်အသိပညာပေးခြင်းကို ပညာရေးနယ်မြေအလိုက် ဆင့်ပွားသင်တန်းကို ယူနီဆက်ဖ်မြန်မာနှင့် လူမှုဝန်ထမ်းဦးစီးဌာတို့ ပူးပေါင်း၍ မေ ၈ ရက် နံနက် ၉ နာရီက မိုးလုံလေလုံအားကစားရုံအတွင်း၌ ကျင်းပသည်။

သင်တန်းတွင် လူသားချင်းစာနာထောက်ထားမှုဖြင့် မိုင်းလုပ်ငန်းဆိုင်ရာမဏ္ဍိုင် ငါးရပ်၊ မြန်မာနိုင်ငံအတွင်း မိုင်းအန္တရာယ် ထိခိုက်ခံစားမှုအခြေအနေအကျဉ်းချုပ်၊ ပေါက်ကွဲစေတတ်သည့် လက်နက်ပစ္စည်းများ၏ ခြိမ်းခြောက်မှုအန္တရာယ်၊ မိုင်းအမျိုးအစားအမျိုးမျိုး၊ မိုင်းအန္တရာယ်ရှိနိုင်သည့်နေရာများနှင့် မပေါက်ကွဲသေးသည့် စစ်ကျန်လက်နက်ပစ္စည်းများ၊ လက်လုပ်မိုင်းများ၊ မိုင်းပေါက်ကွဲမှုကြောင့်ဖြစ်ပေါ်လာသည့် အကျိုးဆက်များနှင့် တစ်စုံတစ်ယောက်မိုင်းတွင်းထဲတွင် မိုင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသည့်အခါ လုပ်ဆောင်ရမည့်အချက်များအား တာဝန်ရှိသူများက ရှင်းလင်းပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သံတောင်ကြီးမြို့နယ် ရပ်ကွက်နှင့် ကျေးရွာများရှိ အခြေခံပညာကျောင်းများမှ ဆရာဆရာမစုစုပေါင်း ၁၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



&efukrfUvmP [ &kup;r@yfESifhefukf a&BudKc½kdif&kup;r@yfwdkYifukdpfnf;y0if&muf, Sykd
&eftwufr*vmawmifhnefYU, ftaxax tkcf;yfa&;0,Dmerdom;pk r*vmr , f, dftzUS
avbuifrrSm;ukdU, tkcf;yfa&;rSO,DmZ0if;ESifhukdrSm; unftm;ay;chumif;oaonf

**ကျော်စိုးမိုး**

# ချင်းပြည်နယ်ဝန်ကြီးချုပ်ဦးဆလိုင်းလျန်လွှယ် ဖလမ်းမြို့လေယာဉ်ကွင်း(ဆူရ်ဘုန်) တည်ဆောက်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး



**ဟားခါး မေ ၁၀**

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်သည် ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်မင့်ထန်၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးလာလ်တင်မန်း၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးပြုံးချို၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၈ ရက် နံနက်ပိုင်းက ဖလမ်းလေယာဉ်ကွင်း (ဆူရ်ဘုန်) တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း အချိန်မီတည်ဆောက်ပြီးစီးနိုင်ရေး၊ လူနှင့်စက်ယန္တရားများ ထိခိုက်ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေး၊ စက်ယန္တရားများနှင့် လုပ်သားအင်အား အချိုးညီညွတ်မျှတစွာ အသုံးပြုဖောက်လုပ်တည်ဆောက်သွားရေးတို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မြစ်ကမ်းပြိုမှုအချိန်မီထိန်းသိမ်းကာကွယ်နိုင်ရေး သံကူကွန်ကရစ်ဘိုးပိုင်အခြေပြု ကျောက်စီကမ်းထိန်းနံရံများ အမြန်တည်ဆောက်



**ညောင်တုန်း မေ ၁၀**

ညောင်တုန်းမြို့ (၂၁)လမ်းမြစ်ကမ်းတွင် ဧရာဝတီမြစ်နှင့် ပန်းလှိုင်မြစ်တို့၏ ရေစီးကြောင်းများပြောင်းလဲလာခြင်း၊ ရေကြောင်းများထိုးခြင်း၊ ရေနက်အိုးများဖြစ်တည်နေခြင်းများကြောင့် ဖေဖော်ဝါရီ ၇ ရက်က စတင်ကွဲအက်နိမ့်ကျကာ ဖေဖော်ဝါရီ ၁၈ ရက်တွင် ဒုတိယအကြိမ်ထပ်မံကွဲအက်နိမ့်ကျပြီး ဆက်တိုက်ကွဲအက်နိမ့်ကျမှုများ ဖြစ်ပေါ်ခဲ့သဖြင့် မြို့နေလူထုမှာ မြစ်ကမ်းအတွက် စိုးရိမ်ပူပန်မှုများပိုမိုမြင့်တက်ခဲ့ကြသည်။

မကြာမီ မိုးရာသီသို့ရောက်ရှိတော့မည်ဖြစ်ရာ မိုးရွာလာလျှင်၊ မြစ်ရေတက်လာလျှင် မြစ်ကမ်းကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲအမျိုးမျိုးဖြင့် ရင်ဆိုင်တွေ့ကြုံနိုင်သဖြင့် ညောင်တုန်းမြို့မှ ပြည်သူများ စိုးရိမ်ပူပန်နေကြခြင်းဖြစ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်မန်းဂျော်နီ၏ လမ်းညွှန်စီစဉ်ဆောင်ရွက်ပေးချက်အရ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညောင်တုန်းမြို့ မြစ်ကမ်းကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်သည်။

ယခုအခါ အဓိကအရေးကြီးပြီး စိုးရိမ်ရသော ညောင်တုန်းမြို့ ၂၁ လမ်းမြစ်ကမ်းတွင် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘိုးပိုင်များ စတင်တည်ဆောက်လျက်ရှိပြီဖြစ်သည်။ (၂၁) လမ်းမြစ်ကမ်းတွင် သံကူကွန်ကရစ်ဘိုးပိုင် ၇၂ တိုင်တည်ဆောက်လျက်ရှိပြီး၊ အလျားပေ ၂၅၀ ကျောက်စီကမ်းထိန်းနံရံပါ တည်ဆောက်သွားမည်ဖြစ်သည်။ ထို့အပြင် ညောင်တုန်းမြို့ (၂၄)လမ်းမှ (၂၇) လမ်းအထိ မြစ်ကမ်းတစ်လျှောက်တွင်လည်း သံကူကွန်ကရစ်ဘိုးပိုင်များနှင့် ကျောက်စီကမ်းထိန်းနံရံများ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မိုးရာသီမရောက်မီ၊ မြစ်ရေမတက်မီ မြစ်ကမ်းပြိုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ အမြန်ပြီးစီးစေရေးအတွက် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နေ့ရောညပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်တုန်း)**

# လမ်းပန်းဆက်သွယ်ရေးလွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် တံတားသုံးစင်းဖွင့်

**ဘားအံ မေ ၁၀**

တိုင်းရင်းသားပြည်သူလူထုတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ရေတို၊ ရေရှည်စီမံချက်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်စေရန် ကရင်ပြည်နယ်လမ်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် တံတားအထူးအဖွဲ့(၁၄) တံတားဦးစီးဌာနမှ တာဝန်ယူတည်ဆောက်သည့် မုဒုံ-မြဝတီလမ်းပေါ်ရှိ လှိုင်ကွယ်တံတား၊ သံဖြူဇရပ်- ဘုရားသုံးဆူလမ်းပေါ်ရှိ ဇမိတံတားနှင့် ဆင်ပြေးတံတားတို့အား မေ ၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

လှိုင်ကွယ်တံတားသည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ထားသည့် မုဒုံ-မြဝတီလမ်းပေါ်တွင် တည်ရှိပြီး အရှည်ပေ ၃၀၀၊ အကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက်သုံးပေစီပါဝင်သည့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ တံတားချဉ်းကပ်လမ်းအပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၉၃၆ သန်း အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ရာ အဆိုပါတံတားကြောင့် ဘားအံ-ကော့ကရိတ်-မြဝတီ လမ်းကြောင်းတစ်လျှောက်နှင့် မုဒုံ-မြဝတီ လမ်းကြောင်းတစ်လျှောက် ကုန်စည်စီးဆင်းမှုလွယ်ကူလျင်မြန်စေမည်ဖြစ်ပြီး နယ်စပ်ဒေသကုန်သွယ်မှုလုပ်ငန်းသည် ထိုတံတားပေါ်မှ ဖြတ်သန်းသွားမည်ဖြစ်သည့်အတွက် ဒေသတွင်းပြည်သူများ၏ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို များစွာအထောက်အပံ့ဖြစ်စေမှာဖြစ်ကြောင်း သိရသည်။

ထို့အတူ ကြာအင်းဆိပ်ကြီးမြို့နယ် သံဖြူဇရပ်-ဘုရားသုံးဆူလမ်းပေါ်တွင်တည်ရှိသည့် ဇမိတံတားသည် အရှည်ပေ ၃၃၀ ရှိသည့် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ကာ ချဉ်းကပ်လမ်းအပါအဝင် စုစုပေါင်းတန်ဖိုးငွေကျပ် ၈၉၀ သန်း အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆင်ပြေးတံတားသည် အရှည် ပေ ၁၈၀ ရှိသည့် တံတားတစ်စင်းဖြစ်ပြီး တံတားတန်ဖိုးမှာ ငွေကျပ် ၄၁၄ သန်းဖြစ်ကြောင်း၊ အဆိုပါတံတားများကြောင့် သံဖြူဇရပ်-ဘုရားသုံးဆူလမ်းတစ်လျှောက် ဆက်သွယ်သွားလာမှု အဆင်ပြေလွယ်ကူချောမွေ့စေမည်ဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများသည် အဆိုပါတံတားကြီးပေါ်မှ ရာသီမရွေး ဘေးအန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းသွားလာနိုင်သည့်အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး အစရှိသည့် လုပ်ငန်းဆောင်တာများအား စိတ်အေးချမ်းသာစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တံတားများဖွင့်ပွဲသို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်လမ်းဦးစီးဌာနနှင့် တံတားအထူးအဖွဲ့(၁၄)မှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကြာအင်းဆိပ်ကြီး-ဘုရားသုံးဆူလမ်းပိုင်း၌ Asia Steel Stone Co.ltd မှ အကျယ် ၁၈ ပေ ချောင်းကျောက် ခြောက်လက်မတစ်လွှာပေါ်တွင် ရှစ်လက်မဒုရှိ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်းနှင့် ထိုလမ်းသည် မိုင် ၅၀ သုံးဖာလုံရှိပြီး ၁၀ မိုင်အား ကတ္တရာလမ်းအဖြစ်ဆောင်ရွက်ပြီးစီး၍ ကျန်ရှိသည့် မိုင် ၄၀ သုံးဖာလုံအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြို့သစ်မြို့နယ်တွင် ဒန့်ဒလွန်ပင်ကျေးရွာ တိုက်နယ်ဆေးရုံသစ် ဖွင့်လှစ်

**မြို့သစ် မေ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မြို့သစ်မြို့နယ် ဒန့်ဒလွန်ကျေးရွာအုပ်စု ဒန့်ဒလွန်ပင်ကျေးရွာ တိုက်နယ်ဆေးရုံသစ်ဖွင့်ပွဲအခမ်းအနားကို မေ ၈ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာ တိုက်နယ်ဆေးရုံဝင်းအတွင်းတွင် ပြုလုပ်သည်။



ရှေးဦးစွာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတာနှင့် ဒုတိယဥက္ကဋ္ဌ ဦးဇော်မျိုးဝင်း၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးမှူး ဒေါက်တာထွန်းအောင်ကြည်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသာအောင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမိုးမင်းဝင်းတို့က ဒန့်ဒလွန်ပင်ကျေးရွာ တိုက်နယ်ဆေးရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဖွင့်ပွဲအထိမ်းအမှတ်(၂၁)ရာစု ပင်လုံငြိမ်းချမ်းရေးညီလာခံကို ထောက်ခံသောအားဖြင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ငြိမ်းချမ်းရေးချိုးဖြူငှက်လွှတ်ခြင်း ဆောင်ရွက်ကာ တိုက်နယ်ဆေးရုံသစ်အတွင်း လှည့်လည်ကြည့်ရှု အားပေးခဲ့ကြသည်။

မြို့သစ်မြို့နယ် ဒန့်ဒလွန်ပင်ကျေးရွာအုပ်စု ဒန့်ဒလွန်ပင်တိုက်နယ်ဆေးရုံအား ၂၀၁၅-၂၀၁၆ ခုနှစ် နိုင်ငံတော်ဘဏ္ဍာငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၅၁၀၀ ဖြင့် (RC)တစ်ထပ်၊ အလျား ၁၂၆ ပေ၊ အနံပေ ၁၁၀၊ အမြင့် ၁၄ ပေရှိ ခွဲစိတ်ဆောင်အပါအဝင် ပင်မဆောင်၊ နှစ်ခန်းတွဲ တစ်ထပ် လက်ထောက် ဆရာဝန်နေအိမ်ဆောင်၊ လေးခန်းတွဲတစ်ထပ် သူနာပြုဆောင်၊ လေးခန်းတွဲတစ်ထပ် ဝန်ထမ်းဆောင်၊ သုံးခန်းတွဲတစ်ထပ် ဝန်ထမ်းဆောင်တစ်လုံးစီနှင့် ရင်ခွဲရုံတို့ပါဝင်ပြီး ၁၆ ခုတင်ဆံ့တိုက်နယ်ဆေးရုံသစ်အဖြစ် အောင်မြင်စွာဆောက်လုပ်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ အဆိုပါကျေးရွာအုပ်စုနှင့် အနီးအနားပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်မည်ဖြစ်သည့်အတွက် ဒေသခံများက ဝမ်းသာလျက်ရှိကြောင်းနှင့် အခမ်းအနားသို့ ဒေသခံပြည်သူ ၈၅၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရန် ရေထိန်းတံခါးများ ပြန်လည်ပြုပြင်ပြီးစီး

**မုံရွာ မေ ၁၀**

ချင်းတွင်းမြစ်တစ်လျှောက် မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်အတွင်းမှ ကျေးရွာများ မြစ်ရေလျှံမှုမှ ကာကွယ်တားဆီးရန်နှင့် စိုက်ပျိုးရေကို အထောက်အကူဖြစ်စေရန် တည်ဆောက်ထားသော ရေထိန်းတံခါးများအား ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါရေထိန်းတံခါးများသည် မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်အတွင်းတွင် ချင်းတွင်းမြစ်ရေ အဝင်/အထွက်ကို ထိန်းညှိပေးသည့် ရေတံခါး ၃၀ ကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတို့ဖြင့် ပြုပြင်တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရေသွင်း/ထုတ်လုပ်တဲ့တံခါးတွေကို တံခါးရွက်တွေပြင်တယ်။ တံခါးပေါင်တွေခိုင်ခံ့စေဖို့အတွက် သံဖရိန်တွေ ပြင်ဆင်တပ်ဆင်ပေးတာပါ။ လာမယ့်မိုးရာသီမှာတော့ လယ်ယာစိုက်ပျိုးမြေတွေအတွက် လိုအပ်တဲ့ စိုက်ပျိုးရေသွင်းဖို့အတွက်နဲ့ မလိုအပ်တဲ့ရေတွေပြန်လည်ထုတ်ဖို့အတွက် အပြည့်အဝလုပ်ဆောင်ပေးနိုင်တော့မှာပါ"ဟု ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့ပေါ်ရပ်ကွက်များဖြစ်သော မုံရွာတောင်ရပ်ကွက်မှ အိုးဘိုတောင်ရပ်ကွက်အထိ ရေထိန်းတံခါးသုံးခုသည် မြို့တွင်းရေကြီးရေလျှံမှုမှ ကာကွယ်ရန်အတွက် တည်ဆောက်ထားခြင်းဖြစ်ပြီး မုံရွာမြို့နယ် တောင်ဘက်ခြမ်း ညောင်ပင်ဇောက်ရေတံခါးမှ ချောင်းဦးမြို့နယ် အမြင့်မြို့ဟောင်းအထိ ရေထိန်းတံခါး ၂၇ ခုသည် ကျေးရွာများရေလျှံခြင်းမှ ကာကွယ်နိုင်သည့်အပြင် မုံရွာမြို့နယ်အတွင်းမှ စိုက်ပျိုးဧက ၅၁၅၄ ဧက၊ ချောင်းဦးမြို့နယ်အတွင်းမှ စိုက်ပျိုးဧက ၂၇၄၇၄ ဧကကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# မင်းသမီးကြီး ကမ်ယောင်အေး ကင်ဆာရောဂါဖြင့် ကွယ်လွန်

တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲတွေမှာ ဇာတ်ပို့တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်လေ့ရှိတဲ့ မင်းသမီး ကမ်ယောင်အေးဟာ လတ်တလောမှာ ပန်းကရိယကင်ဆာရောဂါဖြင့် ကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း တောင်ကိုရီးယားမီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။

ကမ်ယောင်အေးဟာ ပန်းကရိယကင်ဆာရောဂါကို ငါးနှစ်ကြာ အန်တုခဲ့ပြီးနောက် ပြီးခဲ့တဲ့ မေ ၉ ရက် နံနက်စောစောမှာ ကွယ်လွန်သွားခဲ့ခြင်းဖြစ်ကာ ကွယ်လွန်ချိန်မှာ အသက် (၆၆)နှစ်ရှိပြီဖြစ်ကြောင်း သိရပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း ကင်ဆာရောဂါခံစားနေရကြောင်း သိခဲ့ရပြီးနောက် ကမ်ယောင်အေးဟာ ခွဲစိတ်ကုသမှုတွေကို ခံယူခဲ့ပါတယ်။ အဲဒီနောက် ကျန်းမာရေးအခြေအနေဟာ ပိုမိုကောင်းမွန်လာတဲ့အတွက် ဇာတ်ကားတွေမှာ ပြန်လည်ပါဝင်သရုပ်ဆောင်နိုင်ခဲ့ပါတယ်။ သူ့ရဲ့ကင်ဆာအကျိတ်တွေကို ဖယ်ရှားဖို့အတွက် ခွဲစိတ်မှုတွေ ထပ်မံပြုလုပ်ခဲ့ရပေမယ့် ကမ်ဟာ သူ့ရဲ့သရုပ်ဆောင်လုပ်ငန်းကိုတော့ ရပ်တန့်ထားခဲ့ခြင်းမရှိပါဘူး။ ကမ်က သူ့ရဲ့ရောဂါကြောင့် သရုပ်ဆောင်လုပ်ငန်းနဲ့ပတ်သက်တဲ့ သူ့ရဲ့ ရည်ရွယ်ချက်ဟာ ပိုမိုပြင်းထန်လာခဲ့ရကြောင်းနဲ့ သူ့ရဲ့အသက် (၇၀)ပြည့်သည်အထိ အနုပညာလုပ်ငန်းမှာ ပါဝင်လှုပ်ရှားလိုကြောင်း ပြောကြားခဲ့ဖူးပေမယ့် အသက်(၆၆)နှစ်မှာ လောကကိုကျောခိုင်းသွားရတဲ့ ကမ်အတွက် ရည်ရွယ်ချက်ဟာလည်း သူနဲ့အတူသေဆုံးသွားခဲ့ရပြီဖြစ်ပါတယ်။





"Doctors"မှ ပါ့ခ်ရှင်ဟေးနှင့် ကမ်ယောင်အေးတို့ကို တွေ့ရစဉ်။

ကမ်ယောင်အေး နောက်ဆုံးပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်ကတော့ "The Gentlemen of Wolgyesu Tailor Shop" ဖြစ်ပြီး ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ် ဩဂုတ် ၂၇ ရက်က စတင်ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ ယင်းရုပ်ရှင်ရဲ့ရိုက်ကူးရေးလုပ်ငန်းတွေကိုတော့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီ ၂၆ ရက်မှာ ပြီးဆုံးခဲ့ပါတယ်။ ရိုက်ကူးရေးလုပ်ဆောင်နေစဉ်အတွင်းမှာ ကမ်ယောင်အေးက သူ့ရဲ့ဝေဒနာအကြောင်းကို အခြားသောသူတွေကို အသိမပေးလိုဘဲ ရုပ်ရှင်အောင်မြင်စွာအဆုံးသတ်နိုင်ရေးကိုသာ အလေးထားကာ အတတ်နိုင်ဆုံး၊ အကောင်းဆုံးပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။

ပြီးခဲ့တဲ့ နှစ်အတွင်းထွက်ရှိခဲ့တဲ့ တောင်ကိုရီးယားရဲ့ အောင်မြင်တဲ့ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ "Doctors" ရဲ့ ဇာတ်ဆောင်မင်းသမီးဖြစ်သူ ပါ့ခ်ရှင်ဟေးရဲ့ အဘွားဖြစ်သူအဖြစ်လည်း ကမ်က ပါဝင်သရုပ်ဆောင်ခဲ့ပါတယ်။ ကင်ဆာရောဂါနဲ့ တိုက်ပွဲဝင်နေတဲ့အကြားက ကမ်ယောင်အေးဟာ သူပါဝင်သရုပ်ဆောင်ခွင့်ရခဲ့တဲ့ ရုပ်ရှင်တွေမှာ အကောင်းဆုံးသရုပ်ဆောင်ခဲ့တာကို ယင်းဇာတ်လမ်းတွဲရုပ်ရှင်က သက်သေထူနေပါတယ်။

အနုပညာသက်တမ်းတစ်လျှောက် ဇာတ်လမ်းတွဲများစွာမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး ကမ် ပါဝင်ခဲ့တဲ့ ရုပ်သံဇာတ်လမ်းတွဲတွေအနက် အကျော်ကြားဆုံးသော ဇာတ်လမ်းတွဲရုပ်ရှင်တွေကတော့ "Kill Me Heal Me"၊ "Moon that Embraces the Sun"၊ "Liar Game"နဲ့ "Doctors" တို့ဖြစ်ကြပြီး ကမ်ယောင်အေးရဲ့ အအောင်မြင်ဆုံးသော ရုပ်ရှင်တွေကတော့ "The Attorney" နဲ့ "Confession of Murder"တို့ ဖြစ်ကြကြောင်းလည်း သိရပါတယ်။

ကမ်ယောင်အေးရဲ့ အသုဘအခမ်းအနားကိုတော့ ဆိုးလ်မြို့မှာ ပြုလုပ်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

# "The Fate of the Furious"ရုပ်ရှင်၏ ပထမဆုံးသောဇာတ်ဝင်တေး တေးဗီဒီယိုထုတ်လွှင့်

ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ ဇာတ်လမ်းတွဲရုပ်ရှင်တစ်ကားဖြစ်တဲ့ "Fast and Furious"ရုပ်ရှင်တွေရဲ့ ရုပ်ရှင်သစ်"The Fate of the Furious"မှာ ပါဝင်မယ့် ပထမဆုံးသောတေးသီချင်းအတွက်တေးဗီဒီယိုကို လတ်တလောမှာ စတင်ထုတ်လွှင့်လိုက်ပြီဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

"Hey Ma"လို့အမည်ရတဲ့ ယင်းတေးသီချင်းကိုတော့ နာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ပစ်ထ်ပူး၊ "Fifth Harmony"ရဲ့ အဖွဲ့ဝင်ဟောင်း ကမ်မီလာကပ်ဘဲလိုနဲ့ ဂျေဘော်ဗင်တို့ တွဲဖက်ဖန်တီးထားတာဖြစ်ပါတယ်။ တေးဗီဒီယိုအရတော့ ခံစားချက်ပြင်းပြင်းတွေကို ပေးဆောင်နိုင်တဲ့ တေးဗီဒီယိုတစ်ခုဖြစ်ကြောင်းလည်း သိရပါတယ်။ ယခုတစ်ကြိမ်ထွက်ရှိခဲ့တဲ့ တေးဗီဒီယိုဟာ အင်္ဂလိပ်ဗားရှင်းနဲ့ဖြစ်ပြီး ပြီးခဲ့တဲ့ ကြာသပတေးနေ့က စတင်ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ တစ်လခန့်က ယင်းတေးသီချင်းရဲ့ ပြင်သစ်ဗားရှင်းကို ထုတ်လွှင့်ခဲ့ပြီးဖြစ်ကာ " The Fate of the Furious "ရုပ်ရှင်ဇာတ်ဝင်တေး အယ်လ်ဘမ်တစ်ခုလုံးကိုတော့ လာမယ့် မေ ၁၄ ရက်ကစတင်ပြီး ဝယ်ယူရရှိနိုင်တော့မှာဖြစ်တယ်လို့လည်း သိရပါတယ်။

တေးဗီဒီယိုကို "The Fate of the Furious "ရုပ်ရှင်အခြေတည်ရိုက်ကူးရာ ကျူးဘားနိုင်ငံမှာ သွားရောက်ရိုက်ကူးခဲ့တာကြောင့် ယင်းဒေသရဲ့ အလှအပရှုခင်းတွေကိုလည်း တေးဗီဒီယိုမှာ တွေ့မြင်ခံစားရမှာဖြစ်ပါတယ်။ " The Fate of the Furious "ဟာ "Fast and Furious"ဇာတ်လမ်းတွဲရုပ်ရှင်တွေရဲ့ ရှစ်ကားမြောက်ရုပ်ရှင်ဖြစ်ပြီး ၁၉၆၀ ပြည့်နှစ်နောက်ပိုင်း ကျူးဘားမှာ အဓိကရိုက်ကူးထားတဲ့ ဟောလိဝုဒ်ရုပ်ရှင်တစ်ကားလည်းဖြစ်ကြောင်း သိရပါတယ်။

"The Fate of the Furious "ကိုတော့ လာမယ့် မေ ၁၄ ရက်မှာ အမေရိကန်နိုင်ငံတစ်ဝန်း စတင်ရုံတင်သွားဖို့စီစဉ်ထားကြောင်းလည်း သိရပါတယ်။



# တေးအယ်လ်ဘမ်သစ်ကို စမ်းသပ်ထုတ်လွှင့်ခဲ့တဲ့ ဂျနီဖာလိုပက်ဇ်

နာမည်ကျော်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဂျနီဖာလိုပက်ဇ်ဟာ မကြာမီထုတ်လွှင့်သွားတော့မယ့် သူ့ရဲ့တေးအယ်လ်ဘမ်သစ်မှာပါဝင်တဲ့ တေးသီချင်းကို ပရိသတ်တွေ မြည်းစမ်းခံစားနိုင်ဖို့အတွက် သူ့ရဲ့လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် လတ်တလောမှာ ထုတ်လွှင့်ပြသပေးခဲ့ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

အသက်(၄၇)နှစ်အရွယ် ဂျနီဖာလိုပက်ဇ်က ခင်ပွန်းဟောင်းဖြစ်သူ မက်ခ်အန်ထော်နီနဲ့ တွဲဖက်ကာတေးအယ်လ်ဘမ်သစ်တစ်ခု ထွက်ရှိဖို့ အရေးကြိုးပမ်းနေပြီး တေးအယ်လ်ဘမ်တစ်ခုလုံးမှာ ပြင်သစ်ဘာသာနဲ့ သီဆိုထားတဲ့ တေးသီချင်းတွေပါဝင်မှာ ဖြစ်ပါတယ်။ ယင်းတေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းသစ်တစ်ပုဒ်ကို ဂျနီဖာလိုပက်ဇ်က ပြီးခဲ့တဲ့ မေ ၇ ရက်မှာ သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် တေးဗီဒီယိုနဲ့အတူ အမြည်းသဘော ထုတ်ဖော်ပြသခဲ့တာဖြစ်ကြောင်း သိရပါတယ်။

အဆိုပါတေးဗီဒီယိုနဲ့အတူ ဂျနီဖာလိုပက်ဇ်က သူ့ရဲ့အလှဓာတ်ပုံနှစ်ပုံကိုလည်း တွဲဖက်ဖော်ပြခဲ့ပါတယ်။ လတ်တလောမှာ ကလေးနှစ်ဦးရဲ့မိခင်ဖြစ်နေပြီဖြစ်တဲ့ ဂျနီဖာလိုပက်ဇ်ဟာ ငွေရောင်ဂါဝန်ရှည်ကြီးကို ဝတ်ဆင်ထားကာ ဆွဲဆောင်မှုပြင်းလွန်းတဲ့အလှတွေကို ပိုင်ဆိုင်ထားဆဲဖြစ်တာကို တွေ့ခဲ့ရပါတယ်။ ဒ့ါအပြင် ဂျနီဖာက သူ့ရဲ့ဓာတ်ပုံအတွက် မိတ်ကပ်နဲ့ဆံပင်ကို ပြင်ဆင်ပေးခဲ့တဲ့ အလှဖန်တီးရှင်တွေကိုလည်းကျေးဇူးတင်ရှိကြောင်း လူမှုကွန်ရက်မီဒီယာကတစ်ဆင့် ရေးသားဖော်ပြခဲ့ပါ တယ်။

တေးအယ်လ်ဘမ်သစ်အတွက် ပြင်ဆင်မှုတွေကို ပြုလုပ်နေဆဲကာလမှာ ဂျနီဖာလိုပက်ဇ်ဟာ အချစ်ရေးကိုလည်း နောက်ချန်မထားခဲ့ပါဘူး။ လတ်တလောမှာ သူနဲ့လက်တွဲနေတဲ့ အဲလက်ဇ်ရော့ဒရီးဂွက်စ်နဲ့အတူ ချိန်းဆိုတွေ့ဆုံမှုတွေကို ပုံမှန်ပြုလုပ်နေဆဲဖြစ်ကာ မကြာသေးမီကလည်း နယူးယော့ခ်မြို့တော်မှာရှိတဲ့ စားသောက်ဆိုင်တစ်ဆိုင်မှာ ညစာအတူစားခဲ့ကြပြီး အလည်အပတ် ထွက်ခဲ့ကြပါတယ်။ ဒီလိုတစ်ဦးနဲ့တစ်ဦး တွေ့ဆုံတာကြာလာချိန်မှာတော့ အချစ်တွေလည်း ပိုမိုခိုင်မာလာကာ လက်ထပ်ဖို့ပင် ဆွေးနွေးနေပြီဖြစ်ကြောင်း ကောလာဟလတွေလည်း ပေါ်ထွက်လျက်ရှိတယ်လို့ သိရပါတယ်။

# အနုပညာသက်တမ်း နှစ်နှစ်ဆယ်ပြည့်အထိမ်းအမှတ် ပရိသတ်တွေနဲ့တွေ့ဆုံပွဲကို အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ဆိုဂျီဆပ်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ သရုပ်ဆောင် မင်းသားတစ်ဦးလည်းဖြစ်၊ တေးသံရှင် တစ်ဦးလည်းဖြစ်တဲ့ ဆိုဂျီဆပ်ဟာ သူ့ရဲ့ အနုပညာခရီးမှာ ပါဝင်လျှောက်လှမ်းလာခဲ့တာ နှစ်နှစ်ဆယ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်ရာ အနုပညာလောကမှ သူ့ရဲ့အောင်မြင်မှုအတွက် အမှတ်တရဖြစ်စေမယ့် ပရိသတ်တွေနဲ့ တွေ့ဆုံပွဲကို အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပခဲ့ကြောင်း ကိုရီယားအပ်ဒိတ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

၁၉၉၆ ခုနှစ်က သရုပ်ဆောင်တစ်ဦးအဖြစ် အနုပညာလောကအတွင်း စတင်ခြေချခဲ့တဲ့ ဆိုဂျီဆပ်ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း အနုပညာသက်တမ်း နှစ်နှစ်ဆယ်ပြည့်ခဲ့ပြီဖြစ်ပါတယ်။ သူ့ရဲ့အနုပညာရှင်ဘဝကို အစဉ်အားပေးခဲ့ကြတဲ့ ပရိသတ်တွေကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ပရိသတ်တွေနဲ့ ရင်းရင်းနှီးနှီးတွေ့ဆုံပွဲကို ပြီးခဲ့တဲ့ မေ ၇ ရက်မှာ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ကျင်းပခဲ့ပြီး ဆိုဂျီဆပ်အတွက် အင်ဒိုနီးရှားနိုင်ငံမှာပြုလုပ်ခဲ့တဲ့ ပထမဆုံးသောပရိသတ်တွေနဲ့ တွေ့ဆုံပွဲဖြစ်ခဲ့ကြောင်းလည်း သိရပါတယ်။

"I'm sorry, I love you"၊ "What Happened in Bali?"၊ "The Master's Sun" နဲ့ "Oh My Venus"စတဲ့ ဇာတ်လမ်းတွဲ ရုပ်ရှင်တွေနဲ့ ကျော်ကြားလာခဲ့တဲ့ ဆိုဂျီဆပ်ဟာ သူ့ရဲ့တွေ့ဆုံပွဲကို "TWENTY" လို့ အမည်ပေးခဲ့ကာ ပရိသတ်တွေနဲ့ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့တဲ့အပြင် တေးသီချင်းနဲ့ဖျော်ဖြေခြင်း၊







အင်တာဗျူးပြုလုပ်ခြင်း၊ လက်ဆောင်ပေးခြင်း၊ အမှတ်တရဗီဒီယိုပြသခြင်း၊ ဓာတ်ပုံရိုက်ခြင်းအပါအဝင် အခြားသော အစီအစဉ်များစွာကိုလည်း တွေ့ဆုံပွဲမှာ ထည့်သွင်းပြုလုပ်ခဲ့တယ်လို့လည်း သိရပါတယ်။

ပရိသတ်နဲ့ တွေ့ဆုံခဲ့စဉ် ဆိုဂျီဆပ်က ကံအကောင်းဆုံးသော ပရိသတ်တစ်ဦးကို ရွေးချယ်ကာ သူကိုယ်တိုင်ဖန်တီးထားတဲ့ ရေးမွှေးတစ်ပုလင်းကို လက်ဆောင်ပေးခဲ့ကြောင်းလည်း သိရပါတယ်။ ဆိုဂျီဆပ်က စင်မြင့်ပေါ်မှာ လျှောက်လှမ်းလာရင်းက ထိုင်ခုံနံပါတ်တစ်ခုကို ရွေးချယ်ပေးခဲ့ကာ ထိုင်ခုံပိုင်ရှင်ပရိသတ်ကို ရေးမွှေးလက်ဆောင်ပေးခဲ့တာ ဖြစ်ပါတယ်။ ယင်းရေမွှေးကို ဆိုဂျီဆပ်ရဲ့အကြိုက်နှစ်သက်ဆုံးသောရနံ့ဖြစ်တဲ့ မက်မွန်သီးရနံ့နဲ့ ကိုယ်တိုင်ဖန်တီးထားတာဖြစ်ပြီး ရေမွှေးပြုလုပ်ခဲ့ပုံကိုလည်း ဗီဒီယိုဖိုင်နဲ့ပြသခဲ့ကြောင်းလည်း သိရပါတယ်။ ဒ့ါအပြင် အခြားသော ကံကောင်းသူနှစ်ဦးကိုလည်း မဲနှိုက်ကာ ထပ်မံရွေးချယ်ခဲ့ပြီး ဆိုဂျီဆပ်ရဲ့ အမှတ်တရလက်မှတ်ရေးထိုးထားတဲ့ ဦးထုပ်၊ တီရှပ်နဲ့ မျက်နှာသုတ်ပဝါတွေကို လက်ဆောင် ပေးခဲ့ကြောင်းလည်း သိရပါတယ်။

အဆိုပါပွဲမှာ ဆိုဂျီဆပ်က သူ့ရဲ့ ဂီတနဲ့ပတ်သက်တဲ့ အရည်အသွေးကိုလည်း ပရိသတ်တွေကို ထုတ်ဖော်ပြသခဲ့ပါတယ်။ ဟစ်ပ်ဟော့ပ်တေးသံရှင်တစ်ဦးအဖြစ်လည်းအောင်မြင်ခဲ့တဲ့ ဆိုဂျီဆပ်က သူ့ရဲ့နာမည်ကျော်တေးသီချင်းတွေနဲ့ ဖျော်ဖြေခဲ့ပြီး အခြားသောတေးသံရှင်တွေဖြစ်ကြတဲ့ "Soul Dive" တေးဂီတအဖွဲ့နဲ့ တွဲဖက်ကာ တေးသီချင်း ၁၂ ပုဒ်ကို သီဆိုဖျော်ဖြေခဲ့တယ်လို့လည်း သိရပါတယ်။

ဒ့ါအပြင် ဆိုဂျီဆပ်ဟာ ပြီးခဲ့တဲ့ မေ ၉ ရက်မှာလည်း သူ့ရဲ့အနုပညာသက်တမ်း နှစ်နှစ်ဆယ်ပြည့်အထိမ်းအမှတ် ပရိသတ်နဲ့တွေ့ဆုံပွဲကို စင်ကာပူနိုင်ငံမှာ ကျင်းပခဲ့ကြောင်းလည်း သိရပါတယ်။

ဆိုဂျီဆပ်ဟာ လတ်တလောမှာ မင်းသား ဆောင်ဂျွန်ကီနဲ့ တွဲဖက်ကာ "Battleship Island" ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ထားပြီး ယင်းရုပ်ရှင်ကိုတော့ လာမယ့် ဩဂုတ်လအတွင်း တောင်ကိုရီးယားမှာ ရုံတင်သွားရန် စီစဉ်ထားကြောင်းလည်း သိရပါတယ်။

အေးပြည့် – စုစည်းသည်

## ရန်ကုန်မြောက်ပိုင်းခရိုင်တွင် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ရန်ကုန် ဧပြီ ၁၀**

၁၃၇၈ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာ သင်္ကြန်ပွဲတော်ကို မြန်မာဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် ခရိုင်အဆင့် ဗဟိုရေကစားဆုပေးမဏ္ဍပ်ကို အင်းစိန်မြို့နယ် ရန်ကုန်-ပြည်လမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက် အထက(ခွဲ)၊ အလက(၁၂) ကျောင်းရှေ့၌ စတင်ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဗဟိုရေကစားမဏ္ဍပ်နှင့် ဆုပေးမဏ္ဍပ်ကို မဟာသင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက် နံနက် ၉ နာရီတွင် ဖွင့်လှစ်မည်ဖြစ်ပြီး မဟာသင်္ကြန်ရက်များတွင် မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များမှ ယိမ်း၊ အကအလှ ပြိုင်ပွဲဝင်အဖွဲ့ ၁၀ ဖွဲ့တို့က မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်သီချင်းများသီဆို၍ ပြိုင်ပွဲဝင် ကပြဖျော်ဖြေခြင်းနှင့် အဆိုတော်တေးသံရှင်များက ပရိသတ်များကို ဖျော်ဖြေတင်ဆက်ခြင်းများ ပြုလုပ်ကြမည်ဖြစ်ကာ မဟာသင်္ကြန်အတက်နေ့ ဧပြီ ၁၆ ရက် ညနေ ၄ နာရီ ပိတ်ပွဲတွင် ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များအား ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများ ထိုက်တန်စွာ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ခရိုင်သင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီထံမှ သိရသည်။ **(မြင့်)**




**ပဲခူး ဧပြီ ၁၀**

ပဲခူးမြို့ တောင်သူစုကျေးရွာအနီးရှိ အမှိုက်ပုံကြီးတွင် မြို့ပေါ်ရပ်ကွက်အသီးသီးမှ ထွက်ရှိလာသော အမှိုက်များကို နေ့စဉ်လာရောက်စွန့်ပစ်လျက်ရှိသည်။

အဆိုပါအမှိုက်ပုံကြီးရှိရာနေရာသည် မြို့ပေါ်ရပ်ကွက်များ၊ ကျေးရွာလူနေအိမ်များ၊ ဌာနဆိုင်ရာရုံးများ၊ သမိုင်းဝင်ဘုရားပုထိုးစေတီများနှင့် နီးကပ်စွာတည်ရှိနေခြင်းကြောင့် လမ်းသွားလမ်းလာပြည်သူများမှ မတော်တဆဆေးလိပ်မီးပစ်ချသွားသဖြင့် မီးလောင်မှုအကြိမ်များစွာ မကြာခဏဖြစ်ပေါ်လျက်ရှိသည်။

ပူပြင်းခြောက်သွေ့သော နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် မီးလောင်မှုဖြစ်ပွားမည်ကို အနီးပတ်ဝန်းကျင်နေပြည်သူများမှ နေ့စဉ်နှင့်အမျှ စိုးရိမ်မှုဖြစ်ပေါ်လျက်ရှိသည့်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများမှ အဆိုပါအမှိုက်ပုံကြီးအားအခြားသင့်တော်သောနေရာသို့ အမြန်ဆုံးပြောင်းရွှေ့ပေးပါရန် ပြည်သူများကဆန္ဒရှိနေကြသည်။

**တင်စိုး(ပဲခူး)**

## ပန်းမရှိသည့်ကာလတွင် ပျားများကို သကြားကျွေးကာမွေးမြူမှုများ ပြုလုပ်နေရ



**မန္တလေး ဧပြီ ၁၀**

ပျားမွေးမြူရေးလုပ်ငန်းသည် နိုင်ငံခြားဝင်ငွေရရှိအောင်စွမ်းဆောင်ပေးသည့်လုပ်ငန်းပင်ဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသောကာလတွင် ပျားကိုစီးပွားဖြစ်မွေးမြူလာကြသည်။

ပျားမွေးမြူရာတွင် ပျားအိမ်၊ ပျားသေတ္တာများဖြင့် မွေးမြူကြသည်။ မွေးမြူရေးပျားများမှ ပျားရည်များကို ပန်းပေါသည့် စက်တင်ဘာလမှ ဖေဖော်ဝါရီလအတွင်းတွင်သာ ထုတ်ယူနိုင်သည်။ ကျန်လများတွင် ပျားများကို သကြားအရည်ဖျော်ကျွေးကာမွေးမြူကြရသည်။ လက်ရှိကာလတွင် ပျားပုံး ၄၀၀ အတွက် တစ်ခါကျွေးလျှင် သကြားနှစ်အိတ်အထိကျွေးနေရကြောင်း သိရသည်။

ပျားတစ်ပုံးတွင် ဖရိန်ဟုခေါ်သော ပျားသလက်ရှစ်ချပ်ပါရှိသည်။ ပျား၃ ပျားကောင် စုစုပေါင်းတစ်သိန်းမျှဖြင့် ပျားပုံးတစ်ပုံးကို လည်ပတ်ကြရသည်။ ပျားပုံးထဲတွင် ပျားထီး၊ ပျားဘုရင်မ၊ လုပ်သားပျားနှင့် သက်ကြီးပျားတို့ပါဝင်ကြသည်။ ပျားထီးသည် မိတ်လိုက်ပြီး သေသွားတတ်သည်။ လုပ်သားပျား၏ သက်တမ်းမှာ တစ်လခန့်ရှိပြီး ပျားဘုရင်မ၏သက်တမ်းမှာ ပျမ်းမျှလေးနှစ်ခန့်အထိရှိသည်။ လက်ရှိပျားမွေးမြူရေးပုံးများတွင်ရှိသော ပျားဘုရင်မများမှ တစ်နှစ်ကျော်ခန့်သာ အသက်ရှည်ကြောင်းပျားမွေးမြူရေးပြုလုပ်သူတစ်ဦးက ရှင်းပြ၍သိရသည်။

ပျားပုံးများကို ပန်းပေါသည့်နေရာများသို့ ရွှေ့ပြောင်းချပေးကာ ပျားရည်ရရှိအောင်ပြုလုပ်ကြရသည်။ အဓိကအားဖြင့် ပန်းပေါသောတောင်ကြီး၊ ပြင်ဦးလွင်၊ ထီးချိုင့်တို့တွင် သွားရောက်ရသည်လည်းရှိသည်။ အညာဒေသတွင်မူ ပျော်ဖွယ်၊ ရမည်းသင်း၊ မန္တလေး၊ စဉ့်ကိုင်၊ ကျောက်ဆည်နယ်တို့တွင် ပျားပုံးများချပေးထားရသည်။ ယခုအခါတွင် ပန်းပွင့်သည့်ရာသီမဟုတ်သည့်အတွက် ကားလမ်းဘေးများတွင် ပျားပုံးများချထားပြီး နွေနှမ်းစိုက်ပျိုးချိန်ကို စောင့်နေရသည်။

ပျားမွေးမြူရေးလုပ်ငန်းသည် အရင်းကြီးသလိုပင် အနုစိပ်ရသောလုပ်ငန်းပင်ဖြစ်သည်။ ပျားအကောင်တစ်ရာ၏ အဆိပ်သည် မြွေတစ်ကောင်၏ အဆိပ်နီးပါးပြင်းသည်ဟုဆိုသည်။ အများစုမှာ ပန်းမပေါသည့်မတ်လမှစကာ သကြားကျွေးကာမွေးမြူကြရသည်။ ဝါဆိုလလောက်မှစကာ သကြားကျွေးမှုရပ်ပြီး ပန်းဝတ်ရည်ကိုစုပ်ယူစေပြီး တော်သလင်းလလောက်အရောက်တွင် ပျားရည်ထုတ်ယူလေ့ရှိသည်။

ပျားရည်ရရှိသည့်ကာလတွင်တစ်လလျှင် နှစ်ကြိမ်သုံးကြိမ်ခန့်ထုတ်ယူပြီး ပျားပုံး ၂၅ ပုံးတွင် လေးကြိမ်အထိ ပျားရည်ထုတ်ယူပါကတစ်ပီပါအထိ ရနိုင်သည်။

**နွေနဒီ(မြစ်ငယ်)**

## သင်္ကြန်ကာလတွင် မူခင်းလျော့နည်းပပျောက်ရေး ဂန့်ဂေါမြို့တွင် အသိပညာပေးဟောပြော

**ဂန့်ဂေါ ဧပြီ ၁၀**

သင်္ကြန်ပွဲတော်ကာလအတွင်း မူခင်းလျော့နည်းပပျောက်ရေး သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များအား ဂန့်ဂေါမြို့နယ်ရဲတပ်ဖွဲ့နှင့် ဂန့်ဂေါမြို့နယ်ရှိ ယစ်မျိုးလိုင်စင်ရှိသူများ၊ တရားဝင်အရက်ဆိုင်ပိုင်ရှင်များ၊ ဆိုင်ကယ်အပိုပစ္စည်းရောင်းဝယ်ရေး၊ ဆိုင်ကယ်ပြုပြင်ရေးဆိုင်များမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို ဧပြီ ၇ ရက် မွန်းလွဲပိုင်းက ဂန့်ဂေါမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းထွဋ်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သည့် စိတ်ကြွဆေးများ အန္တရာယ်အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများက တင်ပြမေးမြန်းချက်များကို ရဲမှူးဝင်းထွဋ်က ပြန်လည်ဖြေကြားပေးခဲ့ပြီး မဟာသင်္ကြန်ပွဲတော်ကာလတွင် ပြည်သူများ အေးချမ်းစွာရေကစားနိုင်ရန် ရဲနှင့် ပြည်သူ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရေး ထည့်သွင်းဆွေးနွေးကြောင်း သိရသည်။

**စိန်ကျော်(ဝါးဘိုးချောင်)**

## ဒလမြို့နယ်အတွင်းရှိ သောက်သုံးရေအခက်အခဲရှိသောမြို့နယ်များသို့ သောက်သုံးရေများ သွားရောက်လှူဒါန်း



**ဒလ ဧပြီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်၍ ဒုတိယရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေ၊ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်လွင်ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ဧပြီ ၈ ရက် နံနက် ၈ နာရီက ဒလမြို့နယ်အတွင်းရှိ သောက်သုံးရေအခက်အခဲရှိသော တပင်ရွှေထီးရပ်ကွက်နှင့် ၁၁/၁၄ ရပ်ကွက်သို့ ရေဂါလန် ၂၀၀၀ ဆံ့ ယာဉ်တစ်စီး၊ ရေဂါလန် ၁၂၀၀ ဆံ့ ယာဉ်သုံးစီး၊ သောက်ရေသန့် ငါးလီတာဝင်ဘူး ၅၀၀ ခန့်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်တစ်စီးတို့ဖြင့် သုံးရေများနှင့် သောက်ရေသန့်ဘူးများအား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းသို့ သောက်သုံးရေများ လှူဒါန်းရာတွင် မြို့နယ်အတွင်းရှိ တပင်ရွှေထီးရပ်ကွက်၌ အိမ်ထောင်စု ၂၈၀ အတွက် တစ်စုလျှင် ငါးလီတာဆံ့ သောက်ရေသန့်ဘူးတစ်ဘူး စုစုပေါင်းသောက်ရေသန့်ဘူး ၂၈၀ ကိုလည်းကောင်း၊ အိမ်ထောင်စုတစ်စုလျှင် သုံးရေ ၁၅ ဂါလန်နှုန်းဖြင့် ရေဂါလန် ၄၄၀၀ နှင့် ၁၁/၁၄ ရပ်ကွက်၌ အိမ်ထောင်စု ၂၂၀အတွက် ငါးလီတာဆံ့ သောက်သုံးရေသန့်ဘူး ၂၂၀၊ အိမ်ထောင်စု ၇၅ စုအတွက် လီတာ ၂၀ ဆံ့ သောက်ရေသန့်ဘူး ၇၅ ဘူး၊ အိမ်ထောင်စု ၂၉၅ စုအတွက် တစ်အိမ်ထောင်လျှင် သုံးရေဂါလန် ၂၀ နှုန်းဖြင့် ရေဂါလန် ၅၂၀၀ တို့ကို ဖြန့်ဖြူးလှူဒါန်းခဲ့ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

## မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကြံပြုဆွေးနွေး

**စဉ့်ကိုင် ဧပြီ ၁၀**

စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကြံပြု ဆွေးနွေးပွဲကို ဧပြီ ၉ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

အခမ်းအနားတွင် စဉ့်ကိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်ကြည်မို့မို့လွင်က အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် မြစိမ်းရောင်ကျေးရွာ ၂၂ ရွာရှိပါကြောင်း၊ ကျေးရွာများအားနည်းချက်၊ အားသာများလည်းရှိပါကြောင်း၊ ထိုအားနည်းချက်၊ အားသာချက်များကိုလည်း ယခုတက်ရောက်လာသော ဌာနများမှ ဝိုင်းဝန်းပူးပေါင်းအကြံပြုဆွေးနွေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြစိမ်းရောင်ကျေးရွာ ကော်မတီဝင်များက မိမိတို့ကျေးရွာများတွင် ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးရာ တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဝင်းဝင်းသန်း (ပြန်/ဆက်)**

## သုံးခွမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီတို့ ပူးပေါင်း၍ နွေရာသီကျောင်းပိတ်ရက် အခြေခံအားကစားသင်တန်းဆင်း

**သုံးခွ ဧပြီ ၁၀**

ရန်ကုန် တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီတို့ ပူးပေါင်းပြုလုပ်သည့် နွေရာသီအခြေခံအားကစားသင်တန်းများဆင်းပွဲကို ဧပြီ ၉ ရက် ညနေ ၄ နာရီ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးမျိုးဆွေနှင့် ကော်မတီဝင်များ၊ သင်တန်းနည်းပြများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးမျိုးဆွေက "အားကစားလိုက်စားနိုင်ဖို့ နွေရာသီအားကစားသင်တန်းများကို နှစ်စဉ်နှစ်တိုင်းဖွင့်လှစ်ပေးခြင်းဖြစ်ပါတယ်။ လူငယ်လူရွယ်များအနေနဲ့ အခြေခံအားကစားနည်းတစ်ရပ်ရပ်ကို လေ့လာလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အချင်းမြင့်မားတဲ့ အားကစားသမားကောင်းများ ဖြစ်လာစေရေးနဲ့ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးဆိုတဲ့ ရည်ရွယ်ချက်များနှင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

ယင်းနောက် သင်တန်းနည်းပြဆရာများအား အမှတ်တရပစ္စည်းများကို မြို့နယ်အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌကလည်းကောင်း၊ သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို ဦးစိန်ဝင်းမောင်ကလည်းကောင်း ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကြည်စိုးလွင်(သုံးခွ)**

## နွေစပါးစိုက်ခင်းများအတွင်း ညအချိန်ရေလိုက်သည့် တောင်သူများ အစာရှာသည့်အဆိပ်ပြင်းမြွေအန္တရာယ် ဂရုပြုကြရန်လို

**ရေတာရှည် ဧပြီ ၁၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း ဆွာချောင်းဆည်ရေသောက်စနစ်ဖြင့် နွေစပါးများစိုက်ပျိုးပြီးစီးခဲ့ပြီဖြစ်ရာ အောင်ရေအတွက် ရေသွင်းခြင်း၊ ရေလိုက်ခြင်းများကို နေ့ညဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

စိုက်ပျိုးပြီး နှစ်လသားရှိလာချိန်တွင် ကန်သင်းမြက်များရှည်လာခြင်းနှင့် ချုံ၊ ကိုင်းအပင်များ ရှည်လာသည်နှင့်အမျှ ညပိုင်းရေလိုက်သူများအနေဖြင့် အစာရှာထွက်တတ်သည့် အဆိပ်ပြင်းမြွေများဖြစ်သော မြွေပွေး၊ မြွေဟောက်၊ ငန်းဇောင်းများကို ကန်သင်းမြက်များအကြား မကြာခဏတွေ့ရှိရသည့်အတွက် တောင်သူအချင်းချင်း သတိပေးပြောကြားမှုများရှိနေသည်။

"ကျွန်တော်တို့တော့ သားရေလည်ရှည်ဖိနပ်ဝယ်ထားရတယ်။ ညပိုင်းမှာ အဲဒီဖိနပ်နဲ့ဆို အန္တရာယ်ကင်းတာပေါ့။ ရထားလမ်းအတိုင်းသွားရင် မြွေပွေးကို ခဏခဏတွေ့ရတာ။ ရေစပ်တွေမှာလည်း မြွေဟောက်တွေက ဖားတို့၊ ငါးတို့ချောင်းနေတတ်လို့ သတိထားသွားနေရတယ်" ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု တံတားကြီးကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။

အချို့သော ကျဉ်စက်ထိုးသူများသည် မြွေများနှင့်တွေ့လျှင် ရှော့တိုက်ခြောက်လှန့်တတ်သည့်အတွက် နောက်ထပ်တွေ့သည့်လူကို ဒေါသဖြင့် အန္တရာယ်ပေးတတ်ကြောင်း ကိုယ်တိုင်ကြုံတွေ့ရသူတစ်ဦးက ပြောသည်။

"ကျွန်တော့်လယ်ထဲက တောင်ပို့မှာ ငန်းတော်ကျားရှိတယ်ဗျာ။ အဲဒါကို ကျင်စက်ထိုးတဲ့သူက လုပ်ထားတော့ လူမြင်တိုင်းလိုက်လို့ ပြေးရတာလည်း ရှိတယ်။ သတိတော့ထားနေရတယ်" ဟု မှန်စီကျေးရွာနေ ဦးတင်ဝင်းက ပြောသည်။

**ကိုလွင်(ဆွာ)**

## ဝါးဖောင်ကိုအခြေပြုကာ ရရှိလာသော အလုပ်အကိုင်များကြောင့် ပုံမှန်ဝင်ငွေရ



**မန္တလေး ဧပြီ ၁၀**

မန္တလေးမြို့ ဧရာဝတီမြစ်ဆိပ်ဖြစ်သည့် ကျွဲစွန်းဆိပ်တွင် ဝါးဖောင်အများစု ဆိုက်ကပ်ကြသည်။ ဝါးဖောင်များကိုအခြေပြုကာ အလုပ်အကိုင်များခွဲခြားလုပ်ကိုင်ကြရသည့်အတွက် အလုပ်အကိုင်ရကာ ပုံမှန်ဝင်ငွေရရှိကြသည်။ ဝါးများကို အထက်ပိုင်း ဗန်းမော် ရွှေလီဘက်မှ ဝါးဖောင်များဖွဲ့ကာသယ်ယူပြီး မင်းကွန်းဆိပ်တွင်ကပ်ကာ အရောင်းအဝယ်ပြုလုပ်ကြသည်။ မန္တလေးမြို့ ဧရာဝတီမြစ်ဆိပ်ဖြစ်သည့် ကျွဲစွန်းဆိပ်မှ ဝါးရောင်းသူများမှာ မင်းကွန်းဆိပ်သို့ သွားရောက်ဝယ်ယူကြရသည်။

ဝါးဖောင်တစ်ဖောင်လျှင် ဝါးအလုံး ၁၅၀၀ ကျော်ပါရှိသည်။ "ဝါးဖောင်တွေကတော့ မင်းကွန်းဆိပ်မှာကပ်တယ်ဗျ။ ဝါးရောင်းဝယ်သူတွေက မင်းကွန်းကိုသွားပြီး ဖောင်ပြတ်ဝယ်ကြတယ်။ မင်းကွန်းဆိပ်က ဝယ်ရတဲ့ဈေးကတော့ ဝါး ၁၀၀ ကို ငွေကျပ် ၃၀၀၀၀ ကျော်ပေးဝယ်ရတယ်။ ဝါးအကြီး၊ အသေးအလိုက် ဈေးနှုန်းအတက်အကျရှိပါတယ်။ ဝါးဖောင်တစ်ဖောင်ကို နှစ်ရက်လောက်သာရောင်းရပါတယ်။ ဝါးထရံရောင်းသူတွေကတော့ ဝါးဖောင်ကနေ ဝါးဝယ်ပြီး ဝါးထရံရက်သူကိုငှားပြီး ရက်ကြတယ်။ ရေထဲက ဝါးဖောင်ကနေ ကုန်းပေါ်တင်ပေးသူလည်းရှိတယ်။ ရေထဲမှ ကုန်းပေါ်ကိုတင်ပေးလျှင် ဝါး ၁၀၀ ကို ငွေကျပ် ၃၅၀၀ ရပါတယ်။

"ဝါးဖောင်ကိုအခြေပြုပြီး ဝါးထမ်းသူ၊ ဝင်းထရံရက်သူ၊ ကပ်ရက်သူများနှင့် အခြားဝါးလက်မှုပစ္စည်းများပြုလုပ်ကာ ခွဲခြားလုပ်ကိုင်ရပါတယ်။ ဝါးဖောင်လုပ်ငန်းနှင့်ဆက်စပ်ပြီး တစ်နှစ်ပတ်လုံး အလုပ်အကိုင်ရရှိနေပါတယ်" ဟု ဝါးရောင်းချသူတစ်ဦးက ရှင်းပြသည်။

**တိမ်တမန်**

## ပန်းတာတည်ဆောက်ခြင်းလုပ်ငန်း ဧရိယာတွင်ပါဝင်သွားသော ဥယျာဉ်၊ ခြံ၊ လယ်မြေ၊ သီးနှံပင်များနှင့် ပြောင်းရွှေ့အိမ်များ နစ်နာကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပ

**ဇလွန် ဧပြီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဧရာဝတီ-ဟင်္သာတ တာမိုင် ၂၀/၆-၂၂/၄ အတွင်း သဲကုန်းကျေးရွာ ပန်းတာအသစ် တည်ဆောက်ခြင်းလုပ်ငန်းဧရိယာတွင် ပါဝင်သွားသော ဥယျာဉ်၊ ခြံ၊ လယ်မြေ၊ သီးနှံပင်များနှင့် ပြောင်းရွှေ့အိမ်များအတွက် နစ်နာကြေးပေးအပ်ပွဲ အခမ်းအနားကို အမက သဲကုန်းကျောင်းတွင် ဧပြီ ၇ ရက် မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ၊ မဲဆန္ဒနယ် အမှတ် (၁) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလင်းနိုင်ထွန်း၊ မဲဆန္ဒနယ် အမှတ် (၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခိုင်ဝင်း၊ ဟင်္သာတခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာ၊ ဇလွန်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းတို့က ပန်းတာတည်ဆောက်ခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာများ၊ ပန်းတာတည်ဆောက်ခြင်းလုပ်ငန်းများအတွက် နစ်နာကြေးပေးချေနိုင်ရန် ဆောင်ရွက်သည့် လုပ်ငန်းများအကြောင်း၊ ပန်းတာတည်ဆောက်ရာတွင် ပါဝင်သွားသော တောင်သူများအနေဖြင့် အများအတွက် အနစ်နာခံရာရောက်ပါကြောင်း ရှင်းလင်းပြောကြားကြသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်းက တာအူကြောင်းပါ လယ်မြေလျော်ကြေး ၁၆ ဧကပါ တောင်သူ ၂၇ ဦးအတွက် ငွေကျပ် ၄၄၀၀၀၀၀၀ ကို တောင်သူများကိုယ်စား ဦးခင်မောင်လွင်အားလည်းကောင်း၊ မဲဆန္ဒနယ်အမှတ် (၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလင်းနိုင်ထွန်းက မြေယူနေရာပါ လယ်မြေလျော်ကြေး ၂၇ ဧကပါ တောင်သူဦးရေ ကိုးဦးအတွက် ငွေကျပ် ၇၄၂၅၀၀၀၀ ကို တောင်သူများကိုယ်စား ဦးမြင့်လွင်အားလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်နိုင်ထွန်းက ကွမ်းခြံလျော်ကြေး အပင် ၂၀၀၀ ပါ တောင်သူတစ်ဦးအတွက် ကျပ် ၁၀၀၀၀၀၀ ကို ဦးလှကြည်အားလည်းကောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသာယာက ရွှေ့ပြောင်းအိမ်ရာလျော်ကြေး ၁၀ လုံးပါ တောင်သူဦးရေ ၁၀ ဦးအတွက် ကျပ် ၃၀၀၀၀၀၀ ကို တောင်သူများကိုယ်စား ဦးသက်ဇော်အားလည်းကောင်း စုစုပေါင်း တောင်သူဦးရေ ၄၂ ဦးနှင့် စုစုပေါင်းလယ်မြေဧက ၄၃ ဧကအတွက် နစ်နာကြေးငွေစုစုပေါင်းကျပ် ၁၂၂၂၅၀၀၀၀ ကို နေ့ချင်းပြီးပေးချေခဲ့ကာ တောင်သူများကိုယ်စား တောင်သူဦးခင်မောင်လွင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

**ငွေသန်း(ပြန်/ဆက်)**

## မြဝတီမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပမည်

**မြဝတီ ဧပြီ ၁၀**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့တွင် မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်သင်္ကြန်ပွဲတော်ကို အရင်နှစ်တွေထက် ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ပိုမိုစည်ကားတဲ့ ပွဲတော်လေးဖြစ်အောင် ခရိုင်နှင့်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနဲ့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ ပူးပေါင်းပြီးတော့ ညှိနှိုင်းအစည်းအဝေးများ ကြိုတင်ဆောင်ရွက်ခဲ့ပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီဗဟိုမဏ္ဍပ်မှာလည်း ဒီနှစ်မှာဆို ထူးခြားဖြစ်စဉ်များပေါ်ပေါက်ရင် အချိန်နဲ့တစ်ပြေးညီ ဆက်သွယ်နိုင်ဖို့ တယ်လီဖုန်းတပ်ဆင်ထားပါတယ်။

နောက်တစ်ခုက ဗဟိုမဏ္ဍပ်မှာ ပျော်ရွှင်စွာရေကစားသူများ အသုံးပြုနိုင်ဖို့ WiFi လည်း တပ်ဆင်ထားပြီး အခမဲ့အသုံးပြုနိုင်အောင် စီစဉ်ထားပါတယ်။ လုံခြုံရေးအနေနဲ့လည်း မြန်မာနိုင်ငံရဲ့တပ်ဖွဲ့နဲ့ ပူးပေါင်းပြီး ကြိုတင်ညှိနှိုင်း ဆောင်ရွက်လျက်ရှိပါတယ်" ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသန်းရွှေက ပြောကြားသည်။

ယင်းပြင် မဟာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာဆင်နွှဲကြသူများအား ယိမ်းအဖွဲ့များဖြင့် နေ့စဉ် ညစဉ် ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ပြီး သင်္ကြန်ပွဲတော်ကို ငြိမ်းချမ်းပျော်ရွှင်စွာ ကျင်းပနိုင်ရေးနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြို့မိမြို့ဖများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ အလားတူ နှစ်ဆန်းတစ်ရက်နေ့တွင် သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါနငါးလွှတ်ပွဲ အခမ်းအနားများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် မှုခင်းကျဆင်းရေးဆောင်ရွက်

**ကော့မှူး ဧပြီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ်အတွင်းရှိ ရဲစခန်းအသီးသီးမှ အပိုင်နယ်မြေအလိုက် သင်္ကြန်ကာလအတွင်း ယာဉ်မတော်မဆမှုများလျော့ကျရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် နေ့စဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြို့မ၊ ကျိုက်ထော်၊ ဝါးဘလောက်သောက်၊ သခွတ်ပင် အစရှိသောရဲစခန်းများအလိုက် ဆိုင်ကယ်စီးနင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသတ်မှတ်ချက်များနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

"သင်္ကြန်ကာလမှာ စည်းကမ်းချိုးဖောက်တဲ့ ဆိုင်ကယ်တွေကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမှာပါ။ လိုင်စင်မဲ့ဆိုင်ကယ်တွေ အိတ်ဇောဖြုတ်မောင်းတဲ့ဆိုင်ကယ်တွေ နှစ်ဦးထက်ပိုစီးတဲ့ဆိုင်ကယ်တွေကို၊ ဥပဒေနဲ့အညီ အရေးယူဆောင်ရွက်သွားမှာပါ" ဟု မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းမြင့်ဇော်က ပြောသည်။

**ကော့မှူးသားလေး**



awmifu,fDDdUwtf,yfvrf;wifvrf;v ,fpDwfr;ukt vift m;ykumifref,D tukf uoufbmum a&&Sfaumifref onfEkdifwum tqifDyS oyfyfl&So vrf;pDwfr;zift pm;xkH vSyf;wyfqif lyf;pDuk{ykD&uf awkþ0f

KZLM (တောင်ကြီး)

## သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း မူးချောင်းတံတား ချဉ်းကပ်လမ်းအတွက် မြေယာနစ်နာကြေး ပေးအပ်

**ဖောင်းပြင် ဧပြီ ၁၀**

သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးလမ်း မူးချောင်းတံတားချဉ်းကပ်လမ်းအတွက် မြေယာနစ်နာကြေးပေးအပ်ပွဲအခမ်းအနားကို ဧပြီ ၉ ရက် နံနက် ၉ နာရီက ဖောင်းပြင်မြို့နယ် နန်းဘုန်းအုပ်စု နန်းဘုန်းကျေးရွာ၌ ကျင်းပသည်။

၎င်းနောက် တံတားဦးစီးဌာန တံတားတည်ဆောက်ရေးအဖွဲ့ ၃ မှ တာဝန်ယူတည်ဆောက်နေသည့် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီး လမ်းပေါ်ရှိ မူးချောင်းတံတား(နန်းဘုန်း) တည်ဆောက်ရာတွင် ပါဝင်သွားသည့် လယ်/ယာမြေများ၏ နစ်နာမှုအတွက် လယ်/ယာမြေပိုင်ရှင် ၁၄ ဦးတို့အား နစ်နာကြေး တစ်ဧကလျှင် ခြောက်သိန်းနှုန်းဖြင့် ဧက ၁၉ ဒသမ ၇၆ ဧကအတွက် ၁၂၅၄၁၈၀၀ ကျပ်အား တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဝေ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ်နှင့် ဦးခင်မောင်ထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငွေထွန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးအေးငွေ၊ လမ်းအထူးအဖွဲ့ ၈ မှ ဦးသန်းဝင်းနှင့် တံတားတည်ဆောက်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများတက်ရောက်ခဲ့သည်။

**ပြန်/ဆက်(ဖောင်းပြင်)**

# မြန်မာသင်္ကြန်ကိုမြန်မာဆန်ဆန် ဖြတ်သန်းကြပါစို့



မောင်သောင်းဝင်း(တမန်ဟောင်း)

မတ်လကုန် ဧပြီလဆန်းကတည်းက နိုင်ငံတစ်ဝန်းတွင် သင်္ကြန်အငွေ့အသက်ရရှိလာပြီဖြစ်သည်။ ရုပ်မြင်သံကြားအစီအစဉ်များတွင် တူးပို့ . . . တူးပို့ . . . ဒိုးသံများကိုကြားလာရသည်။ ယိမ်းပျိုဖြူလေးများ၏ ညီညာလှပသောကကွက်များကလည်း ရှုမငြီးစရာပင်ဖြစ်သည်။ အနေအေးပြီး ရိုးသားပွင့်လင်းသော မြန်မာတိုင်းရင်းသားများနှင့် မြန်မာ့ရိုးရာအတာကြန်သည် ခွဲခြား၍မရပေ။

## သင်္ကြန်ကိုမျှော်

မြန်မာမှန်လျှင် အတာသင်္ကြန်ကို မျှော်လင့်ကြသည်။ ပျော်ဖို့ပါးဖို့သက်သက်မဟုတ်ချေ။ မြန်မာ့သင်္ကြန်သည် အနှစ်သာရနှင့် အဓိပ္ပာယ်များ ပြည့်နှက်နေသည်။ သင်္ကြန်ပွဲတော်ကို တကောင်းခေတ်ကတည်းက ကျင်းပလာခဲ့ရာ ပုဂံခေတ်တွင်တစ်မူထူးခြားစည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

သင်္ကြန်သည် "သင်္ကန္တပုဒ်"မှဆင်းသက်လာသည်ဟု ဆိုသည်။ ကူးပြောင်းခြင်း၊ ရွေ့လျားပြောင်းလဲခြင်းဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်ကို မှတ်သားဖူးပါသည်။ မြန်မာသက္ကရာဇ်နှစ်ဟောင်းမှနှစ်သစ်သို့ကူးပြောင်းချိန်ဖြစ်သည်။ နှစ်စဉ် ဧပြီလ ၁၄ ရက်နေ့သည် သင်္ကြန်အကျနေ့ဖြစ်သည်။ သင်္ကြန်ကာလကို ယေဘုယျအားဖြင့် အကြို၊ အကျ၊ အကြတ်၊ အတက်နှင့် နှစ်ဆန်းတစ်ရက်နေ့ဟူ၍ သတ်မှတ်ထားရှိသည်။ သို့သော် ဝါထပ်သည့်နှစ်များတွင် အကြတ်နေ့သည် နှစ်ရက်ကြာမြင့်သည်။ နေ့တစ်နေ့ချင်းစီအလိုက် အနှစ်သာရနှင့်အဓိပ္ပာယ်များ ပြည့်စုံလျက်ရှိသည်။

## ကံကောင်းခြင်းကိုကြို

မြန်မာတို့သည်သင်္ကြန်အကြိုနေ့တွင် ၇ ရက်သားသမီးများကိုရည်စူးကာ ရေဖြည့်ထားသော အတာအိုးတွင် မြေဇာပင်၊ အောင်သပြေနှင့် အုန်းညွန့်အပါအဝင် အညွန့် ၇ မျိုးနှင့်ပန်း ၇ မျိုးတို့ကိုထိုးကာ အတာကြိုကြသည်။ ထိုပန်းများကို အိမ်အဝင်တံခါးတွင်ထိုးထားခြင်းအားဖြင့် ဘေးအန္တရာယ်များမှ ကင်းဝေးသည်ဟု ဆိုသည်။ ကံကောင်းခြင်းမင်္ဂလာများကို ကြိုဆိုသည်ဟု ယူဆကာ ပြုလုပ်ကြခြင်းဖြစ်သည်။

သင်္ကြန်အတက်နေ့တွင် ကျရောက်မည့် မွေးနေ့ရှင်များသည် အတာစားမည်ဖြစ်သည်။ ယခုနှစ်တွင် တနင်္ဂနွေနေ့သားသမီးများ အတာစားမည်ဖြစ်သည်။ ထို့ကြောင့် တနင်္ဂနွေနေ့တွင်မွေးဖွားသောသား သမီးတို့သည် အနန္တောအနန္တငါးပါးတို့ကို အထူးကိုင်းရှိုင်းပူဇော်သင့်ပါသည်။ ထိုသို့ပူဇော်ခြင်းအားဖြင့် မကောင်းမှုများကင်းဝေးပြီး ကောင်းခြင်းမင်္ဂလာအဖြာဖြာကို ရရှိခံစားကြရမည်ဖြစ်သည်။

## မေတ္တာစေတ်ဖြင့်ပက်ဖျန်း

သင်္ကြန်ကာလတွင် ခေါင်းဆေးမင်္ဂလာကိုလည်းမဖြစ်မနေလုပ်ဖြစ်ကြသည်။ နှစ်ဟောင်းမှအညစ်အကြေးများကို နှစ်သစ်တွင်ပါရှိမလာစေရန် ရည်ရွယ်ဆောင်ရွက်ကြခြင်းဖြစ်သည်။ သင်္ကြန်ရေပက်ဖျန်းခြင်းသည် လေးနက်သောအဓိပ္ပာယ်ဆောင်ပါသည်။ ရေလိုအေး၍ ပန်းလိုလန်းပါစေဆိုသော မေတ္တာစေတ်ဖြင့်ပက်ဖျန်းကြခြင်းဖြစ်သည်။ နှစ်ဟောင်းမှအညစ်အကြေးများ နှစ်သစ်တွင်ပါမလာစေရန်၊ ပူပြင်းသောနွေရာသီတွင် အေးမြသောအစိုဓာတ်ရရှိစေရန်နှင့် မကောင်းသော ကံကြမ္မာနှင့် ဘေးအန္တရာယ်များကင်းဝေးစေရန် ရည်ရွယ်ပက်ဖျန်းကြခြင်းဖြစ်သည်။

သို့သော် စိတ်အညစ်ကြေးကိုမူ သင်္ကြန်ရေဖြင့်ပက်ဖျန်း၍ ရနိုင်မည်မဟုတ်ချေ။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်မှသာ စိတ်ဖြူစင်နိုင်မည်ဖြစ်သည်။ ငွေဖလားတွင် အမွှေးနံ့သာပါရှိသော ရေကြည်ရေအေးကိုထည့်ကာ သပြေခက်ဖြင့် တစ်ဦးကိုတစ်ဦး ရေပက်ဖျန်းခြင်းသည် မြန်မာ့ရိုးရာမဟာသင်္ကြန်တွင် မြန်မာဆန်ဆန်ဖြတ်သန်းကြခြင်းဖြစ်သည်။ သို့သော် ထိုမြင်ကွင်းမျိုးကို ရုပ်မြင်သံကြားအစီအစဉ်များတွင်သာ တွေ့ရတော့သည်။ ယဉ်ကျေးသိမ်မွေ့သူများနှင့် မြန်မာ့ရိုးရာဓလေ့ကို ထိန်းသိမ်းသူများသာလျှင် ထိုသို့ပက်ဖျန်းကြသည်။

## ရှောင်ကြဉ်ရမည့်အချက်များ

မြန်မာသင်္ကြန်ကာလတွင် ပြည်သူများ သတိပြုရှောင်ကြဉ်ရမည့်အချက်များနှင့် လိုက်နာရန်အချက်များကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က မေတ္တာရပ်ခံထုတ်ပြန်ထားပြီးဖြစ်သည်။ ထို့အပြင် ရှေးပညာရှိကြီးများသည် သင်္ကြန်ကာလတွင် အောက်ဖော်ပြပါအပြုအမူ ၁၀ မျိုးကို ရှောင်ကြဉ်သင့်သည်ဟု အကြံပြုထားရှိခဲ့သည် -

(၁) ငိုကြွေးခြင်း၊ပူဆွေးခြင်း။
(၂) လိင်ဆက်ဆံခြင်း။
(၃) သူတစ်ပါးအသက်ကိုသတ်ဖြတ်ခြင်း။
(၄) အရက်၊ မူးယစ်ဆေးဝါးသုံးစွဲခြင်း။
(၅) စိတ်ဆိုးခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်း။
(၆) သွေးဖောက်၊ သွေးထုတ်ခြင်း။
(၇) ဆီလိမ်း၊ ဆေးလိမ်းခြင်း။
(၈) သစ်ပင်ခုတ်ခြင်း။
(၉) ကုန်ပစ္စည်းဝယ်ယူသိုလှောင်ခြင်း။
(၁၀) ကုန်ပစ္စည်းရောင်းချခြင်း(ဈေးဆိုင်ထွက်ခြင်း)။

## ယဉ်ကျေးစွာဖြတ်သန်း

ရှေးယခင်က မြန်မာ့ရိုးရာမဟာအတာသင်္ကြန်ပွဲတော်ကာလကိုအဓိပ္ပာယ်ရှိရှိဖြင့် ယဉ်ကျေးသိမ်မွေ့စွာဖြတ်သန်းကြသည်။ သင်္ကြန်ချစ်သူများသည် အတာသင်္ကြန်ကို အရောင်ဆိုးလေ့မရှိဘဲ မြန်မာ့ရိုးရာအစဉ်အလာကောင်းများနှင့်သာ ကျင်းပခဲ့ကြသည်။ ထို့ကြောင့် သင်္ကြန်ကာလအတွင်း မူးယစ်ရမ်းကားခြင်း၊ ရန်ဖြစ်ခြင်း၊ ယာဉ်တိုက်မှုဖြစ်ပွားခြင်း၊ လူငယ်များအကြားစည်းကျော်ခြင်းဆိုသော မဖုံးနိုင်မဖိနိုင်သည့် ရှက်ဖွယ်ကိစ္စများမဖြစ်ပွားခဲ့ချေ။ ထိုအစဉ်အလာကောင်းများကို မျက်မှောက်ခေတ်လူငယ်များ အတုယူသင့်ပေသည်။

သင်္ကြန်ကာလတွင် ထို့ထက်ဆိုးရွားသောမြင်ကွင်းများမှာ အချို့သော မြန်မာအမျိုးသမီးများ၊ အထူးသဖြင့် ခေတ်ရှေ့ပြေးပြီး အနောက်တိုင်းဆန်နေသော အမျိုးသမီးများသည် အရှက်အကြောက်ကင်းမဲ့လာပြီး ဘီယာနှင့် အရက်ကို ပေါ်ပေါ်တင်တင်သောက်သုံးလာကြခြင်းပင်ဖြစ်သည်။ ဝတ်စားဆင်ယင်မှုများကလည်း ပုရိသယောကျ်ားများ၏ ကာမရာဂစိတ်ကို နှိုးဆွနေသလိုဖြစ်နေသည်။ "မြန်မာမိန်းကလေးတို့၏ ဣန္ဒြေရွှေပေးလို့မရ" ဆိုသောစကားနှင့် ဖီလာဆန့်ကျင်လျက်ရှိပေသည်။ လျှပ်ပေါ်လော်လီသော အမျိုးသမီးအချို့၏ရေစိုအလှသည် မြင်ရသူတို့အဖို့ မကြည့်ရဲလောက်အောက်ပင်ရဲတင်းပွင့်လင်းလှပါသည်။

## သင်္ကြန်ကိုအရောင်ဆိုး

အချို့သောမဏ္ဍပ်များသည် အရက်၊ ဘီယာနှင့် လိင်စိတ်ကြွဆေးများသောက်ထားပြီး အရှိန်တက်နေသော အမျိုးသားနှင့် အမျိုးသမီးတို့အတွက် ထင်တိုင်းကြဲရန် နေရာလိုပင် ဖြစ်နေပြန်သည်။ မြန်မာ့ရိုးရာအတာသင်္ကြန်ကို အရောင်ဆိုးကြသူများဖြစ်သည်။ ထိုကြွက်ချေးများကို တာဝန်ရှိသူအဆင့်ဆင့်မှ ထိရောက်သည့်တားမြစ်အရေးယူမှုများ ပြုလုပ်သွားမှသာလျှင် အစဉ်အလာရှိသော မဟာအတာသင်္ကြန်အလှကို ဆက်လက်ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ အချိန်မီတားဆီးပိတ်ပင်မှုများ ပြုလုပ်မထားလျှင် ကမ္ဘာ့အလယ်တွင် မြန်မာတို့၏ အစဉ်အလာကြီးမားသော ယဉ်ကျေးမှုကို ထိခိုက်ညှိုးနွမ်းစေနိုင်ပေသည်။

သင်္ကြန်ကာလတွင် မဏ္ဍပ်အသီးသီး၌ ဖျော်ဖြေတင်ဆက်ကြသည့် နာမည်ကြီးသရုပ်ဆောင်၊ အဆိုတော်များသည် ပေါင်ရင်းအထိရောက်နေသော စကပ်အကွဲများနှင့် ဘောင်းဘီတိုများ၊ ရင်ညွန့်အောက်ရောက်နေပြီး လက်မပါသောလည်ဟိုက်အင်္ကျီများ၊ ကြိုးမပါသောအတွင်းခံအင်္ကျီများကို အရှက်မဲ့ပြီး ရဲတင်းစွာဝတ်ဆင်လာကြသည်။ ချုပ်လုပ်ထားသော ပိတ်စများကလည်း လွန်စွာပါးလှပ်သဖြင့် ရေစိုသည့်အခါ ခန္ဓာကိုယ်ဖွဲ့စည်းမှုကို အထင်းသားမြင်တွေ့နေရပေသည်။ ယိုသူမရှက် မြင်သူရှက်ရသော မြင်ကွင်းများပင်ဖြစ်သည်။

## လွဲမှားစွာအတုခိုး

ယဉ်ကျေးမှုရေးစီးကြောင်းအလိုက် ခေတ်မီခြင်း၊ လွတ်လပ်ခြင်းနှင့် ပျော်ရွှင်ခြင်းတို့သည် ကောင်းမွန်ပါသည်။ သို့ရာတွင် စည်းကမ်းရှိရန်လိုပါသည်။ စည်းလွတ်ဘောင်လွတ် ဝတ်စားဆင်ယင်ပျော်ပါးမှုများသည် မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်စေနိုင်ပါသည်။ ခေတ်သစ်မြန်မာလူငယ်များသည် မြန်မာ့ယဉ်ကျေးမှုနှင့် အနောက်တိုင်းယဉ်ကျေးမှုကို ခွဲခြား၍ မမြင်တတ်တော့ပေ။ လူငယ်များသည်မြန်မာ့ယဉ်ကျေးမှုကို အထင်သေးလျက် အနောက်တိုင်းယဉ်ကျေးမှုကို လွန်ကဲစွာအထင်ကြီးပြီး လွဲမှားစွာအတုခိုးလာကြသည်။ လူငယ်များအား လမ်းကြောင်းမှန်ပေါ်ရောက်ရှိအောင်တည့်မတ်ပေးရန်သည် လူကြီးသူမ၊ အဘိုးအဘွား၊ မိဘများ၏ တာဝန်သာဖြစ်သည်။

မည်သို့ပင်ဆိုစေကာမူ မြန်မာ့ရိုးရာအတာသင်္ကြန်ကို မြန်မာဆန်ဆန်ပင်ကျင်းပသွားခြင်းသည် အရိုးရှင်းဆုံးသောနည်းလမ်းပင်ဖြစ်သည်။အကြိုနေ့တွင် "မန်းတောင်ရိပ်ခို" တေးသီချင်းဖြင့် မဏ္ဍပ်ဖွင့်၊ ငွေဖလားတွင်ထည့်ထားသော အမွှေးနံ့သာရည်ကို အောင်သပြေခက်ဖြင့် ရေပက်ဖျန်းခြင်းသည် ကမ္ဘာတည်သရွေ့အမြင်ဆန်းသစ်နေမည့် မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်သည်။ အကျ၊ အကြတ်၊ အတက်နေ့များတွင်လည်း မြန်မာပီပီ ရေကစား၊ "မျှမှောင်ဝေကင်း" တေးသီချင်းဖြင့် မဏ္ဍပ်ပိတ်ပွဲကျင်းပ၊ စတုဒိသာကျွေး၊ ဥပုသ်သီတင်းသီလဆောက်တည်၊ ကောင်းမှုကုသိုလ်များပြုလုပ်သွားသင့်ပေသည်။

## မင်္ဂလာရှိစွာကြိုဆို

အထူးသဖြင့် မြန်မာလူမျိုးတို့အတွက် အရေးကြီးဆုံးသောနေ့တစ်နေ့သည် နှစ်ဆန်းတစ်ရက်နေ့ပင်ဖြစ်သည်။ ထိုနေ့တွင် အလှူအတန်းပြုခြင်း၊ သက်ကြီးဘိုးဘွားများအား ပြုစုစောင့်ရှောက်ခြင်း၊ တိရစ္ဆာန်များအားဘေးမဲ့လွှတ်ခြင်း စသည့်မင်္ဂလာရှိသောလုပ်ရပ်များကိုသာ လုပ်ဆောင်လျက်နှစ်သစ်ကို မင်္ဂလာရှိစွာ ကြိုဆိုကြပါသည်။ ထိုဓလေ့သည် ကမ္ဘာပေါ်ရှိမည်သည့်နိုင်ငံတွင်မျှမတွေ့ရသော ထူးခြားလေးနက်သည့် ယဉ်ကျေးမှုထုံးတမ်းအစဉ်အလာကောင်းတစ်ခုပင်ဖြစ်သည်။

သင်္ကြန်ကာလတွင် အစိုးရရုံး၊ ဌာနများအားလုံးကို ရက်ရှည်ရုံးပိတ်ပေးထားပါသည်။ ဝန်ထမ်းအားလုံး နှစ်ဟောင်းတွင်တာဝန်ထမ်းဆောင်ခဲ့မှုများအား အပန်းဖြေနိုင်ရန်နှင့် နှစ်သစ်အတွက်ခွန်အားမွေးနိုင်ရန် နိုင်ငံတော်အစိုးရက ခွင့်ရက်ရှည်ပေးထားခြင်းဖြစ်သည်။ ထိုကာလတွင် ဝန်ထမ်းများသည် မြန်မာဆန်ဆန် ဘုရားဖူးထွက်ခြင်း၊ ဒုလ္လဘရဟန်းဝတ်ခြင်း၊ မယ်သီလဝတ်ခြင်း၊ တရားရိပ်သာဝင်ခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်း စသည့်ကောင်းမှုကုသိုလ်အစုစုကို ပြုလုပ်နိုင်ပေသည်။

## မေတ္တာထားဆက်ဆံ

အမှန်စင်စစ်မှာမူ သင်္ကြန်ပွဲတော်သည် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် အခါသမယဖြစ်သည်။ စာရေးသူတို့သည် သင်္ကြန်ရေပက်ဖျန်းရုံမျှဖြင့် အညစ်အကြေးများကင်းစင်သွားမည်ဟု ယူဆနေခြင်းဖြစ်သည်။ စစ်မှန်သောပြောင်းလဲမှုကို ပြုလုပ်သွားရန် လိုအပ်သည်။ ထိုသို့ပြောင်းလဲမှုကို ဖော်ဆောင်ရန်အတွက် လူ့အဖွဲ့အစည်းအတွင်း လောဘစိတ်ကို တဖြည်းဖြည်းလျှော့ချကာ သူတစ်ပါးကို ကူညီပေးကမ်းလိုသော ဒါနစိတ်မွေးမြူသွားရန် လိုအပ်သည်။ ထို့အပြင် ဒေါသစိတ်ကိုလည်း လျှော့ချကာ သတ္တဝါအချင်းချင်း မေတ္တာထားကာ ဆက်ဆံသွားသင့်ပါသည်။ နောက်ဆုံးအချက်သည် မသိမှုအဝိဇ္ဇာကို ကျော်လွှန်နိုင်သည့် ဉာဏ်ပညာကို ရှာဖွေသွားနိုင်မှသာလျှင် စစ်မှန်သောပြောင်းလဲမှုကို လက်ဝယ်ပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည်။

ခြုံ၍တင်ပြရလျှင် မြန်မာ့ရိုးရာမဟာအတာသင်္ကြန်သည် မြန်မာလူမျိုးတို့အတွက် အဓိပ္ပာယ်လေးနက်သည့် အရေးပါသောပွဲတော်တစ်ခုဖြစ်သည်။ သင်္ကြန်သည် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းခြင်းသာဖြစ်သည်။ အမှန်တကယ်ပြောင်းလဲမှုကို လုပ်ဆောင်ရန်လည်းလိုအပ်ပေသည်။

## ရင်ထဲအေးမြ

မြန်မာတို့သည် နှစ်ဟောင်းမှအညစ်အကြေးများကို အတာရေဖျန်းလိုက်ရုံဖြင့် ကင်းစင်သွားသည်ဟုယုံကြည်ထားကြပါသည်။ အမှန်စင်စစ်မှာမူ သင်္ကြန်ကာလတွင် ကောင်းမှုကုသိုလ်များပြုလုပ်ကြသဖြင့် မကောင်းမှုအကုသိုလ်များ ကင်းစင်သွားခြင်းသာဖြစ်သည်။ ထို့အပြင် ပူပြင်းလှသောနွေရာသီတွင် အတာရေအေးဖြင့် ပက်ဖျန်းလိုက်ရုံမျှဖြင့် ရင်ထဲတွင် အေးမြသွားစေပါသည်။

နှစ်ဆန်းတစ်ရက်နေ့သည် မြန်မာနှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသောနေ့ဖြစ်သဖြင့် မြန်မာတို့အတွက်အရေးပါသော မင်္ဂလာနေ့တစ်နေ့လည်းဖြစ်သည်။ ထို့ကြောင့် ပြည်သူအားလုံးသည် သင်္ကြန်ကာလအတွင်း ဟီရိဩတ္တပတရားကို လက်ကိုင်ထားလျက် မြန်မာသင်္ကြန်ကို မြန်မာဆန်ဆန် အဓိပ္ပာယ်ရှိရှိ ဖြတ်သန်းကာ နှစ်သစ်တွင် စိတ်သစ် လူသစ် ခွန်အားသစ်များဖြင့် အောင်မြင်မှုများကို ဆက်လက်ပိုင်ဆိုင်နိုင်ကြပါစေ။

# သတင်းသမားစဉ်းစားဝေဖန်

ဦးဟန်ညွန့်(ဥပဒေ)

**သတင်း(၁)**
**မောင်တောသို့ သတင်းရယူရန်ထွက်ခွာ**

ပြည်တွင်းပြည်ပ မီဒီယာများပါဝင်သည့် သတင်းအဖွဲ့သည် ရခိုင်ပြည်နယ်မောင်တောဒေသသို့ သတင်းရယူရန်အတွက် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် စစ်တွေမြို့သို့ထွက်ခွာသွားကြောင်း။
**(ကြေးမုံသတင်းစာ ၂၉-၃-၂၀၁၇၊ စာမျက်နှာ-၃)**

**သတင်း(၂)**
**သတင်းသွားရောက်ရယူတဲ့အခါမှာ ခွင့်မပြုခဲ့ပါဘူး။**

ရခိုင်ပြည်နယ် အကြံပေးတော်မရှင် အဖွဲ့၏ နိုင်ငံတော်အစိုးရသို့ တင်သွင်းမည့်ကြားဖြတ်အစီရင်ခံစာ အကြံပြုချက်များနှင့် ပတ်သက်၍ သတင်းစာရှင်းလင်း
**မေး ။ ရခိုင်ပြည်နယ်မြောက်ပိုင်းကို သူတို့သတင်း သွားရောက်ရယူတဲ့အခါမှာ ခွင့်မပြုခဲ့ပါဘူး။ အတားအဆီးမရှိဘဲ အပြည့်အဝသွားလို့ရအောင် ကော်မရှင်က တင်ပြထားတဲ့အပေါ်မှာ ဘယ်တော့လောက်ဖြစ်နိုင်ပါသလဲ။**
ဖြေ။ ဒီကိစ္စက မြန်နိုင်သလောက် အမြန်ဆုံးဆိုရင်တော့ အကောင်းဆုံးပါပဲ။ ကော်မရှင်အနေနဲ့လည်း အကြံပြုချက်တွေကို တင်သွင်းတော့မှာဖြစ်ပါတယ်။ မဖြစ်မနေလုပ်ဆောင်ရမယ့် ကိစ္စကတော့ သတင်းဌာနများက မီဒီယာတွေ အနေနဲ့ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ရရှိသင့်ပါတယ်။
**(မြန်မာ့အလင်းသတင်းစာ၊ ၁၇-၃-၂၀၁၇၊ စာမျက်နှာ-၉)**

**သတင်း(၃)**
**အကြမ်းဖက်စီးနင်းတိုက်ခိုက်မှု ပြုလုပ်ရန်ထပ်မံကြံစည်မှု**

ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့သည် ဘူးသီးတောင်မြို့နယ် တောင်ဘဇာကျေးရွာ အုပ်ချုပ်ရေးမှူးရုံးသို့ ရောက်ရှိကြရာ နယ်မြေရဲစခန်းမှူး၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က "တင်းမေကျေးရွာတွင် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုပြုလုပ်ရန် ထပ်မံကြံစည်မှု" တို့နှင့်ပတ်သက်၍ ဖော်ထုတ်တားဆီးနိုင်ခဲ့မှုတို့အပေါ် ရှင်းလင်းပြောကြားပြီး မီဒီယာများက သိရှိလိုသည်များကို လွတ်လပ်စွာတွေ့ဆုံမေးမြန်းကြသည်။
**(ကြေးမုံသတင်းစာ၊၃၀-၃-၂၀၁၇၊ စာမျာနှာ-၅)**

**သတင်း(၄)**
**အကျပ်အတည်း၊ ပဋိပက္ခအခြေအနေများတွင် မီဒီယာနှင့်ဆက်ဆံရေးဆိုင်ရာအလုပ်ရုံ ဆွေးနွေးပွဲကျင်းပ**

အလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ(၃) အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ရခိုင်ပြည်နယ်၌လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အင်အားအလွန်အကျွံသုံးခြင်းမရှိဘဲ အကြမ်းဖက်သူများကို ဥပဒေနှင့်အညီ တုံ့ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ လူ့အခွင့်အရေးချိုးဖောက်မှု ဆိုသည်မှာ မိမိတို့ အစိုးရအဖွဲ့၏ မူဝါဒမဟုတ်သည့်အတွက် လူ့အခွင့်အရေးချိုးဖောက်မှုကို လုပ်ဆောင်ခဲ့ခြင်းမရှိပါကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုဟူသော စွပ်စွဲချက်နှင့်စပ်လျဉ်း၍ အထောက်အထားခိုင်လုံပါက အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့နောက် Asia- Pacific Center for Security Studies မှ တာဝန်ရှိသူများက အကျပ်အတည်းနှင့် ပဋိပက္ခများတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ပြည်သူများထံသို့ သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိရေးတို့ကို ဆွေးနွေးကြကြောင်း။

အဆိုပါ ဆွေးနွေးပွဲသို့ အမေရိကန်ပြည်ထောင်စု ဟာဝိုင်ရီအခြေစိုက် Dani el K-Inouye Asia-Pacific Center for Security Studies က ဦးဆောင်ကျင်းပခဲ့ပြီး ဌာနဆိုင်ရာ သတင်းနှင့် ပြန်ကြားရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း။
**(ကြေးမုံသတင်းစာ၊ ၃၁-၃-၂၀၁၇၊ စာမျက်နှာ-၃)**

**သတင်း (၅)**

ကျားခေါင်းတောင်ကျေးရွာမှ ဒေသခံအမျိုးသမီးသုံးဦး၏ အမွေပြုကျင့်မှုများရှိကြောင်းစွပ်စွဲပြောကြားခဲ့

အဲဒါနှင့်ပတ်သက်ပြီး ဥပဒေကြောင်းအရ ဖြေရှင်းပေးဖို့အတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့ကို အကြောင်းကြားတယ်။ နစ်နာသူအတွက် ဥပဒေကြောင်းအရ အမှုဖွင့်ပေးခဲ့တယ်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့က ကျေးရွာအထိသွားရောက်ပြီး ဖြစ်စဉ်ကို စုံစမ်းတယ်။ ပြုကျင့်ခံရတယ်လို့ပြောတဲ့ အမျိုးသမီးက ရွာမှာမရှိတော့ဘူး။ ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ရပ်မိရပ်ဖများမှတစ်ဆင့် အမှုဖွင့်လိုခြင်းမရှိဘူး။ ထောက်ပံ့ကြေးရလို့ ဒီလိုဖြေကြားတယ်လို့ပဲ စုံစမ်းသိရှိရပါတယ်။

အမွေပြုကျင့်ခံရသူတွေရှိတယ်လို့ စွပ်စွဲပြီးမှ အဲဒီသူတွေက ထွက်ပြေးသွားကြတယ်။ သူတို့တွေက (နိုင်ငံတကာလိုမျိုး) လာသမျှကို အဲသလိုမျိုး ပြောနေမယ်ဆိုရင် နိုင်ငံအတွက်လည်း သိက္ခာကျနိုင်တဲ့အတွက် အဲဒါကို ဘယ်လိုမျိုး ဆောင်ရွက်သွားဖို့ရှိပါသလဲ။

အဲဒီအတွက် အမှုဖွင့်ပေးထားတယ်။ ဥပဒေအကြံပြုချက်တောင်းထားတယ်။ အမြန်ဆုံးရအောင် ဆောင်ရွက်မှာပါ။ ဒီဖြစ်စဉ်တွေ မှန်ကန်မှုရှိ၊ မရှိ ဆုံးဖြတ်သွားမှာပါ။
**(မောင်တောခရိုင်ဥက္ကဋ္ဌ ဦးရဲထွဋ်)**
**(ကြေးမုံသတင်းစာ၊ ၃၁-၃-၂၀၁၇၊စာမျက်နှာ-၁၀)**

> “
> **သတင်းတစ်ပုဒ်၏ အတွင်းသရုပ်ကို ဝေဖန်နိုင်ပါပြီ။**
> **သုံးသပ်နိုင်ပါပြီ။ စဉ်းစားနိုင်ပါပြီ။**
> **သတင်းသမားများ စဉ်းစားဝေဖန်နိုင်ကြပါပြီ။**
> **သတင်းသမားများသာမက သတင်းဖန်တီးသူများ၊**
> **သတင်းစိတ်ဝင်စားသူအများကလည်း**
> **စဉ်းစားဝေဖန်နိုင်ပြီ. . .**
> **ပွင့်လင်းမြင်သာမှု၏ တိုက်စစ်မှူးများဖြစ်ကြသော**
> **သတင်းသမားများ စဉ်းစားဝေဖန်ကြည့်. . .**
> ”

**သတင်းတစ်ပုဒ်၏ အတွင်းသရုပ်**

သတင်းတစ်ပုဒ်၏ အတွင်းသရုပ်ကို ခွဲခြားကြည့်ကြစို့။ သတင်းသည် သတင်းပါပဲ။ သတင်းလား။ အတင်းလား။ သာမန်မျှပင် မြင်နိုင်သည်။ သိနိုင်သည်။ ကိုယ်တိုင်ကိုယ်ကျ မျက်မြင်ကိုယ်တွေ့ မမြင်ရ။ မကြားရသေး၍ မယုံချင်သလိုရှိသူ၊ သံသယဝင်သူများမြေပြင်ဒေသကွင်းဆင်းကြည့်နိုင်ပြီ။ ထို့ထက်ပို၍ သွားကြ၊လာကြ၊ ဝင်ထွက်ကြ၊ မေးကြ၊စုံစမ်းကြ၊ လွတ်လပ်ကြ၊သတင်းထုတ်ပြန်နိုင်ကြသေးသည်။ တစ်ခုပဲရှိသည်။ရိုးသားကြဖို့လိုမည်။

**ဘာကြောင့် ရိုးသားကြဖို့လိုသလဲ**

သတင်းသည် အတင်းမဟုတ်။ ဝါဒဖြန့်ချိမှု မဟုတ်။ မူရင်းအတိုင်း၊ အမှန်အတိုင်း၊ အရှိအတိုင်း၊ အဖြစ်အတိုင်း၊ အပျက်အတိုင်း၊ အဆိုးအတိုင်း၊ အကောင်းအတိုင်း၊ ပကတိအတိုင်း၊ မျက်မြင်အတိုင်း၊ တစ်ဦးတစ်ယောက်၏ အပူးအကပ်မပါ။ လိမ်ညာမှုမရှိ။ သွေးဆောင်မှုကင်းကင်း။ ရှင်းရှင်းလင်းလင်း၊ မှန်မှန်ကန်ကန်၊ မြန်မြန်ဆန်ဆန်မှ သတင်း။ ရိုးသားသည့် သတင်း။ နိုးကြားသည့် သတင်းဖြစ်ရမည်။ ကြောက်၍ ပြောရသောသတင်း မဖြစ်စေရ။လိမ်ညာ၍ ပြောသော သတင်းမဖြစ်စေရ။ထောက်ပံ့ကြေးရ၍ လံကြုတ်ပြောသော သတင်းမဖြစ်စေရ။ အသင်းအဖွဲ့တစ်ခုခု၏ မြူဆွယ်မှုကြောင့်၊ မှိုင်းတိုက်မှုကြောင့် လုပ်ကြံဖန်တီးသော သတင်းမဖြစ်စေရ။ သတင်းမှန်ကို ပြောသူအား မနှောင့်ယှက်ရ။ ဒုက္ခမပေးရ။ လုပ်ကြံသတ်ဖြတ်ခြင်း၊ ခြောင်းမြောင်းပတ်ခတ်ခြင်း အလျှဉ်းမရှိစေရ။ အမှန်ကို အမှား၊အမှားကို အမှန် ပြောင်းပြန်မလုပ်ရ။

**နိုင်ငံတကာကို လိမ်ညာခြင်း**

နိုင်ငံတကာသို့ပင် လိမ်ညာသတင်းလွှင့်ခဲ့ပုံတွေ၊ ပြောမဆုံးပေါင် တောသုံးတောင်ဖြစ်ခဲ့သေးသည်။ ကလေးသူငယ်တစ်ဦးအား တပ်မတော်ဘက်က ကျဉ်စက်ဖြင့်တို့၍ စစ်ဆေးညှဉ်းဆဲပုံ၊ လူတစ်ဦးအား မီးရှို့သတ်ဖြတ်နေပုံ၊ မကြည့်ရက် မမြင်ရက် သွေးစက်ကျသော ဓာတ်ပုံများကို ဖော်ပြပြီး ရခိုင်ပြည်နယ်မှာဖြစ်ခဲ့သယောင်၊ ဟန်ဆောင်ပုံပြ ဒုက္ခပေးခဲ့ကြသေးသည်။ အဖြစ်မှန်ပေါ်ပေါက်တော့မှ ပါးစပ်ပိတ်သွားကြသည်။ လံကြုတ်သတင်းများကား ကြာရှည်မခံ။ အမုန်းတရားများကား လေပူဖောင်းနှင့်အတူ ပေါက်ကွဲပျောက်ကွယ်သွားမည်မှာ အသေအချာ။

**ရှင်းလင်းဖြေကြားသူအသတ်ခံရ**

သတင်းမီဒီယာများ ကျေးရွာသို့ လာရောက်မေးမြန်းစဉ် ရှင်းလင်းဖြေကြားသူအချို့အား လုပ်ကြံသတ်ဖြတ်သည့်သတင်းများ ကြားရ၊ ဖတ်ရသည်။ နောက်တစ်ခေါက်သတင်းမီဒီယာများ ထပ်မံသွားကြဦးမည်ဆိုပါက ရှင်းလင်းဖြေကြားသူ ရှိပါမည်လား။ ကိုယ်သိသမျှ၊ မြင်သမျှ၊ ကြားသမျှ ပြောပြရဲကြပါမည်လား။ ပွင့်လင်းမြင်သာ မရှိကြဘူးလား။

**လူ့အခွင့်အရေး**

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို လေးစားပါ၏။ ကြေညာစာတမ်းပါ အချက်များကိုလည်း တန်ဖိုးထားပါ၏။ လူ့အခွင့်အရေး ချိုးဖောက်မှု မပြုရပါ။ ချိုးဖောက်သူများရှိလျှင်လည်း မည်သူ့ကိုမဆို အရေးယူရန်သာ ဖြစ်သည်။ လူ့အခွင့်အရေးသည်လူတိုင်းအတွက် မွေးရာပါအခွင့်အရေးဖြစ်ပါ၏။ ဂုဏ်ယူ မြတ်နိုးဖွယ်ဖြစ်ပါ၏။

**တရားဥပဒေစိုးမိုးရေး**

လူ့အခွင့်အရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အစဉ်အမြဲတွဲ၍ နေပါ၏။ ခွဲခြား၍ မရနိုင်။ တရားဥပဒေစိုးမိုးရေး ပျက်ပြားလျှင် လူ့အခွင့်အရေး ဆုံးရှုံးနိုင်သည်ကိုမူ သတိမူသင့်ပါ၏။လူအများ၏ လွတ်လပ်မှု၊ လူအများ၏ အခွင့်အရေးကို မည်သို့ကာကွယ်စောင့်ရှောက်မည်လဲ။ တရားဥပဒေစိုးမိုးရေးဖြင့်သာ စောင့်ရှောက်ရပါမည်။ တရားဥပဒေ ဖောက်ဖျက်ကျူးလွန်လျှင် လူ့အခွင့်အရေးရနိုင်ပါမည်လော။ ကွဲကွဲပြားပြား၊ ထင်ထင်ရှားရှား၊ ပိုင်းခြားသိနားလည်ကြရမည်ဖြစ်ပါ၏။

**စဉ်းစား**

"စဉ်းစားခြင်း"၏ အဓိပ္ပာယ်ကို "မြန်မာအဘိဓာန်" တွင် စိတ်ကူးသည်၊ ဆင်ခြင်သည်၊တွေးတောသည်ဟု အဓိပ္ပာယ်ဖွင့်ပါ၏။ လောက၊ဓမ္မ၊ ရာဇသုံးပါး အကြောင်းများနှင့်စဉ်းစားတိုင်ပင် အကျိုးဝင်ကြောင်း ဖော်ပြထားပါ၏။ လေးနက်စွာ စိတ်ကူးခြင်း၊ လေးနက်စွာ တွေးတောခြင်း၊ ငြိမ်သက်စွာ စဉ်းစားခြင်းဟူ၍လည်း ဖွင့်ဆိုပါ၏။

**ဝေဖန်**

"ဝေဖန်ခြင်း"သည် အကောင်းအဆိုးကို သုံးသပ်စိစစ်သည်။ အကောင်းအဆိုးကို ခွဲခြားညွှန်ပြပြောဆိုသည်။ စိတ်ဖြာခွဲဝေသည်။ ဝေဖန်သည်။ သုံးသပ်သည်ဟူ၍ "မြန်မာအဘိဓာန်"တွင် ဖွင့်ဆိုထားပြန်ပါ၏။

**ဤသို့ဆိုလျှင်**

သတင်းတစ်ပုဒ်၏ အတွင်းသရုပ်ကို ဝေဖန်နိုင်ပါပြီ။ သုံးသပ်နိုင်ပါပြီ။ စဉ်းစားနိုင်ပါပြီ။သတင်းသမားများ စဉ်းစားဝေဖန်နိုင်ကြပါပြီ။ သတင်းသမားများသာမက သတင်းဖန်တီးသူများ၊ သတင်းစိတ်ဝင်စားသူ အများကလည်းစဉ်းစားဝေဖန်နိုင်ပြီဟု မျှော်လင့်ယုံကြည်မိပါသည်။

**တရားဥပဒေစိုးမိုးရေးကို ကျော်လွန်၍**

နိုင်ငံတိုင်းတွင် ဥပဒေစိုးမိုးရေးသည် အဓိကကျပါ၏။ တရားဥပဒေကို ကျော်လွန်၍ ထူးထူးကဲကဲ အခွင့်အရေးမျိုးကား ယူရန်မသင့်။ ရရန်မသင့်။ ပွင့်လင်းမြင်သာမှု၏ တိုက်စစ်မှူးများ ဖြစ်ကြသော သတင်းသမားများ စဉ်းစားဝေဖန်ကြည့်ခြင်းဖြစ်ပါကြောင်း။ ။

---

## မြစိမ်းရောင်ရန်ပုံငွေ တတိယအကြိမ်ပြန်လည်ထုတ်ချေးမှုပြုလုပ်ပေး

**ရမ်းဗြဲ မေ ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် မြစိမ်းရောင်စီမံကိန်း ကျေးရွာနှစ်ရွာတွင် နှစ်နှစ်ပြည့်ပြီးဖြစ်၍ အတိုးအရင်းငွေများကို တတိယအကြိမ်ပြန်လည်ထုတ်ချေးပေးနိုင်ရန် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ထွန်းနှင့် ဝန်ထမ်းများက အဆိုပါကျေးရွာနှစ်ရွာသို့ မေ ၉ ရက် နံနက်ပိုင်းက ကွင်းဆင်းသွားရောက်ပြီး မြစိမ်းရောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ အဆိုပါ အတိုးအရင်းငွေ ရရှိထားမှုနှင့် ဆက်စပ်၍ ရွာသူ ရွာသားများနှင့်တွေ့ဆုံပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းလိုအပ်ချက်များပြောကြား၍ ကျေးရွာနှစ်ရွာတွင် စုစုပေါင်း လူဦးရေ ၂၆၂ ဦးအတွက် တတိယအကြိမ်ချေးငွေကျပ် ၆၃ ဒသမ ၆ သန်းကို ပြန်လည် ထုတ်ချေးပေးနိုင်ခဲ့ကြောင်း သိရသည်။

(၅၂၂)

## ဖြူးမြို့မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်ကာကွယ်ရေးဆောင်ရွက်

**ဖြူး မေ ၁၀**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် မီးသတ်ဦးစီးဌာနမှ မြို့နယ်မီးသတ်ဦးစီး ဦးသက်ဝင်း နှင့် သန္တေတပ်ဖွဲ့ဝင်များသည် နွေရာသီပူပြင်းခြောက်သွေ့သောကာလတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောက်ရွက်လျက်ရှိကြသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ညစဉ်ဆိုင်ကယ်နှစ်စီးဖြင့် မြို့ပေါ်ရပ်ကွက်(၁၁) ရပ်ကွက်အတွင်းသို့ လှည့်လည် သတိပေးဆောင်ရွက်ခြင်း၊ စနေနေ့ညတိုင်း မီးသတ်ယာဉ်ဖြင့် လိုက်လံသတိပေးခြင်း၊ မြို့ပေါ်ရပ်ကွက်များရှိ မီးသတ်ရေကန်(၂၃) ကန်တို့ကို ရေများမပြတ်လပ်အောင် ဖြည့်ဆည်းခြင်းနှင့် လူစည်ကားရာနေရာများတွင် မီးသတိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဖြူးမြင့်ဦး)

# စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာကျေးဇူးတင်လွှာ

မန္တလေးမြို့နေ ဦးသက်နိုင်-ဒေါ်စိုးစိုးမြင့်(Nay Pyi Taw Jade & Jewellery)တို့၏သား

**မောင်သူရနိုင် @ Yummy**
**B.Sc(Zoology), Artist (Mandalay FM)**

နှင့်

ရန်ကုန်မြို့နေ ဦးတင်အေး Chairman (Tet Khit International Company Limited)-ဒေါ်သန်းငွေးတို့၏ တစ်ဦးတည်းသောသမီး

**မသဲပိုပိုအေး @ Po Po**
**B.Sc (Physics), Programmer & Announcer (Mandalay FM)**
**Managing Director, (Tet Khit International Company Limited)**

တို့၏ ၃၁-၃-၂၀၁၇ရက်(သောကြာနေ့)တွင် Sedona Hotel (Mandalay) ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြား မင်္ဂလာအခမ်းအနားတွင် စုလျားရစ်ပတ်ပေးပါသော မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း၊ မန္တလေးတိုင်းဒေသကြီး၊ သာသနာနုဂ္ဂဟအသင်း ဥက္ကဋ္ဌ၊ အောင်ကောင်းကျော်ကုမ္ပဏီများအုပ်စုဉက္ကဋ္ဌ သဒ္ဓမ္မဇောတိကဓဇ ဦးကျော်ဝေနှင့်ဇနီး သုဓမ္မသိင်္ဂီ၊ သီဟသုဓမ္မသိင်္ဂီ၊ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဒေါ်ဆွေသဇင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်တို့အား ဆင်မြန်းချီးမြှင့်ပေးပါသော Alpine ကုမ္ပဏီဒါရိုက်တာနှင့် မြစန်းသော်တာရောင်းဝယ်ရေးလုပ်ငန်းစု၊ ဂရိတ်ဦးမြဝင်းနှင့်ဇနီး ဂရိတ်ဒေါ်ခင်စန်းဝင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသန်းမြတ်စိုး၊ မင်္ဂလာအခါတော်တေးသီဆိုပေးပါသော အန်တီနှင်းရည်သန့်၊ မင်္ဂလာတေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေပေးပါသော မြို့မနှင့်အဖွဲ့၊ မင်္ဂလာလမ်းပြပေးကြပါသော အဂ္ဂမာန်နှင့် လင်းလဲ့ဦး၊ မင်္ဂလာပန်းကြဲပေးကြပါသော အေးသီရိကိုကိုနှင့် ချစ်ခွန်းချို၊ မင်္ဂလာအောင်စံပယ်ပန်းကုံး နှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော ခင်သော်တာမိုး၊ မင်္ဂလာသတို့သားအရံ ကျော်ဇင်ကိုကိုနှင့် ချမ်းမြေ့ကိုကို၊ မင်္ဂလာသတို့သမီးအရံ မို့ကေရှင်နှင့် အိအိမွန်၊ မင်္ဂလာဝတ်စုံ အလှဖန်တီးပေးသူ Designer Joker နှင့် Designer Yone Yone၊ မင်္ဂလာလက်ဝတ်ရတနာများအား မေတ္တာဖြင့် ဆင်မြန်းပေးပါသော SHINING STAR Gems & Jewellery (Mandalay)၊ မင်္ဂလာပန်းအလှများ မွမ်းမံပြင်ဆင်ပေးပါသော မာမီကျော်နှင့်အဖွဲ့၊ Dinner-S & S Wedding Flower၊ မိတ်ကပ်နှင့် ဆံပင်အလှဆင်ပေးပါသော ဂျိုးဂျိုးနှင့်အဖွဲ့၊ ဓာတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းတင်ပေးပါသော Forever Wedding Studio(Mandalay)နှင့် Dinnerလမင်းနိုင်နှင့်အဖွဲ့၊ Lighting အလှဆင် ဇာနည် Electric၊ မင်္ဂလာဖိတ်စာ ပုံနှိပ်ပေးပါသော ယမင်းအော့စ်၊ Pre Wedding ရိုက်ကူးပေးပါသော ကောင်းမြတ်ဦးနှင့်အဖွဲ့၊ ကိုဝဏ္ဏ၊ ကိုအောင်ကျော်သူ၊ မင်္ဂလာပွဲသို့လူကိုယ်တိုင် မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များပေးပို့ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများအား လည်းကောင်း၊ Sedona Hotel မှ မန်နေဂျာနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ၂၉-၃-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့)တွင် မန္တလေးမြို့နေအိမ်၌ ကျင်းပပြုလုပ်သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲ၌ မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော တရားရုံးချုပ်ရှေ့နေဒေါ်မာမာအေး၊ မင်္ဂလာအသိသက်သေများဖြစ်ကြသော ဒေါ်ခင်ခင်ဦးနှင့် ဒေါ်သိင်္ဂီမြမြထွေး၊ မန္တလေးမြို့ မဟာဝိဇိတာရာမကျောင်းတိုက်ဝင်းမှန်ကျောင်း သာသနာပြုကျောင်းတိုက်၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးအလှူသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ၂-၄-၂၀၁၇ရက်(တနင်္ဂနွေနေ့)တွင် Chatrium Hotel(Yangon)၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဦးနိုင်လင်းအောင်နှင့် ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ညီညာအောင်၊ Chatrium Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲအစမှအဆုံးထိ အစစအရာရာ အဆင်ပြေချောမွေ့အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြပါသော နှစ်ဖက်မိဘ ဆွေမျိုးမိတ်သင်္ဂဟအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိ ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့် မောင်သူရနိုင်-မသဲပိုပိုအေး**

## မင်းကွန်းတိပိဋကကျောင်းတော်သို့ ဆွမ်းပဒေသာပင် လှူဒါန်းခြင်း



ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့နေ ဒေါ်လှအေးက ရန်ကုန်မြို့၊ အမှတ်(၁၂) စကားဝါလမ်းရှိ မင်းကွန်းတိပိဋက ကျောင်းတော်သို့ ဆွမ်းပဒေသာပင် အလှူငွေကျပ်(၁၀)သိန်း လှူဒါန်းရာ ၎င်း၏ကိုယ်စား၊ သားဗိုလ်မှူး ဘိုးသန်း(ငြိမ်း)က ပေးအပ်လှူဒါန်းပြီး အုပ်ချုပ်ရေးမှူး ဦးသိန်းလှိုင်က လက်ခံရယူခြင်းအတွက် သာဓုခေါ်ဆိုအပ်ပါသည်။

မင်းယုဝေ စီစဉ်သည်
မေလထုတ်
မင်္ဂလာမောင်မယ် ရုပ်စုံ
မင်္ဂလာရောင်ခြည်စာပေ၊ အမှတ်-၂၆၆၊
လမ်း-၄၀(အထက်)၊ ရန်ကုန်။ ဖုန်း-၀၉ ၂၆၁၁၈၈၃၅၁ ထွက်ပြီ

### လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
### ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
### တင်ဒါအမှတ်၊ ၀၂/ရအ(ပဖတ)/သယ်ပို့(တင်ဒါ)/၂၀၁၇-၂၀၁၈

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများအတွက် တည်ဆောက်ရေးလုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၀-၄-၂၀၁၇ရက် ၉:၀၀နာရီ
တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် - ၂၇-၄-၂၀၁၇ရက် ၁၂:၀၀နာရီ

၃။အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၈၁၀၄၁၈၉၊ ၈၁၀၄၁၉၀၊ ၈၁၀၄၁၉၁**



# နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရာတွင် ခရီးသွားလုပ်ငန်းသည် အကောင်းဆုံးဖြစ် လယ်ယာကဏ္ဍကိုအခြေခံသည့် စိုက်ပျိုးရေးနှင့် SMEs လုပ်ငန်းများ ချိတ်ဆက်မိရန်လို

**နေပြည်တော် မေ ၁၀**

လုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် လွယ်ကူလျင်မြန်ချောမွေ့စေရန်နှင့် လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် ဌာနအသီးသီးမှ ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်များဖြင့် မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပဥ္စမအကြိမ် ပုံမှန်တွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ၌ ကျင်းပရာ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေက ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်မှာ ယခုဆိုလျှင် ပဥ္စမအကြိမ် ရှိပြီဖြစ်ပါကြောင်း၊ ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပထမအကြိမ်၌ ဆုံးဖြတ်ချက် ၂၇ ချက်၊ ဒုတိယအကြိမ်၌ ဆုံးဖြတ်ချက် ၁၁ ချက်၊ တတိယအကြိမ်၌ ဆုံးဖြတ်ချက် ၁၆ ချက်နှင့် စတုတ္ထအကြိမ်၌ ဆုံးဖြတ်ချက် ၁၁ ချက် စုစုပေါင်း ၆၅ ချက်ကို ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါဆုံးဖြတ်ချက် ၆၅ ချက်အနက် ၅၄ ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များနှင့် လုပ်ငန်းကော်မတီများက ဆက်လက်ပေါင်းစပ်ညှိနှိုင်း **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❋



မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များနှင့် ပဥ္စမအကြိမ် ပုံမှန်တွေ့ဆုံပွဲ၌ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလ ပြုပြင်ဆောင်ရွက်ခဲ့မှု သတင်းစာရှင်းလင်းပွဲကျင်းပ



**နေပြည်တော် မေ ၁၀**

နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြုပြင်ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ဓါတ်ပုံ)**

သတင်းစာရှင်းလင်းပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစာရှင်းလင်းပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ကလေးသူငယ်များနှင့် ပတ်သက်သည့်အမှုများ ယခုအခါ ပိုမိုတွေ့လာရပါကြောင်း၊ သက်ငယ်မုဒိမ်းမှု စသည်ဖြင့် အမှုပေါင်းစုံတွေ့လာရသည့်အတွက် ကလေးသူငယ်အခွင့်အရေးဥပဒေကို မိမိတို့ရေးဆွဲလျက်ရှိပါကြောင်း၊ အတည်ပြုရန်သာ ကျန်ရှိပါကြောင်း။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ○

# အာရှဖလား အမျိုးသမီး ခြေစစ်ပွဲအောင်ရန် မြန်မာနှင့် ဗီယက်နမ် ယနေ့ အဆုံးအဖြတ်ကစားမည်




**ဗီယက်နမ် မေ ၁၀**

ဗီယက်နမ်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် အာရှဖလား အမျိုးသမီးခြေစစ်ပွဲ အုပ်စု(ယ) နောက်ဆုံးနေ့ကို မေ ၁၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲအောင်မြင်ရန် မြန်မာနှင့် အိမ်ရှင် ဗီယက်နမ်တို့ အဆုံးအဖြတ် ကစားရမည်ဖြစ်သည်။

မေ ၉ ရက်ပွဲစဉ်များအပြီးတွင် မြန်မာနှင့် အိမ်ရှင် ဗီယက်နမ်အသင်းတို့ သုံးပွဲစလုံး အနိုင်ရကာ ကိုးမှတ်စီဖြင့် ခြေစစ်ပွဲအောင်မြင်ရန် အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။ ထို့ကြောင့် ယနေ့ မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည့် မြန်မာနှင့်ဗီယက်နမ်တို့ပွဲမှာ အရေးပါလာခဲ့ပြီး ဂိုးကွာခြားချက်တွင် ဗီယက်နမ်က အသာရထားသောကြောင့် မြန်မာအသင်းအနေဖြင့် အနိုင်ကစားမှသာ ခြေစစ်ပွဲအောင်မြင်မည် ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲစဉ်များတွင် အီရန်ကို နှစ်ဂိုး-ဂိုးမရှိ၊ ဆီးရီးယားကို ၁၄ ဂိုး-ဂိုးမရှိ၊ **စာမျက်နှာ ၅ ကော်လံ ၆ သို့** ❖

